
ပီးလပြည့်စာပေ
အချစ်သီးသန့်လုံးချင်းဝတ္ထုသစ်
ခင်ခင်မြတ်နိုး
ချိုသောမေ့အချစ်
hic : mg kyaw oo

# ခင်ခင်မြတ်နိုး

ချိုသော မေ့အချစ်

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ စီ-၄၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ - 095163764

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၆၁၀၄၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၅၆၀၇၀၈

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးဇော်မင်းအေး (မြဲ-၀၇၁၂၅)
ဇော်ပုံနှိပ်တိုက်၊ (၃၈၆)၊ အင်ကြင်းမြိုင်လမ်း၊
(၂၃)ရပ်ကွက်၊ သဃ်ၤန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊
အောက်တိုဘာလ

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ စီ-၄၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
095163764




ချစ်သူကို
တားဆီးတဲ့ဆူးများကြားက
ခြားနားတဲ့အချစ်များစွာဖြင့်
ရင်ခုန်မျှော်လင့်နေမဲ့
ပျားရည်အချစ်များ

**နေခြည်သိမ့်**

အချစ်ချိုချိုများ
မြည်းစမ်းကြည့်မိသည့်အခါ
ခါးသည်ဟုထင်မှတ်မိသည်။
အချစ်ခါးခါးများကို
နွဲယူပွေ့ဖက်မိသောအခါ
ထင်ယောင်ထင်မှား
ချိုခဲ့သည့်ကိုယ့်အဖြစ်ကို
ခင်းရဲ့ချိုသောအချစ်များ ပြန်လည်တိုက်ကျွေးလှည့်ပါ



**မင်းခန့်**

## အခန်း (၁)

ကျွန်မရဲ့ဘဝကို ကျွန်မ ကျေနပ်အားရနေမိပါ၏။ မောင်နဲ့ ပတ်သတ်လို့ပေါ့။

ငယ်စဉ်ကလေးဘဝကတည်းက တိတ်တခိုး တွယ်တာမိခဲ့တဲ့ မောင့်အား အရွယ်ရောက်တော့ နှစ်ဖက်မိဘများက မောင်ဆိုတဲ့ 'မင်းခန့်'နဲ့ ကျွန်မဆိုတဲ့ 'နေခြည်သိမ့်'ကို သဘောတူထားခဲ့ကြသည်လေ။

ဖိုးလပြည့်စာပေ

ကျွန်မလောက်ဝမ်းသာတဲ့သူ ရှိဦးမတဲ့လားကွယ် ... ငယ်စဉ်ကတည်းကပင် မောင့်အကြည့်၊ မောင့်အပြုံး၊ မောင့်အသံ၊ အို မောင့်လှုပ်ရှားမှုမှန်သမျှကို တိတ်တခိုးနဲ့ စွဲစွဲလန်းလန်းဖြစ်ခဲ့ပြီး အရွယ်ရောက်လာပြန်တော့လည်း မောင့်အား ကျွန်မဘက်က မြတ်မြတ်နိုးနိုးနဲ့ချစ်လို့နေခဲ့မိတာပါ။

ကျွန်မဘဝကို အပျော်ဆုံးဖြစ်စေသောနေ့ဟု ဆိုရမည်။

တစ်နေ့ . . .

နံနက်ကော်ဖီဝိုင်းကို သူမရောက်သွားမှ မေမေက

'သမီး မပြောမပြီး၊ မတိုးမပြည်ဆိုတာလို သမီးကို မေမေတို့ ပြောစရာရှိလို့'

'ရှင် ဘာများလဲ မေမေရဲ့'

နေခြည် မေမေ့စကားအသွားအလာက ဆန်းနေတာမို့ တအံ့တသြပြန်မေးလိုက်တော့ ငြိမ်နေသော ဖေဖေက





'ကေသီကလည်းကွာ မင်းစကားက နိဒါန်းတွေ၊ စာကိုယ်တွေ၊ နိဂုံးတွေနဲ့၊ ငါ့သမီးနားမရှင်းဘဲဖြစ်နေပါ့မယ်'

'ဒီနေ့ဒီခေတ်က သိပ္ပံဒုံးပျံခေတ်ကွ၊ ပွင့်ပွင့်လင်းလင်း ရှုးရှုးဒိုင်းဒိုင်းပေါ့'

ဒေါ်ကေသီ မျက်နှာမဲ့သွား၍လျှက်က...

'အိုတော် ကျုပ်တို့မွေးထားတာ သမီးရှင့် သမီး၊ ညင်ညင်သာသာပျော့ပျော့ပြောင်းပြောင်း သိမ်းသွင်းရမှာ၊ ဗြုန်းဒိုင်းဆိုပြောလို့ရမလား'

ဘာတွေလဲ၊ ဖေဖေကောမေမေပါ ဘာတွေပြောနေကြတာလဲ၊ နေခြည်သိမ့် စဉ်းစားခန့်မှန်းလို့မရ။

ဒါကြောင့်လည်း သောက်လက်စ နံနက်ခင်းကော်ဖီတစ်ခွက်ကို ဆက်မသောက်ဖြစ်တော့ဘဲ ဖေဖေနဲ့မေမေ့ကိုသာ တစ်လှည့်ဆီအကဲခတ်နေလိုက်တော့၏။

ဒါကို မေမေကလည်း သဘောပေါက်သည့်နှယ်

ကြည့်ရင်း . . .

'ဒီလိုသမီးရေ မေမေပြောချင်တာက သမီးကို မေမေ

တို့က မိဘတွေရဲ့ဝတ္တရားရှိတဲ့အတိုင်း သမီးကညာအခါမ

လင့်စေနှင့် ဆိုစကားလို သမီးလှသွေးကြွယ်နေတဲ့အချိန်မှာ

သင့်တော်မယ်ထင်တဲ့သူနဲ့ နေရာချထားပေးချင်တယ် သမီး'

'ရှင် မေမေ'

နေခြည်သိမ့် မျက်ဝန်းလေးများ ဝိုင်းသည်အထိအံ့

သြသွားမိတာပါ။

ဖေဖေကတော့ မေမေ့အစီအစဉ်ကို သိထားပြီးသူပီပီ

နေခြည့်ကိုသာ အကဲခတ်နေလေသည်။

မေမေက သူ့စကားကိုဆက်သည်။

'ဟုတ်တယ် သမီး၊ မေမေတို့သက်ရှိထင်ရှားရှိနေတဲ့

အချိန်မှာ သမီးဘဝပြည့်ပြည့်စုံစုံနဲ့ တင့်တယ်နေတာကိုမြင်





ချင်လို့ပဲ'

'ဒါကြောင့် မေမေနဲ့စီးပွားဘက်လဲဟုတ်၊ သူငယ်

ချင်းလည်းဖြစ်တဲ့ ငြိမ်းခင်ရဲ့သား မောင်မင်းခန့်နဲ့နေရာချ

ထားပေးမလို့သမီး'

'ရှင်'

'မိဘကလည်းချမ်းသာတယ်၊ မင်းခန့်ဆိုလဲ သမီးအ

နေနဲ့ စိမ်းကြတာမဟုတ်ဘူး၊ ဒီတော့ မေမေတို့စီစဉ်တာကို

သမီးဘယ်လိုသဘောရလဲ'

မေမေပြောသမျှ အံ့သြလွန်းမိတာကြောင့် သူမ တစ်

ရှင်ထဲရှင်နေမိတော့တာပါ။

စိတ်နဲ့ အသိက အံ့သြသလို ရင်ထဲကတော့ နှလုံးခုန်

သံတွေက တလှုပ်လှုပ်၊ ဝုန်းဒိုင်းကြဲနေသလား အောက်မေ့

ရပါသည်။

အံ့သြမှုနှင့် နှုတ်ဖျားများဆွံ့အနေမိတာကို မေမေ

ဘယ်လိုထင်သွားသည်မသိ။

ဒီမယ်သမီး မိဘကကောင်းစေချင်လို့ စီစဉ်တာနော်၊ မိဘတွေအရှက်တကွဲဖြစ်အောင်တော့ မလုပ်လေနဲ့၊ မေမေက တစ်လမ်းမောင်းပဲ၊ တစ်ခါတည်းအမွှေပြတ်ကို ကြေငြာမှာ'

မေမေ့အမိန့်က ပြင်းထန်သလိုပြတ်သားလွန်းလှ၏။ စီးပွားရေးသမားပီပီ အစွမ်းကုန်ပင် ထက်မြတ်ပြတ်သားနေသလားမဆိုသာ။

ဒါကို တရားသမား ဖေဖေက နေခြည်သိမ့်ဘက်က ဝင်ပြီးစာနာကာ . . .

'မင်းကလည်းကွာ၊ ကိုယ်ဖြစ်ချင်တာကိုပဲ စွတ်ပြောနေတော့တာကိုး၊ ငါ့သမီးက တက္ကသိုလ်ကျောင်းသူဖြစ်ပြီးလို့ ဘွဲ့တစ်ခုတောင်ယူထားပြီးပြီကွ၊ သူ့မှာရည်ရွယ်ထားသူတွေ၊ ဘာတွေရှိလား မရှိလား မေးမြန်းပါဦးလား'





ဖေဖေ့စကားက သဘာဝကျကျရှိနေပေမယ့် မေမေ့မျော ချက်ချင်းပဲ ဒေါသပုန်ထသွားပါ၏။

'အိုတော် ဒါတွေမလိုချင်ဘူး၊ ရှိထားလဲ မေ့ပစ်လိုက်၊ မြင်ထားလဲပြင်ပစ်လိုက်၊ သမီး မေမေ့အကြောင်း သမီးသိတယ်နော်'

'ဟုတ် မေမေ၊ သမီး သိ. . .သိပါတယ်'

မေမေဟာ သူဖြစ်ချင်တာ ဖြစ်လိုက်ရမှကျေနပ်သူသေး။ သမီးတစ်ယောက်အနေနဲ့ မသိဘဲနေပါ့မလား"

'အေး. . .သိရင် သမီး မောင်မင်းခန့်ကို လက်ထပ်ရမယ်၊ ကြားလား သမီး'

'ဟုတ်. . .ဟုတ်ကဲ့ မေမေ'

ကော်ဖီလည်းသောက်ပြီးပြီမို့ မေမေ့စကားကို ဟုတ်ကဲ့လိုက်ပြီး ထွက်လာခဲ့ရပေမယ့်လို့ သူမရင်ထဲမှာတော့ အတိုင်းမသိ ဝမ်းသာနေမိသဖြင့် နင်းလျှောက်နေ

သော ပါကေးကြမ်းပြင်နှင့် သူမခြေထောက်များ ထိရုံလောက်သာ
တောင် ထင်မိသည်။ ဝမ်းမသာရော ရှိပါ့မလားလေ။

မင်းခန့်ဆိုတာ သူမနှလုံးသားရင်ခုန်လှုပ်ရှားပြီဆိုကတည်းက အချိန်ပြည့်လွှမ်းမိုးနေခဲ့သူပဲ မဟုတ်လား။

ငယ်ငယ်တုန်းက သူငယ်ချင်းလို၊ အရွယ်ရောက်လာတော့ ချစ်သူတစ်ယောက်လို ချစ်ခဲ့မိတာပါ။

ဒါပေမယ့် သူမအချစ်က မိန်းကလေးဖြစ်နေလို့ ပွင့်လင်းမှု မရှိခဲ့တာပဲဖြစ်သည်။

အချစ်ဆိုတာ မိန်းကလေးကစချစ်ရတာမျိုးဆိုပါက တစ်မျိုးဖြစ်စရာကြီးလေ။

ဒါကြောင့်မို့ သူမ ချစ်မိသူမျှတို့ကို ရင်ထဲမှာသာ ကျိတ်ပြီး မျိုသိပ်နေခဲ့ရတာ မဟုတ်လား။

ခုတော့ မေမေ့အစီအစဉ်သည် သူမအတွက်တော့ ရေငတ်တုန်း ရေတွင်းထဲကျသူတစ်ယောက်လို ဖြစ်နေခဲ့ပါပြီ





ကော။'

မိဘတွေရှေ့မှာမို့ ဟန်ဆောင်ကာနေခဲ့ရပေမယ့် သူမ အခန်းဆီသို့ရောက်သောအခါ ကုတင်ထက်တွင် လှည့်ရင်းမှ ဖက်ခေါင်းအုံးလေးအား မင်းခန့်ပမာထားကာ အားရပါးရ ဖက်တွယ်လို့ထားမိပါတော့၏။

မောင့်အပေါ်မှာ အဲဒီလောက်အထိတောင် သိမ့်ဟာ ကျိတ်ပိုးအဖြစ်မျိုးနဲ့ တွယ်တာခဲ့ရတာပါမောင်။ မောင်ဆိုတဲ့ စကားလုံးဟာ သိမ့်ဘာသာ မောင့်အပေါ်မှာ တင်စားညွှန်းခဲ့ပြီးပေးထားတဲ့ နာမ်စားလေးပါမောင်။

မောင်ကတော့ဖြင့် အရိပ်အမြွက်မျှတောင် သိမယ်မထင်ပါဘူးလေ။

ဒါပေမယ့် ကိစ္စမရှိပါဘူး မောင်၊ မောင့်ကိုတိတ်တိတ်ကလေးကျိတ်ပြီး တွယ်တာမြတ်နိုးနေရရင်ပဲ သိမ့်ကတော့ ကျေနပ်နေမှာပါ။

တကယ်ဆို မောင်ဟာ သိမ့်ရဲ့ ရင်ထဲမှာမှ လူမသိသူမသိ သာနေတဲ့လမင်းလေးတစ်စင်းပါပဲကွယ်။ ခု မေမေတို့ပြောသလိုသာဆို သိမ့်ဟာ မကြာခင်မှာ တိတ်တခိုးမြတ်နိုးနေမိရာကတစ်ဆင့် အတိအလင်းပိုင်ဆိုင်မြတ်နိုးခွင့်နဲ့ ချစ်ခွင့်၊ ကြင်နာခွင့်ပါ ရတော့မှာလေ။

'သိမ့် သိပ်ပျော်တာပေါ့မောင်ရယ်'

မင်းခန့်ဆိုတဲ့ ကျွန်တော့်ရဲ့စိတ်ကူးက အရွယ်ရောက်လို့ အတောင်အလက်တွေစုံလာချိန်မှာ သံယောဇဉ်နဲ့ ယှဉ်တွဲနေတဲ့ အချစ်စိတ်ဝင်စားလာတတ်တာက လူတို့ရဲ့သဘာဝမှာ ဆန်းကြယ်မှုအရာတစ်ခု မဟုတ်တာတော့ တကယ့်ကိုအသေအချာပါလို့ မင်းခန့် ယုံကြည်ထားသည်။

ဒါပေမယ့် လူတွေရဲ့အချစ်ဆိုတာကို စိတ်ဝင်စားပုံချင်းကျပြန်တော့ တူညီမှုမရှိကြချေ။





အဲဒီလိုပါပဲ တူညီတဲ့အချက်တစ်ခုစီလဲ ရှိကြပြန်သည်။

အဲဒါက ကိုယ့်ချစ်သူကို ကိုယ့်အနားအနီးမှာ ရှိစေချင်ကြသည်ဆိုသော အချက်ပဲဖြစ်၏။

ကိုယ့်ချစ်သူဟာ အပြစ်ပြောစရာမရှိအောင် လှပနေပြီး လူတိုင်းနှစ်ခါ၊ ဒါမှမဟုတ် သုံးခါပြန်လှည့်လို့ ငေးကြည့်နေပြီဆိုပါတော့ အဲဒီလိုဆို ကိုယ့်ချစ်သူအတွက် ဂုဏ်ယူချင်တာဟာ မင်းခန့်တို့လို ပုရိသယောကျ်ားတွေအတွက် အင်မတန်မှ ဂုဏ်ယူချင်စရာ တစ်ခုပါပဲလေ။

အဲဒီလို မိန်းမချောချောလေးတွဲလာတဲ့ လူက မျက်နှာမော့လို့ ရင်ကော့ကာဒီလိုကြွား၏။

'ဟော့ ငါကွနော် မင်းတို့ရော ငါ့လို မဒီချောလေးနဲ့ တွဲနိုင်လို့လား'

ဟာသတော့မဟုတ်၊ လူတိုင်းကြွားချင်ကြမှာပါ။

မလိုသူတွေကျတော့ နံဘေးကငုတ်တုတ်ထိုင်ကြည့်လျှက် သူများအတွဲတွေကိုမြင်ရင် ဒီလိုဝေဖန်သွားကြပြန်သည်။

'တောက် ကျီးကန်းက ဘဲဥဖြူဖြူမှ ရွေးပြီးချီလာရတယ်လို့ကွာ'

ဒါလည်းမရှား။ ပြီးတော့ . . .

'အလိုလေးလေး ဒီကောင့်ရုပ်နှယ် အမဲရိုး ဟင်းအိုးမှ အားမနာလျှာမကျိုးကွာ၊ ဒီလိုမဒီလေးက ငါ့လိုကောင်နဲ့တွဲမှကွ'

'အဟီး ဟီး'

ဤသို့ မစားရဝခမန်းလဲ ဝေဖန်ကြပြန်သည်လေ။

သို့ပါသော် . . .

မိန်းကလေး ယောကျ်ားလေးမဆိုသာ အချစ်ကိုတော့ အရွယ်ရောက်ပါက ရှာဖွေကြသူချည်းပင်။ အပျိုကြီးလူပျိုကြီးများလည်း အချစ်ရှာချင်ရှာကြမည်။ (ချွင်းချက်) မရှာသူ





အပျိုကြီး လူပျိုကြီးလည်း ရှိသည်ပေါ့။

ဒါပေမယ့်လို့ အချစ်ရှာပုံတော်ဖွင့်ကြပုံချင်းမှာတော့ တစ်ယောက်နဲ့တစ်ယောက် ကွဲကွာမတူညီမှုတွေ ရှိနေတတ်သည်။

ဟုတ်၏။ လုံးဝကိုမတူညီကြ။

အဓိကအချက်မှာ ချစ်သူကိုဘယ်မှာရှာကြလေသလဲ။

ရပါ၏။ မိုးကောင်းကင်အောက် ဘယ်နေရာမှာမဆို ချစ်သူကိုတွေ့နိုင်ကြပါသည်။ အိမ်မှာ၊ ကျောင်းမှာ၊ အလုပ်မှာ စက်ရုံမှာ၊ ကုမ္ပဏီမှာ၊ ဈေးမှာ၊ ပန်းခြံမှာ၊ ရပ်ကွက်ထဲမှာ ရွာထဲမှာ စသည်ဖြင့် တစ်နေရာရာမှာတော့ ကိုယ်ကချစ်ရသူ ဒါမှမဟုတ် ကိုယ့်ကိုပဲချစ်နေသူ အဲသလိုနဲ့တစ်ယောက်တော့ရှိနေမှာ အမှန်ဖြစ်သည်။

အဲဒီလို အချစ်ကိုရှာဖွေကာ နှလုံးသားမြို့တော်ကို တည်ဆောက်ခဲ့ကြတဲ့ အချစ်ဒီဇိုင်နာ ပညာရှင်ထဲမှာတော့

မင်းခန့်တစ်ယောက်ပါဝင်မှု မရှိခဲ့ချေ။

မင်းခန့် ကိုယ်တိုင်က ကံခေတာလား။

ချစ်မယ့်သူတွေကပဲ မျက်စိမှောက်ပြီး မမြင်ခဲ့ကြတာလားမသိ။ အချစ်နဲ့ပါတ်သက်လို့ မူးလို့ပင်ရှူစရာ မရှိသူမင်းခန့်ပါ။

ဘွဲ့ရပညာတတ်ဖြစ် အရွယ်ရောက်လို့မှ အများတကာလို အချစ်ကို တက်ကုန်ဖွင့်လို့ အားအင်နဲ့ရှာမယ်ကြတုန်း မိဘများက မင်းခန့်အတွက် ပုံစံခွက်နဲ့အချစ်တစ်ခုကို မမျှော်လင့်ပဲပေးအပ်လာခဲ့၏။

မမျှော်လင့်ဘဲ တစ်နေ့မှာတော့ . . .

ကုမ္ပဏီရုံးသို့ သွားတော့မယ့်သူ့အား ညှော်ခန်းမှာ နံနက်စာအချိုတည်းရင်း စကားပြောနေသော ဖေဖေနဲ့ မေမေက အပြုံးနှင့်လှမ်းခေါ်၏။

'ဟော့ သား လာပါဦးကွ'





'ဗျာ ဖေဖေ ဘာပြောမလို့လဲ၊ သားအလုပ်သွားတော့မလို့'

'အေး ငါ့သားလဲ အလုပ်နဲ့အိမ်၊ အိမ်နဲ့အလုပ် ဒါပဲ အကပ်နေတော့တာကိုး၊ သဇင်ရေ သူ့ဘဝလေးပုံစံပြောင်းသွားအောင် မင်းစီစဉ်တာ ကိုကိုတော့ သဘောကျတယ်ဟေ့'

မိဘများနှင့် မျက်နှာချင်းဆိုင်ဆက်တီမှာ ဝင်ထိုင်ထိုက်ဖြစ်ပေမယ့် အခြေအနေကို မင်းခန့် ခန့်မှန်းလို့မရခဲ့။ ဒီနေ့မှ ထူးထူးခြားခြားပါ။

ခါတိုင်းဆို ဖေဖေလဲ ပွဲရုံသွားပြီဖြစ်သလို သူလည်းပဲ အမေ့ကို လှမ်းကြုံခေါ်ပြီး ရွှေဆိုင်ပို့၊ ပြီးတော့ သူ့ရုံးသို့သွား၊ ဒါပါပဲ”

ဒီနေ့မှ ဘာထူးခြားသည်မသိ။ မေမေလဲ ရွှေဆိုင်သွားဖွင့်မည်မထင်။

ပြီးတော့ ဖေဖေ့စကားများ အဓိပ္ပာယ်ပါးပါးလေးနှင့် စိတ်ဝင်စားဖွယ် သာဓကလေးဖြစ်နေတော့သည်။

သူ့ဘဝပုံစံပြောင်းသွားအောင်ပါတဲ့။ အင်း ထူးခြားတာတော့အမှန်။

သူ့ပုံစံကိုကြည့်လျှက် မေမေပြုံးသည်။ အပြုံးကလဲ မေမေဟာ သူ့လုပ်ရပ်တစ်ခုကို သဘောကျနေတဲ့ အပြုံးမျိုးပါပဲ။

ပြီးမှ သူ့ရှေ့စားပွဲပေါ်သို့ ဘောင်ကွပ်ထားတဲ့ ဓာတ်ပုံလေးနှစ်ပုံချပြရင်း . . .

'ရော့ ဒီမယ်သား သားလဲအရွယ်ရောက်ပြီဆိုတော့ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ရအောင် မေမေတို့က မိဘဝတ္တရားအတိုင်း သားကို ဒီဓာတ်ပုံရှင်လေးနဲ့ နေရာချထားပေးမလို့ သူ့ကို သားလဲသိပြီးသားနေမှာပါ'

ရှည်လျားသောစကားကို ပြောပြီးမေမေက ကော်ဖီ





ချက်ကို တစိမ့်စိမ့်သောက်ကာ သူ့အားအကဲခတ်နေပြန်၏။

ဖေဖေကလဲ ထိုနည်းတူ စီးကရက်ခဲလျှက် သူ့ကိုပြုံးကြည့်နေ၏။

သား ဘယ်လိုလဲ ဆိုတဲ့ သဘောမျိုးပေါ့။

ဒါနဲ့သူလဲ ခုန်နေတဲ့ရင်အစုံကိုထိန်းရင်း ဓာတ်ပုံလေးကို ယူလို့ကြည့်လိုက်မိသည်။

'ဟင်. . .ဒါ. . .ဒါ နေခြည်သိမ့်ပဲ'

ဟုတ်၏။

ဒီဓာတ်ပုံရှင်ကို မေမေပြောသလို မင်းခန့်ကောင်းစွာသိသည်ပဲ။ သူနှင့်အလယ်တန်း၊ အထက်တန်းသာမက တက္ကသိုလ်မှာဘွဲ့ယူတဲ့အထိ အတူတွဲတက်လာခဲ့ကြသူများပဲဖြစ်သည်။

မိဘချင်းကလည်း တကယ့်စီးပွားဘက်မိတ်ဆွေများဖြစ်ကြသလို သူနှင့်ဓာတ်ပုံရှင် နေခြည်သိမ့်ခေါ် သိမ့်တို့မှာ

လည်း ကစားဖော်ကျောင်းနေဖက်သူငယ်ချင်းများပဲဖြစ်သည်။

ဒါပေမယ့် သူ့ဘက်က မေမေတို့မျှော်မှန်းထားသလိုမျိုး ချစ်သူအိမ်ထောင်ဖက်အဖြစ်တော့ နည်းနည်းလေးမှ မျှော်လင့်မှုရော၊ ရည်မှန်းမှုပါ မထားမိခဲ့ရိုးအမှန်။

ဓာတ်ပုံကိုကြည့်ပြီး မယုံမကြည်ဖြစ်နေသောသူ့အား မေမေက . . .

'ဟုတ်တယ် သား၊ အဲဒါ နေခြည်သိမ့်ပဲ၊ သားနဲ့ နေခြည်သိမ့်ကို မေမေတို့မိဘချင်း ငယ်စဉ်ကတည်းက သဘောတူခဲ့ကြတာ ခုသားတို့လဲ ပညာစုံလို့အရွယ်ရောက်နေကြပြီ၊ ဒါကြောင့်သားနဲ့သိမ့်ကို လက်ထပ်ပေးစားမလို့'

'ဗျာ မေမေ'

'သား သားမှနေခြည်သိမ့်ကို မချစ်တာပဲ'

'ချစ်တာ မချစ်တာ ပဓါနပါသား၊ ပစ္စည်းဥစ္စာကြွယ်ဝ





မျိုးရိုးစဉ်ဆက်ကလည်း ကောင်းတဲ့နေခြည့်ကို မေမေတို့ကတော့ ရွေးမတော်ဖို့ စဉ်းစားဆုံးဖြတ်ပြီးပြီ၊ မေမေတို့က သားကို ကြိုအသိပေးထားတဲ့သဘောပဲ'

'အေး. . .မင်းအမေပြောသလိုပဲသား၊ ခုမချစ်လည်း နောက် အိမ်ထောင်သက်ကြာတော့ ချစ်တတ်လာကြတာပဲ ၊ သိမ့်လေးက သားနဲ့လိုက်ဖက်တဲ့ မယားကောင်းလေး ဖြစ်မှာပါကွာ'

ဖေဖေကပါ ဝင်ကူနေပြန်၏။

'မေမေရာ သား သိမ့်ကို ညီမလေးတစ်ယောက်လိုပဲ သံယောဇဉ်ရှိတာပါ၊ ချစ်သူအိမ်ထောင်ဖက်အနေနဲ့ ချစ်ကြည့်လို့ကိုမရတာ'

'မင်းခန့်၊ ငါတို့က မိဘနော်၊ ကောင်းစေချင်လို့ စီစဉ်တာ ငါ့ကိုဆန့်ကျင်လို့ကတော့ ငါ့အကြောင်းအသိပဲ'

'ကြားလား မင်းခန့်'

'ဟုတ် ဟုတ်ကဲ့ပါမေမေ'

မိဘစကားကို မြေဝယ်မကျနားထောင်တတ်လေ့ရှိသော သူ့အကျင့်အတိုင်း ပြန်လှန်ပြောဆိုမှု မပြုတော့ပဲ ခေါင်းညိတ်ရုံမှ လေးကန်သောခြေလှမ်းများဖြင့် လှမ်းထွက်ခဲ့သည်၊ ရင်ထဲမှာတော့ နွေနေပူပူလို လောင်ကျွမ်းနေ၏။

'ဟူး ကွိုင်ပဲ'

အဲဒီအချိန်ကစလို့ မင်းခန့်ရင်ထဲကအချစ်ဆိုပါတဲ့ ရင်ခုန်ခံစားရမှုတွေဟာ ငုပ်လျှိုးလို့ပျောက်ကွယ်ခဲ့ရပါသည်။

ငယ်ရွယ်သူ ရင်ခုန်တတ်တဲ့အရွယ် သူ့အားမိဘများက အချစ်ရှာဖွေမှုပြုဖို့ ခွင့်ပြုချက်မထားတော့ပဲ အချစ်စက်ရုပ်တစ်မျိုးကို၊ သူ့ရင်မှာတံဆိပ်ရိုက်နှိပ်ပေးထားခဲ့တော့သည်။





အခန်း (၂)

နေခြည်သိမ့်ဟာ သူ့ရဲ့စက်ရုပ်နှလုံးသားပိုင်ရှင် ဖြစ်လာသည်ပေါ့။

သိမ့်ဟာ သူ့နှလုံးသားထဲသို့ စက်ရုပ်ဆန်ဆန်ဝင်လာတဲ့ နေ့ကစပြီး သူဟာလောကကြီးကို လုံးဝမကျေနပ်ချင်တော့။

သူ့ရဲ့လွတ်လပ်မှုဆိုတဲ့ အချိန်အားလုံးကို သူမက

သာ သိမ်ကျုံးယူငင်သွားတော့၏။

'မောင်'

'ဗျာ'

'ဒီနေ့ မင်္ဂလာရုံမှာ အချစ်အက်ရှင်ကားလဲတယ်၊ လိုက်ပြနော်၊ အပြန်မိုလ်ချုပ်ဈေးမှာ အထည်ဆန်းလေးတွေ ပေါ်နေတယ်ကြားတယ်၊ ဝင်ကြည့်ဦးမယ်၊ ပြီးမှ ညနေ ကရဝိတ်မှာ ညနေစာစားကြတာပေါ့နော် . . . နော်လို့'

'အင်း အင်းပါကွာ'

'ဒါပဲနော် မနက်ဖြန် ဟန်နီတို့အိမ်မွေးနေ့ပွဲလဲ လိုက်ပို့ အုန်း၊ မပို့လို့ကတော့ မောင့်ကိုသိမ့်မခေါ်တော့ဘူး'

'ပို့မှာပေါ့ကွာ'

မိဘများအရှိန်နဲ့လား၊ သူမက သူ့ကို ချစ်လို့ပဲဆိုးတာလား မင်းခန့် ခွဲခြားမရ။

ရတာကတော့ . . .





'ရှင့်ကို ကျွန်မအကုန်ပိုင်တယ်နော်၊ ကျွန်မ မသိပဲ ရှင် ဘာတစ်ခုမှမလုပ်နဲ့ ဒါပဲ'

ဒီလိုစကားမျိုးတောင် သူမပြောလာမည်ထင်ပါသည်။ မောင် ဟိုလိုက်ပို့၊ ဒီလိုက်ပို့။

'ပန်းခြံသွားမယ်၊ ညနေစာသွားစားမယ်'

'မောင် ယပ်ခပ်ပေး'

'မောင် ချမ်းလို့ပါ'

ဒါမျိုးတွေနဲ့သာ သူ့ဘဝအား သိမ့်ဆိုသော သူမက ထက်မထပ်မီအချိန်ကပင် သိမ်းပိုက်လို့ယူငင်သွားပါတော့၏။

သူ့မှာသာ မလူးသာမလွန့်သာနှင့် . . .။

မည်သို့ပင်ဆိုစေ၊ သိမ့်ကတော့ ပျော်လို့မဆုံးနိုင်တော့ပါလေ။

မောင်ဆိုတဲ့ မင်းခန့်။

သူမရဲ့အချစ်ဦးပါ။

မောင့်ကို သူမသိပ်ချစ်မိသည်။

မောင့်အနီးအနားမှာနေရတာဟာ သိမ့်အတွက်တော့ သာယာတဲ့ ကမ္ဘာလေးတစ်ခုပဲပေါ့။

ရုပ်ရှင်ရုံထဲမှာ မောင့်လက်မောင်းကို ဖက်တွယ်ပြီး မောင် ခွာပေးတဲ့နေကြာစေ့ဆံလေးတွေကို စားရတာကိုက အရသာတစ်မျိုးလို။

စားသောက်ဆိုင်မှာ မောင်ခွံ့လို့ကျွေးတဲ့ ထမင်းဟင်းဆိုလည်း နတ်သုဒ္ဓါနှင့်မလဲနိုင်ပါ။

မောင့်အနားမှာထိုင် မောင် မောင်းတဲ့ကားကိုစီးပြီး မြို့ထဲလည်ရတာလဲ နတ်ဗိမ္မာန်မှာ ပျော်မွေ့နေရသလိုပါပဲ

ပြီးတော့ မောင့်လက်ကိုချိတ်လို့ ဗိုလ်ချုပ်ဈေး၊ ပလာဇာများမှာဈေးတွေ ပတ်ဝယ်နေရတာကိုလည်း သိမ့်ကတော့ မောလှတယ်လို့ မထင်မိတာပါ။ သိမ့်ဟာ





မောင့်ကိုသိမ်ချစ်နေရသူ တစ်ယောက်ပဲလေ။ မောင့်အနားမှာနေပြီး မောင့်မျက်နှာကိုသာ အချိန်ပြည့်ထိုင်ကြည့်နေချင်သော့တာပါပဲကွယ်။

သို့ပါသော် သိမ့်အတွက် မောင့်ရင်ထဲမှာ ဘာကိုများ အလိုမကျပါလိမ့်လို့ ထင်မိသည်။

သူမနှင့်မောင် နီးနီးကပ်ကပ်နေနေပေမယ့် မောင့်စိတ်တော့ အဝေးသို့လွင့်ပျံနေတတ်သည်။

'ဟင် မောင် စီးကရက်ကြီးပြောင်းပြန် မီးညှိနေတယ်'

'ဟာ. . .ဟ. . .ဟုတ်သားပဲ'

ဒါလည်းမရှား။

'မောင် ထမင်းတွေချည်း ဘာလို့စားနေတာလဲ၊ ဟင်းပါ ထည့်စားလေ'

'အေးပါကွာ မေ့သွားလို့'

'ဝူး. . .အားပါး. . .ပူလိုက်တာကွာ၊ သိမ့် လုပ်. . . လုပ်ပါဦး၊ အား. . . ဝူး'

'ဟင်. . .မောင်ရယ်၊ ရေနွေးအပူကြီးကို ဒီတိုင်းမော့ချမှတော့ ပူတော့မှာပေါ့'

'အဲဒါ နင့်ကြောင့်'

မင်းခန့် ရင်ထဲကပြောသံကို သိမ့်မကြားနိုင်ပါ။ ကြားဖို့လည်းမလို၊ မောင့်မျက်နှာ၊ မောင့်အသံ၊ မောင့်အနားမှာနေပြီး မောင့်ကိုကြည့်နေရမယ်ဆိုရင်ပဲ သိမ့်ကျေနပ်မိမှာပါကွယ်"

တစ်ချိန်တော့ သိမ့်ကို မောင်ချစ်လာမှာပါကွယ်။

ရင်ထဲမှာ လုံးဝကိုမကျေနပ်နိုင်တာက မင်းခန့်။

အချိန်ပိုင်းအတွင်းမှာ သူမက မင်းခန့်ရဲ့လွတ်လပ်ခွင့်တွေအားလုံးကို လွှမ်းမိုးချုပ်ကိုင်ထားသဖြင့်ပေါ့။ မိဘချင်းမျက်နှာပျက်ရမယ့် အရေးကိုငဲ့ညှာပြီး ဆက်ဆံခဲ့တာဘဲဖြစ်





သည်။

ဒီအခွင့်အရေးကို သူမဘက်ကလဲ ပိုင်နိုင်စွာအကောင်းဆုံးအသုံးချခဲ့သည်။

ကြာတော့ အရိုးခံနှင့် မင်းခန့်နှလုံးသားက သူမအားမကျေနပ်ချင်တော့ . . .

လုံးဝကိုမကျေနပ်တာ။

မင်းခန့်ဘဝကို သူမက မိဘများ အားကိုးဖြင့် အရုပ်လေးတစ်ရုပ်လိုကောက်ယူပြီး ရင်ခွင်ထဲထည့်ယူခံထားရတာကို ဘယ်ဇော်လူမျိုးက ကျေနပ်နိုင်မှာတဲ့လဲလေ။

'တီလေး သမီးက ပလာဇာသွားမလို့ဟာ မောင်ကလိုက်မပို့ချင်ဘူးတဲ့'

'ဟဲ့ သား လိုက်ပို့ပေးလိုက်လေ၊ ကုမ္ပဏီနဲ့လမ်းသင့်နေတဲ့ဟာ၊ သိမ့်က မင်းရဲ့ဇနီးလောင်းနော်၊ အူကြောင်ကြောင်လုပ်မနေနဲ့'

မေမေရဲ့ ဆုပူမှုများနှင့် ဒီပြဿနာမျိုးက မင်းခန့်အတွက်မရှိးတော့ပြီ။ သူဟာ သံပါပ်ပေး စက်ရုပ်တစ်ရုပ်မဟုတ်ပါ။ ပြီးတော့ နှလုံးသားမဲ့နေသူလဲ မဟုတ်ပါ။ အသွေးအသားနဲ့တည်ဆောက်ထားသော လူသားစစ်စစ် ခံစားမှု၊ လွမ်းဆွတ်မှုတွေရှိတဲ့ နှလုံးသားနှင့်လူသားတစ်ယောက်ပဲဖြစ်သည်။ သိမ့်အား ချစ်လို့မရခဲ့ချေ။ ဒါကို သိမ့်ဆိုတဲ့ သူမက မသိဟန်ဆောင် နေခဲ့တာလား၊ သိကိုပဲ မသိခဲ့တာလားလေ။

အချိန်တွေကြာလာသည်နှင့်အမျှ သူမအား မင်းခန့်က ချစ်လာလိမ့်မည်လို့ မျှော်လင့်နေပါလိမ့်မည်။ ဒါဆိုရင်ဖြင့် သူမအမှားပဲဖြစ်၏။

မင်းခန့် သူမအပေါ်မှာ သံယောဇဉ်ထား၊ မေတ္တာပွားကာချစ်ကြည့်ခဲ့ဖူးပါသည်။ ဒါပေမယ့်လို့ သူ့စိတ်များက သူမအား သံယောဇဉ်လဲမပွား။ အချစ်လဲမများခဲ့။ ဆိတ်





ညှဉ်းလို့သာလာခဲ့၏။

'သိမ့်'

'ရှင်'

'သိပ်ချမ်းနေလား၊ ရေသွားချိုးလိုက်လေ၊ ပြီးမှကော်ဖီပူပူလေးသောက်ပြီး စောင်ခြုံပေးထားမယ်'

'အာ. . .မောင်ကလည်း ပေါက်ပေါက်ရှာရှာ ချမ်းနေပါတယ်ဆိုမှ ရေချိုးရင် လေဖြတ်သွားမှာပေါ့'

'သိဘူးလေကွာ၊ မောင်က စေတနာနဲ့ပြောတာ'

'ဒါဖြင့်လည်း သိမ့်နေတတ်သလိုသာနေတော့'

ရက်တွေကြာလာတာနဲ့အမျှ သိမ့်နှင့်သူ ယှဉ်တွဲနေထိုင်သွားလာခဲ့မှုများသည် သူ့အတွက်ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော နေ့ရက်များပင်ဖြစ်ခဲ့ပါသည်။

'မောင် သိမ့် စီဒီဖွင့်ပြီး ကပြမယ်လေ၊ မောင်က ထိုင်ကြည့်နော် ဟုတ်လား'

'ပျင်းတယ်ကွာ၊ မောင် အိပ်ချင်ပြီ၊ သိမ့်လည်း ပြန်တော့'

'ဟဲ့သား ကိုယ့်ဇနီးဖြစ်မယ့်သူကို ဒီလိုပဲပြောရသလား'

'ဟာ မေမေကလည်း သားတကယ်အိပ်ချင်လို့ပါ'

'ဒါဖြင့် သိမ့် သီချင်းဆိုသိပ်မယ်နော်'

'နေပါကွာ အိပ်ချင်တဲ့မျက်လုံး ပိုပြီးကျယ်သွားပါဦးမယ်'

'မင်းခန့် နင်နော် ပြောလေကဲလေ'

မေမေ့အသံက ဗုန်းများပေါက်သလား ထင်ရ၏။ မေမေတို့အားကိုးနှင့် သိမ့် မိုက်ပြနေတာလည်း ဖြစ်ချင်ဖြစ်နိုင်သည်။ မေမေ့ရှေ့ဆို သူ့မှာသိမ့်အား ပိုပြီးခင်တွယ်ဟန်ပြရနှင့် သိမ့်က နိုင်စားပြလေသောအခါမှာတော့ သူ့ရင်မှာ ပိုပြီး ခံစားရလေသည်။





ကြာတော့ ဒီသည်းခံမှုတွေကို သူမလုပ်ချင်တော့။ ...ယ့်စိတ်ကျဉ်းကြပ်မှုကို ထွက်ပေါက်ရှာမိတော့သည်။

ကုမ္ပဏီနှင့်အိမ် နားရက်ကျတော့ သိမ့်နှင့်သာအချိန် ...န်ခဲ့သမျှကို ကြာတော့ သူ့အတွက်အပျော်ဆိုတာ တ...ယ်ပဲ ဆိတ်သုဉ်းလာသည်။ စိတ်သာမက သူ့ခန္ဓာကိုယ် ...ည်လည်း စက်ရုပ်တစ်ရုပ်နှယ်ဖြစ်လာခဲ့တော့သည်ပေါ့။

ဒီတော့ ကုမ္ပဏီအပေါင်းအသင်းများနှင့် ဝိုင်းဖွဲ့ကာ ...သောက်ရင်း မင်းခန့် သူ့ဘဝအား အန်ထုတ်မိချေသည်။

'ဟေ့ကောင် မင်းခန့်၊ ပဝါမကူရေမရှူဘဲနဲ့ သောက် ...ချည်လား၊ မင်းမှာ ဘာအပူများရှိလို့လဲကွာ'

'အေး၊ မင်းမသိဘူး ဝင်းနိုင်၊ ငါတော့ ဘဝဆိုတာ ...စိတ်ပျက်လာပြီ'

ရိုဝေနေပေမယ့် သူ့အဖြစ်မှန်ကိုတော့ ပြောပြနိုင်ပါ ...သည်။

'ဟ. . .မင်းစကားကအဆန်းပါလားကွ၊ မင်းဘ လောက်သာယာတာ တွေ့ တွေ့ဖူးပါဘူးကွာ၊ မိဘလည်း ကြွယ်ဝတယ်၊ မကြာခင်ဖြစ်လာမယ့် ဇနီးချောလေးလည်း အနားမှာရှိနေ တာများ'

အကြောင်းမသိသူကတော့ ပြောကြတာပင်။ သူ့မှာ သာ . . .

'အေး အဲဒီဘဝထဲကို ရောက်လို့ကိုပဲ ငါမကျေနပ်နိုင် တာကွ'

'ဟေ'

'လုပ်လိုက်ကွ၊ မင်းဟာက ဟုတ်ပါ့မလားကွာ'

'သေချာတယ် ဝင်းနိုင်၊ မိန်းမတစ်ယောက်ရဲ့ဘဝထ ကို ရောက်သွားတာဟာ ငါ့အတွက် ဘဝလား'

'အေး ဟုတ်တယ်၊ အဲဒါ ဟုတ်တယ်'

ကိုသောင်းအေးက ခပ်ထွေထွေဖြင့် သံယောင်လိုက်





တော့ မင်းခန့် မျက်လုံးပြူးသွား၏။

'ဘာဟုတ်တာလဲဗျ'

'ဒီလိုလေကွာ၊ မိန်းမတစ်ယောက်ဘဝထဲကို ရောက်သွားတော့ အဲဒီမိန်းမနဲ့ပျော်မယ်ပါးမယ်၊ စားမယ်သောက်မယ်၊ သွားမယ်လာမယ်ပေါ့ကွာ၊ ကဲ ပျော်စရာဘဝမဟုတ်ဘူးလား'

ထွက်လာတဲ့အဖြေက မင်းခန့်အတွက် တခြားစီဖြစ်နေ၏။

'သွားစမ်းပါကွာ၊ အဲဒီသိမ့်ဆိုတဲ့ မိန်းမနဲ့ သွားလာနေရတဲ့ ဘဝကိုပဲ စိတ်ကုန်နေတာဗျ၊ ကျုပ်ဘဝဟာ မိန်းမတစ်ယောက်ရဲ့ဘဝထဲကို ရောက်သွားတာမှ တကယ့်စက်ရုပ်တစ်ရုပ်လိုမျိုးပဲဗျ၊ ရှင်းပြီလား၊ ဒီဘဝကိုကျုပ်မကျေနပ်ဘူးပြောတာ'

'တောက် နေရာချင်းလဲလိုက်ချင်သပကွာ'

'ဒါဖြင့် မင်းကသူ့ကိုဘာဖြစ်လို့ တွဲနေရတာလဲ'

'ကျုပ်ရှောင်လွှဲလို့မရတဲ့ မိဘအမိန့်တစ်ခုကြောင့်ပေါ့ဗျာ'

မိုင်ပေါင်းများစွာကို မနားတမ်းပြေးခဲ့ရသူတစ်ယောက်လို သူပင်ပန်းနွမ်းနယ်စွာ ပြောဖြစ်သည်။ စီးပွားဥစ္စာစနေဆိုတာ ပြောစရာမရှိအောင် ကုံလုံကြွယ်ဝနေသူတစ်ယောက်အတွက် အရာရာပြည့်စုံနေပြီ ထင်ကြပေမယ့် မင်းခန့်အတွက်တော့ ပြည့်စုံမှုဆိုတာ ဗလာနတ္ထိ။

မိဘအလိုကျတည်ဆောက်ရမယ့် ပုံစံခွက်ထဲက အချစ်တံတိုင်းကြီးကို အားမာန်ရှိသမျှ ရိုက်ချိုး ကျော်လွှားလိုက်ချင်ပါသည်။ သို့ပါသော်လည်း စိတ်ကူးယဉ်မျှသာ။

မိတ်ဆွေအပေါင်းအသင်းများကလည်း သူ့အတွက် နံဘေးကပွဲကြည့်ပရိသတ်သာ ဖြစ်ခဲ့သည်။





## အခန်း (၃)

မောင်နဲ့ပတ်သတ်ပြီး သိမ့်စိတ်ထဲမှာ ဆုံးဖြတ်ထား
...ကတော့ အချစ်ဆိုတာကို ရယူပိုင်ဆိုင် ပေးဆပ်ခြင်း
...တ် အနစ်နာခံ စွန့်လွှတ်ခွင့် လွှတ်ခြင်းလို့သာ တစ်ထစ်ချ
...ကြည်ထားလိုက်၏။

ဟုတ်တယ်လေ။

ဒါဟာ မောင့်ကိုသိပ်ချစ်၊ သိပ်ပြီးမြတ်နိုးလို့သာ ဆုံး
ဖြတ်ထားတဲ့ ရင်ထဲကဆုံးဖြတ်မှုတစ်ခုပါပဲ။

မောင့်ထံက အချစ်တွေတိတိပပ သူမထံကိုရောက်
လာမှန်း သိနေပေမယ့် မောင့်အား သံသယကင်းစွာနှင့်ပင်
သူမအချစ်ပိုခဲ့သည်။ တစ်ခါတစ်လေ မောင်အလုပ်နား
သည့် အခါမျိုး မောင့်အား စိတ်လိုလက်ရ စကားပြောကြည့်
မိသည်။ ဒါဟာလည်း မောင် သူမအပေါ်မှာထားတဲ့ သ
ဘောထားကိုသိချင်လို့ပဲဖြစ်၏။

'မောင်'

'ဆိုလေ'

လေသံကဤမျှသာ . . .။ ဘီယာအချိုရည်တွေကို
သာ ဖန်ခွက်ထဲ စိတ်ရှည်စွာလောင်းထည့်နေလေသည်။

သိမ့်အား ဖုတ်လေသည့်ငါးပိ ရှိသည်လို့များ





အောက်မေ့ သလားကွယ်။ ရင်မှာ မွန်းကျပ်လာသလိုလို။
ဒုတိယအကြိမ် ထပ်ခေါ်မိပြန်ပါ၏။

'မောင်'

'မောင် လို့'

'ဆိုပါဆို'

'ဟင် သိမ့်မှသီချင်းမဆိုတတ်တာ၊ မောင်ကလည်း
သိသားနဲ့'

'ဟာကွာ သီချင်းဆိုခိုင်းတာ မဟုတ်ဘူးကွ၊ မင်းငါ့
ကို ဘာပြောမလဲဆိုတာ ပြောခိုင်းတာဟ'

မောင့်ဒေါသက သူမနှင့်ပတ်သက်ပါက လျင်မြန်စွာ
နှင့်ပဲ ပေါက်ကွဲလွယ်နေတတ်ပါသည်။ ဒါကိုပဲ သိမ့်က
သိသိနှင့် သွေးတိုးစမ်းကြည့်မိခြင်းပါ။

'အဟင်း မသိဘူးလေ မောင်ရဲ့၊ မောင်က ဘီယာ
လေး ထွေထွေနဲ့ဆိုတော့ သိမ့်က သီချင်းဆိုပြရမယ်ပဲ

အောက်မေ့တာပေါ့။ ခစ် ခစ်'

အောင်မယ်လေး ကျေးဇူးရှင်မေမေတို့ရေ၊ သားအဖြစ်ကိုများ လာကြည့်ပါဦးဗျလို့သာ မင်းခန့် အော်လိုက်ချင်မိပါ၏။

ဒါပေမယ့် စိတ်ထဲမှာသာ . . .

'တော်ကွာ မင်း ငါ့အနားမှာငြိမ်ပြီး ထိုင်နေမှာလား၊ သာလိကာလို လေကြောရှည်နေမှာလား'

'မောင် ဖြစ်စေချင်သလို သိမ့်နေပေးပါ့မယ် မောင်'

'အေး ကောင်းပြီ။ ဒါဆို ငါဘီယာသောက်တာ ထိုင်ကြည့်၊ ပြီးရင်လိုက်ဖက်မယ့် အမြည်းလုပ်ပေး'

'ဟုတ်. . .ဟုတ်ကဲ့ မောင်'

ရင်မှာဝမ်းနည်းမိသလို ဖြစ်သွားမိ၏။ သို့ပါသော်မျက်ရည်မကျမိခဲ့ချေ။

သိမ့် ကျေနပ်ပါသည်။





မောင့် အနားမှာနေ၊ မောင်စေရာလုပ်ပေးရမယ့်ဘဝကို ကျေကျေနပ်နပ်ဖြင့် ခံယူဖို့အသင့်ပင်၊ ဒါဟာ မောင့်ကို သိမ့် ချစ်လွန်းလို့ပေါ့ မောင်၊ မေတ္တာဆိုတာရောင်ပြန်ဟပ်မြဲပါ။

အသွားရှိရင် အပြန်ရှိရမယ်ဆိုတဲ့ ယုံကြည်မှုတစ်ခုနဲ့တင် သူမဟာ မောင့်ဆီကပြန်လာမယ့် ချစ်ခြင်းမေတ္တာကို မျှော်လင့်နေခဲ့မိတာပါကွယ်။

မောင်ရယ်ရင် ပျော်မယ်။ မောင်ငိုတဲ့အခါမှာ ချော့မယ်ပေါ့။

ရူးသွပ်တာ မဟုတ်ခဲ့ပါဘူးမောင်။

သိမ့်ဟာ မောင့်အတွက် မေတ္တာရှင်မလေး နေခြည်သိမ့်သာ ဖြစ်လိုက်ချင်ပါတော့တယ်။

မောင့်အနားနေ မောင့်မျက်နှာမြင်ပြီး မောင့်အလိုကျပြုနေထိုင်ရတာနဲ့တင် သာယာတဲ့အချစ်ကမ္ဘာကြီးတစ်ခု

လို့ ထင်ခဲ့မိတာပါ။

မောင်စိတ်ချမ်းသာစေချင်တာနဲ့အမျှ သိမ့်လည်း စိတ်ချမ်းသာမယ်လို့ 'ထင်မိတယ်လေ။

မောင့်အတွက် ပေးဆပ်ခြင်းအချစ်တွေပဲပေါ့ . . .။

မောင့်အား သူမ သိပ်ကိုချစ်ခဲ့ရပါသည်။

သို့သော် . . .

မောင် သိမ့်အား သိပ်ပြီးနာကျည်းမုန်းတီးနေသည်ဆိုတာကို မောင်နဲ့မင်္ဂလာလက်ထပ်ပွဲ လုပ်တဲ့နေ့မှာပဲ သူမ သိခဲ့ရပါသည်။

အဲဒီနေ့က . . .

နှစ်ဖက်မိဘများ၏ စီစဉ်ပေးမှုဖြင့် မင်းခန့်နှင့်သိမ့်တို့၏ လက်ထပ်မင်္ဂလာပွဲမှာ ထင်ထားတာထက်ပင် ကြီးကျယ်ခမ်းနားခဲ့ပါသည်။

ဂုဏ်သရေရှိ လူကြီးများသာမက သူငယ်ချင်းအ





...ါင်းအသင်းများပါ စုံနေအောင်လာကြပါသည်။

စားပွဲပေါင်းများစွာကို လှည့်လှည့်ညှော့်ခဲ့ရင်း သူငယ်...ချင်းတစ်ယောက်ရဲ့စကားက အစပျိုးခဲ့ခြင်းပါ။

'နေခြည်သိမ့်က သိပ်လှတာပဲကွာ၊ ဒါပေမယ့် တို့ ...းစရာရှိလို့'

'ဟင် ဘာလဲ မော်မော်ရဲ့ မေးလေ'

'ဟိုလေ နင့်သတို့သားလောင်းကြီးက ဘာဖြစ်နေ ...တာလဲ၊ မျက်နှာကြီးက အမေဖုန်ကလွတ်လာတဲ့ မြောက်အိုး...ကြီးကျနေတာပဲ'

'ဟယ် နင်ကလဲ သူညှော့်ခံရတာ ပင်ပန်းလို့နေမှာပါ ...ဟာ'

'ဩော် မသိပါဘူးဟယ်၊ နင်ကပျော်ပြုံးနေသ...လောက် နင့်လူကမျက်နှာရှစ်ခေါက်ချိုးနဲ့မို့ မေးကြည့်တာ'

သူငယ်ချင်း ရှေ့စကားမဆက်ခင် သိမ့် စားပွဲဝိုင်းနား

မှ အသာခွာခဲ့သည်။

ပြောမယ့်သာပြောရသည်။ မောင့် အမူအယာတွေ ဒီ နေ့သိသိသာသာကြီးကို ပျက်နေတာ သူမ မသိပဲနေပါ့မ လား။

သူမ ဘက်ကသာ မိဘအလိုကျ မောင့်ကိုလက်ထပ်ခဲ့ ပေမယ့် မောင်ဟာသူမနှင့် လက်ထပ်ယူရတာကို အင်မတန် နောင်တရနေတဲ့ပုံစံမျိုး။

သူမစိတ်ထင်လို့များလားလို့ ထင်ခဲ့ပေမယ့် . . .

မင်္ဂလာပွဲပြီးတော့ မောင် အပေါင်းအသင်းများနှင့် အ ပြင်သို့ပါသွားခဲ့၏။

မောင့် ၁၁ ဘောဆန္ဒမို့ သိမ့်မတားမြစ်ခဲ့ချေ။ လူပျိုဘဝ ကနေ အိမ်ထောင်သည်ဘဝကို ကူးပြောင်းရမှာမို့ ဒီအဖြစ် ကို သိမ့်နားလည်လို့ရပါ၏။

သို့သော် . . .





မောင်ပြန်လာတော့ ခြေလှမ်းပင်မမှန်ချင်တော့။ သူ ကိုယ်တိုင်မောင်းယူသွားတဲ့ ကားကို ဒရိုင်ဘာငှားပြီး ပြန် လာရ၏။

'ဟော့. . .အေ့. . .အေ့ သိမ့် .. မိသိမ့် တံ. . .တံခါးဖွင့် ဖွင့်ပါဦးကွ'

ယောက္ခမတွေလက်ဖွဲ့တဲ့ အိမ်သစ်လေးကို မင်းခန့် ခြေလှမ်းတွေယိုင်ထိုးပြီး တက်လာတော့သိမ့်ရင်ထဲမှာ နာရ သည်။

လဲကျသွားမည်စိုး၍ အပြေးပွေ့ဖက်မည်ပြုတော့. .

'ဟင် မောင် အရမ်းမူးလာတယ်၊ ဘာလို့ ဒီလောက် အောင်သောက်လာရတာလဲ မောင်ရယ်'

'ဟော့ အေ့. . .စိတ်ညစ်လို့ပေါ့ကွ၊ ထွီ မင်းငါ့ကို ကောင်နဲ့၊ မထိနဲ့သိမ့် ငါမမူးဘူး'

'ရှင်'

'အေး. . .မရှင်နဲ့၊ မင်းကြောင့် ငါ့ရဲ့သာယာတဲ့ ဘဝလေး ပျက်စီးရပြီကွ၊ အဲဒါမင်းကြောင့်ပဲ"

'မင်း ငါ့အမေကို ချွဲလုံးတွေနဲ့ အပိုင်ကပ်ပြီး ရယူနိုင်ခဲ့ပေမယ့် မင်း ငါ့ အချစ်တွေကို နှမ်းတစ်စိတောင် မရဘူးဆိုတာ မှတ်ထားလိုက်စမ်းပါ'

'ရှင်'

သိမ့် အံ့လည်းအံ့သြ၊ ကြောက်လည်းကြောက်နေမိသည်မို့ ဘာမှခွန်းတုံ့မပြန်ဖြစ်။ မင်းခန့်ကသာ သူမအား လက်ညှိုးငေါက်ငေါက်ထိုးလျှက် . . .

'တောက် မင်းကိုငါချစ်လို့ လက်ထပ်တယ်များ မင်းထင်နေသလား သိမ့်၊ ဝေးသေးကွ၊ ငါ့အမေဆန္ဒကို မလွန်ဆန်ဝံ့လို့ပဲ မင်းကို ငါမချစ်သလို ငါချစ်ရမယ့်သူလဲ မရှိသေးဘူး'

'ဟာကွာ မင်းကိုငါ အရှင်းဆုံးပြောမယ်၊ ငါ့ကိုမင်း





ပိုင်ဆိုင်ရယူနိုင်ခဲ့ပေမယ့် ငါ့အချစ်တွေတော့ မင်း ဘယ်တော့မှမမျှော်လင့်လေနဲ့၊ မင်းကိုလည်း ငါဘယ်တော့မှ ချစ်ထားမှာမဟုတ်ဘူး'

မင်းခန့် မူးမူးနှင့်စိတ်ထဲရှိနေတာ အန်ဖွင့်ပြောဆိုလျှက် ညည့်ခန်းတွင်းမှာပင် လဲကျအိပ်ပျော်သွားခဲ့၏။

'အဟင့်ဟင့် မောင်ရယ်၊ ပြောရက်လိုက်တာ၊ သိမ့်ရဲ့ မောင့်အပေါ်မှာထားရှိတဲ့ အချစ်ကို မောင်မမြင်တာလား မသိဟန်များဆောင်နေခဲ့တာလား မောင်ရယ်'

ဝမ်းနည်းမှုတွေက မျက်ဝန်းမှတစ်ဆင့် မျက်ရည်ပုံများအဖြစ် မင်္ဂလာညချမ်းလေးအား ဝါးမျိုဖျက်ဆီးပစ်လိုက်ပါသည်။

သူမ သိပ်ကိုဝမ်းနည်းမိသည်။ လူကြီးချင်းသဘောတူ၍ယူခဲ့ရသော အတွေးကမောင့်ခေါင်းထဲမှာ ကိန်းအောင်းသွား၍ပါ။

ဒီအတွေးကြောင့်ပဲ မောင့်ကိုသူမ သိပ်ချစ်တဲ့အကြောင်းကို မောင် မမြင်မသိခဲ့တော့ဘူးပေါ့။

ရှိပါစေတော့ မောင်ရယ်၊ သိမ့်ကိုယ်တိုင်ကလည်း အချစ်ကြီးချစ်ခဲ့မိတာကိုး။

ရင်မှာ တိတ်တခိုးရေရွတ်မိသည်။

နေခြည်သိမ့် ဆိုသော သူမဟာ မောင့်နှလုံးသားမှာ ဆူးတစ်ခုနှယ် ဆူးဝင်နေတယ်ဆိုတာကို သိမ့်ကိုယ်တိုင် သိခဲ့ရပါပြီလေ။

သို့ပေမယ့်လည်း . . .

မောင့်ကိုချစ်မိတဲ့ သိမ့်ရဲ့အချစ်ဆူးကိုတော့ မောင်လဲ နှုတ်ယူလို့မရသလို သိမ့်ကလဲနှုတ်ယူဖို့ အထိတော့ မကြိုးစားတော့ပါဘူးမောင် . . .။





ဒါပေမယ့်လေ သိမ့် သိပ်ချစ်နေတာကို မောင်ဟာ အသိကြီးနဲ့ မသိဟန်ဆောင်နေတာတော့ သိမ့် အင်မတန်မှ ခံနည်းမိတာပါပဲကွယ်။

ပရိသတ်များရဲ့ ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် . . .။

ရှိုင်းစာပေ၊အမှတ်(၁၆)၊လမ္ဘတော်လမ်း၊ သန်လျင်မြို့။

ဖုန်း ၀၉၅၀၄၀၆၄၆

## အခန်း (၄)

ဘာပဲဖြစ်ဖြစ် မောင်နဲ့ ကျွန်မဟာ အကြင်လင်မယား ဖြစ်လာပြီဆိုမှ အိမ်ထောင်တာဝန်တွေကိုလည်း သိမ့် ကျေ ပြွန်ရမယ်ဆိုတာ သိခဲ့ပါသည်။

'မောင် ရုံးသွားဖို့ ရှပ်ဖြူလေးနဲ့ဆိတ်ခွံပုဆိုး အဆင် သင့်လုပ်ထားတယ်နော်'





'ဟာကွာ ဒီနေ့ငါ စတိုင်ဘောင်းဘီနဲ့ စပို့ရှပ်ဝတ်မှာ ဘွ'

'ရတယ် ရတယ် သိမ့်လဲပြီး ထုတ်ထားပေးခဲ့မယ်'

'ကျွတ် လုပ်မနေနဲ့တော့ ရုံးချိန်နီးနေပြီ၊ လွယ်တာပဲ ဝတ်သွားတော့မယ်'

သိမ့် ဝတ်စုံပြောင်းပေးနေတုန်းမှာပဲ မင်းခန့်ကအကျီ ချိတ်မှာ အလွယ်လှန်းထားတဲ့ ကြေမွနေတဲ့အကျီကို ကောက်ယူစွပ်ပြီး ထွက်သွားတဲ့ မောင့်ရဲ့လုပ်ရပ်ကြောင့် သိမ့်ရင်ထဲမှာ ကျင်ခနဲဖြစ်သွားတဲ့ နေ့မျိုးတွေရှိသလို . . .

'မောင် ထမင်းစားတော့မလားမောင်၊ သိမ့်ပြင်လိုက် မယ်နော်'

'အေး ပြင်ရင်ထဲပြင်ကွာ'

မောင့်ဆီက အမိန့်ရတာနှင့်ထမင်းပွဲကို အဖွယ်ရာဆုံး ပြင်ဆင်ပေးမိသည်။

ဒီမှာပဲ ပြဿနာကစ၏။

'ဟာကွာ ကြက်သားက ဒီလောက်ဆီပြန်ထနေတာ ငါဘယ်တုန်းကစားလို့လဲ၊ ငါကြိုက်တာ ကြက်သားကြော်ကွ၊ မင်းမသိဘူးလား'

'ဖွီး. . .ဟင်းခါးကလည်း ဒီလောက်ငရုပ်ကောင်းတွေခတ်ထားမှ ဘယ်လာကောင်းတော့မှာလဲ'

'တောက် သွားစမ်းကွာ သောက်သုံးကိုမကျတဲ့ မိန်းမမျိုး'

'ဝုန်း ... ဒိုင်း ... ခွမ်း'

'မောင်. . .မောင် သိမ့် အသစ်ချက်ပေးပါ့မယ်နော်'

'ဘာကွ ချက်မနေနဲ့ ငါ့ဘာသာဆိုင်မှာ သွားစားမယ် ဘယ်တော့မှအဖြစ်ကို မရှိဘူး'

အပြစ်မရှိအပြစ်ရှာကာ သိမ့်တစ်နေကုန်ချက်ထားတဲ့ ဟင်းလျာများ မင်းခန့် လက်ချက်ဖြင့် ကြမ်းပြင်မှာပွစာကျဲ





သွားသည်။

သိမ့် ငိုရှုက်နေမိယုံကလွဲလို့ ဘာမှမတတ်နိုင်ခဲ့ချေ။ ပြီးတော့ ကျန်သေး၏။

'မောင် အလုပ်ကပြန်လာတာ စောတယ်နော်၊ မောင်ကြိုက်တဲ့ဘီယာအပျော့လေးနဲ့ ဆိတ်သားခြောက်လေးမီးကင်ပေးထားတယ် သိလား၊ မောင်ရေချိုးပြီးရင် အဆင်သင့်နော်'

အလုပ်ကပြန်လာတဲ့ မင်းခန့်အား သိမ့် မျက်နှာအချိုဆုံးနှင့် ညှော့ခံခဲ့သော်လည်း . . .။

'ဟေ တောက် ဘာကွ၊ မင်းကငါ့ကိုအရက်သမားများ အောက်မေ့နေသလား၊ တစ်ခါတစ်လေ မင်းကြောင့်စိတ်ညစ်လို့သောက်တာကွ'

'ဘယ်မလဲ မင်းပြင်ထားတာ'

'ထမင်းစားခန်းထဲမှာပါမောင်'

'တောက် ဒီလောက်ဖြစ်တာ ကဲကွာ၊ ကဲကွာ
ကဲ'

'ခွမ်း ခွမ်း ဂလွမ်း"

စက္ကန့်ပိုင်းအတွင်းမှာပင် သိမ့် တကူးတကပြင်ဆင်
ပေးထားသည်များ လွင့်စင်ကွဲကျပျက်ဆီးကုန်လေသည်

'မောင် မကြိုက်ရင် သိမ့် နောက်မပြင်ဆင်ထားတော့
ပါဘူးမောင်'

'ဘာကွ ပြန်ပြောစမ်း သိမ့်'

'တောက်'

'ကြိုက်တယ်၊ ကြိုက်တယ်ကွ၊ မင်းပြင်ပေးထား
လို့ကို မသောက်တာ၊ မင်းက ငါ့ကိုဂရုစိုက်ပြလေ ငါက
တော့ ငါ့ဘဝကို မင်းနဲ့စတေး ခံလိုက်ရလို့ ပိုပြီးနာကျည်း
မိလေပဲ၊ အဲဒါ မင်းမှတ်ထားပါ'

သိမ့်အတွက် ငိုရှိုက်မိယုံသာ တတ်နိုင်ပါတော့၏။





သိမ့်နှင့်ဆိုပါက မောင်သည်အရာရာကို သဘောမကျဖြစ်
နေတတ်ယုံသာမက ဒေါသတွေပါပါနေတတ်တာ သိမ့်
သိထားမိပါသည်။

မောင့်ကားကိုမောင်းသော ဒရိုင်ဘာဖိုးကျော်လေး
သောက်ပင် မောင်ဟာသိမ့်အား ချိုသာစွာဆက်ဆံမှုမရှိခဲ့။
အမြဲလို မင်းတွေငါတွေနှင့် မာကျောကျောသာ ပြောဆို
ဆက်ဆံလေသည်။

သိမ့်ဘက်က အကောင်းပြုမှုခဲ့ပေမယ့် မောင်ကတော့
အကောင်းဘယ်သောအခါမျှ မမြင်ခဲ့သလို မျက်နှာသာ
ည်း မပေးခဲ့ပါ။

ကြာတော့ ဒါတွေဟာ သူမအတွက် ဝဋ်ကြွေးတွေ
များလားလို့ တွေးထင်လာမိတော့သည်။

ဒါဟာ မောင့်အချစ်ကို ရူးသွပ်လှစွာသိမ်းယူခဲ့မိခြင်း
၏ ရလာဒ်ပေပဲလားကွယ် . . .။

## အခန်း (၅)

ဆားမပါတဲ့ဟင်းသည် ပေါ့ပျက်၏။

ဤသို့ပင် သိမ့်နှင့်မင်းခန့်၏ အိမ်ထောင်ရေးမှာလ မင်းခန့်ဘက်က အချစ်ဆိုတာမရှိတာမို့ ပေါ့ပျက်ပျက်နှင့်ခံ စားချက်မဲ့ခဲ့ရသည်။

အဆိုးဆုံးက သိမ့်အား အမျိုးမျိုးသောနည်းဖြင့် မုန်း တီးနေမိခြင်းဖြစ်သည်။





ကုမ္ပဏီရုံးခန်းမှအပြန် သိမ့်နှင့်မျက်နှာချင်းမဆိုင်ချင် သသမျှ ဝင်းနိုင်၊ သောင်းအေးတို့နှင့် စားသောက်ဆိုင် ါက်စေအောင် ထိုင်တတ်ခဲ့၏။

ထိုင်ဖြစ်တိုင်းလည်း မသာယာသောသူ့အိမ်ထောင် ေးအကြောင်းကိုသာ ရှေးရှုပြီး ရင်ဖွင့်မိသည်ပေါ့။

'အိမ်ထောင်ဆိုတာ နေတတ်ရင်အင်မတန်မှ သာယာ ာကွ မင်းခန့်ရ၊ မင်းကမနေတတ်လို့'

'ဟုတ်ပါ့ . . .ဟုတ်ပါ့'

သောင်းအေးစကားကို ဝင်းနိုင်က လက်မထောင်ကာ ောက်ခံမှုပြုတော့ မင်းခန့် မှုံးနေသမျှလွင့်ပျယ်ချင်သ ိုလို . . .။

မင်းခန့်အတွက်တော့ သူနှင့်သိမ့် အိမ်ထောင်ရေးမှာ ယ်လိုသောသာယာမှုမှ မရှိချေ။

ဒါကြောင့်မို့ သောင်းအေးကိုပြန်မေးယူရ၏။

'သောင်းအေး မင်းစကားကို ပြန်ပြောပါဦးကွ၊ ဘယ်လိုသာယာတဲ့ အိမ်ထောင်ရေးလဲ'

'ဟိုက်ရှားဘား ညံ့ပါ့ မင်းခန့်ရာ၊ မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက် လက်ထပ်ယူကြပြီဆိုကတည်းက ဘဝနှစ်ခုကိုတစ်သားထဲဖြစ်အောင် ပေါင်းစပ်ယူလိုက်တာပဲကွ'

'အေး အဲဒီမှာမှလူမှုဝတ္တရား၊ မိသားစုတာဝန်တွေကိုကောင်းကောင်းဆိုးဆိုး ရင်ဆိုင်ဖြေရှင်းပြီး ချစ်ချစ်ခင်ခင်နေကြတာဟာ သာယာတဲ့အိမ်ထောင်ရေး တစ်ခုပေါ့ကွ'

'အခက်အခဲတွေ့ရင် ရင်ဆိုင်ဖြေရှင်းမယ်ကွာ၊ ပျော်စရာရှိရင် လင်မယားနှစ်ယောက်ပျော်လိုက်မယ်၊ ဒါပဲကွာ'

'အားပါးပါး သောင်းအေးစကားတွေ အတော်တတ်နေပြီပဲကွ၊ ငါတော့ မင်းပြောသလိုပဲ ကျင့်သုံးတယ်၊ အောင်တော့အောင်မြင်သားကွ၊ ငါ့သားလေးတောင် ရှေ့နှစ်မူကြို





တ်တော့မှာ'

ဝင်းနိုင်က သောင်းအေးအပြောကို တင်းပြည့်ကျပ် ထောက်ခံနေပေမယ့် မင်းခန့်အဖို့ သူတို့ထင်မြင်ချက် တစ်ခြားစီမို့ မျက်စိမျက်နှာပျက်ပြီး စိတ်ထဲလဲဘဝင်မကျ အောင်ဖြစ်နေရသည်။

'တောက် မင်းတို့ပြောတဲ့ဘဝနဲ့ ငါခံစားနေရတဲ့ဘဝ တစ်ခြားစီပဲကွာ၊ ဒီတော့ ငါလက်မခံဘူး'

'ဟေ မင်းက ဘာဖြစ်လို့ လက်မခံချင်ရတာလဲကွ'

အပေါင်းအသင်းများ မင်းခန့်စကားကြောင့် အံ့ဩလို့ ကြလေသည်။

မအံ့ဩလဲခံနိုင်ရိုးလား၊ မင်းခန့်လက်ထပ်ယူထား နေခြည်သိမ့်ဆိုတာက ဥစ္စာပေါရုပ်ချော သမီးပျိုလေး တ်လား။

သို့ပေမယ့်လို့လည်း လက်တွေ့မှာ သူတို့ထင်တာ

တွေဟာ မင်းခန့်နှင့်သိမ့်ရဲ့ အိမ်ထောင်ရေးမှာတော့ များစွာ ခက်ထန်နေသဖြင့် . . .။

'ဒီမှာ သောင်းအေးနဲ့ဝင်းနိုင်၊ မင်းတို့နှစ်ယောက်ရဲ့ ပြောစကားထဲမှာ အချစ်ဆိုတာပါတယ်၊ အေး ငါ့ဘဝမှာ အချစ်ဆိုတာမရှိဘူး၊ မပါဘူးကွ ဒါကြောင့် မင်းတို့ပြောတာ တွေ ငါလက်မခံချင်ဘူး'

'ဟေ မဟုတ်သေးပါဘူးကွ၊ မင်းခန့် မင်းနဲ့သိမ့်တို့ က ဘဝရဲ့ကြင်ဖော် ဇနီးမောင်နှံတွေလေ၊ အဲဒါ ငါတို့လည်း အသိသားပဲဟာ'

'အေး ဟုတ်တယ်၊ လင်မယားဖြစ်တိုင်း ဘဝကိုမ တည်ဆောက်ကြတဲ့လူတွေ အများကြီးပါကွာ၊ ငါလည်းပါ တယ်ပေါ့၊ အဲဒါငါသိမ့်ကို မချစ်လို့၊ နောက်ပြီး သေချာနေ တာက သိမ့်ကိုမုန်းတီးနေလို့ဘဲ'

'ဘာ မုန်းလို့'





'ဘယ် ဘယ်လို'

မင်းခန့်အား သောင်းအေးရော ဝင်းနိုင်ပါ ထူးဆန်း သော သတ္တဝါကြီးတစ်ကောင်လို အပြူးသားကြောင်ကြည့် နေခဲ့ကြ၏။

သို့ပါသော် ဒီစကားကို မင်းခန့်ရင်ထဲကသာ ပြော ထွက်ခြင်းဖြစ်သည်။

သိမ့်ဟာ သူ့အတွက်တော့ သာယာတဲ့အိမ်ထောင် ဖက်ဇနီးမယားတော့ မဖြစ်ခဲ့ချေ။

သိမ့်ကို သူလက်ထပ်ခဲ့တာဟာ သိမ့်ကိုချစ်လို့မ ဟုတ်၊ မိဘအလိုဆန္ဒအား မလွန်ဆန်မပယ်ရှားဝံ့သော ကြောင့်သာလျှင်ဖြစ်တော့သည်။

ဒီအတွက် သိမ့်ကိုသူချစ်လို့မရခဲ့။ မချစ်ခဲ့။ ဒါကြောင့် ပင် သူနှင့်သိမ့် အိမ်ထောင်ရေးမှာလဲ သာယာမှုမရှိခဲ့ပါချေ။

## အခန်း (၆)

ကုမ္ပဏီအလုပ် ပင်ပန်းလွန်း၍လည်းကောင်း၊ တစ်ခြားအကြောင်းကြောင့်သော်လည်းကောင်း၊ စိတ်ညစ် လွန်း၍သော်လည်းကောင်း မင်းခန့်တစ်ယောက် အပေါင်း အသင်းများနှင့် လှည့်လည်ကာ နာမည်ကြီး စားသောက် ဆိုင်များသို့ လှည့်လည်ပြီး အချိန်ကော ပိုက်ဆံပါ ဖြုန်းတီး ခဲ့သည်။





လှောင်ပိတ်နေသော သူ့နှလုံးသားများကို မင်းခန့် ...း နဲ့ပဲဖြေသိမ့်ကျေနပ်ခဲ့၏။

တစ်နေ့နာမည်အကြီးဆုံး စားသောက်ဆိုင်တစ်ခုကို ... အတိုင်းရောက်ခဲ့ကြသည်။

ရှုပ်ထွေးနောက်ကျိနေတဲ့စိတ်ကို ဘီယာပျော့များဖြင့် ... နေမိသည်။

'တဲ ဟော့ကောင် မင်းခန့် မင်းသိပ်စိတ်ညစ်နေတယ် ...သာ ဒီဆိုင်ကိုခေါ်လာတာနော်၊ မင်းသိပ်သောက်မနေ ...မှ မင်းကို ဆူနေလိမ့်မယ်'

သူမနာမည်ပင် မကြားချင်အောင် မုန်းတီးနေမိတာ ...င်းအသင်းများ မသိရှာ့သလား။

'ဝင်းနိုင် မင်းစကားထဲ သိမ့်နာမည်မပါလို့ မရဘူး ...ကြားရတာနားခါးတယ်၊ အတတ်နိုင်ဆုံး သူ့နာမည် ...ပြောနဲ့ကွာ'

သူမဟာ မင်းခန့်အတွက် အမုန်းဆုံး မိန်းမတစ်ဦး ဖြစ်သည်။ နာမည်သော်မှုမကြားချင်။

သူ့အမုန်းနာမစကားကြောင့် ဝင်းနိုင်က ပြုံးသည် ပြီးတော့ ဟန်အပါဆုံးလေသံမျိုးနဲ့။

'ဒီမှာ မင်းခန့် မင်း ဖန်ခါးသီးကိုစားဖူးရဲ့လား'

'ဟေ ဖန်ခါးသီး'

လတ်တလောအဖြေမပေးမိဘဲ သူ့လေသံအတိုင်း သာ လိုက်ရွတ်နေမိသည်။

ကြားက သောင်းအေးအဖြေကို ဝင်ဖြေပေး၏။

'ဟော့ ဝင်းနိုင် မင်းခန့် စားဖူးတာ မစားဖူးတာ ငါမသိ ဘူး၊ မင်း ဖန်ခါးသီးက ဘယ့်နှယ်အရေးပါလို့တုန်း'

'ဟဲ ဟဲ ပြောမယ်လေကွာ၊ နိဒါန်းဆိုတာပျိုးရတယ် ကွ၊ ဒါမှငါ့စကားတန်ဘိုးရှိမှာ'

'ဟာ မင်းစကားက မြင့်လှချည်လား'





'အေး ဝင်းနိုင်က ခပ်မြင့်မြင့်ပဲဟာ'

'ဟော့ သိပ်လဲမြင့်မနေနဲ့၊ လေတိုက်မှဖင်ပေါ်သွား မယ်'

'ဟာကွာ မင်းတို့စကားများနေတာ အတွေးပျက် တယ်ကွာ၊ ဝင်းနိုင် ဖန်ခါးသီး ဘာဖြစ်လဲ ဆက်ပြောစမ်း ကွာ'

'အေး ပြောမယ် နားထောင်၊ မင်းနဲ့သိမ့်ဟာ ဖန်ခါး သီးဘဝကို ရောက်နေတာ၊ ဒီမယ် မင်းဖန်ခါးသီးကို စား ကြည့်မယ်ဆို ပထမဖန်မယ်၊ ပြီးတော့ ခါးသက်သက် နောက်မှ တဖြည်းဖြည်းချိုလာတာ မဟုတ်လား'

'အေး အဲဒါနဲ့သိမ့်နဲ့ဘာဆိုင်လဲ'

'ဟ ဆိုင်တာပေါ့ မင်းနဲ့သိမ့်ဟာ ခုမှစားကာစမို့ ဖန် တန်တန်နဲ့ခါးနေတာကွ၊ နောက်တဖြည်းဖြည်း ချိုလာပါ လိမ့်မယ်'

အဖြေက သိမ့်အားတစ်ချိန်သူချစ်လာမည်ပေါ့
ဟာ မင်းခန့်အတွက် မဖြစ်နိုင်ဆုံးအလုပ်တစ်ခုပါ။

'တော်ပါ ဝင်းနိုင်၊ ငါ့ဘဝမှာ သိမ့်ဟာအခါးသက်
ဆေးခါးကြီးပဲ၊ ဘယ်တော့မှချိုလာမှာ မဟုတ်ဘူး'

'ဟေ ဟုတ်လား၊ အဲဒီဆေးခါးကြီးက ရော
ပျောက်တဲ့ ဆေးခါးကြီးဖြစ်နေတာ မင်းမမေ့နဲ့'

သိမ့်အား တစ်ချိန်မှာတွယ်တာလာမယ်လို့သာ
ပြောနေကြသည်။

သူလက်မခံချင်တာနဲ့အမျှ ခေါင်းကိုသာသွက်သွ
ခါယမ်းမိသည်။

'အမုန်းဆုံးမိန်းမကို ချစ်လာစရာ အကြောင်းမရှိ
သောင်းအေး၊ ဒါ ငါ့ရင်ထဲကစကားပဲ'

သောင်းအေးနဲ့ဝင်းနိုင် စကားကို ဥပေက္ခာပြုပြီး
စတိတ်စင်ပေါ်ကိုသာ အကြည့်ပို့လွှတ်ထားလိုက်သည်





သီဆိုသွားသော တေးသံရှင်မလေး တော်တော်များ
များအလှကို သူငေးမောမိတော့ သိမ့်နဲ့ပတ်သက်လို့ မွန်း
ကြပ်ပိတ်လှောင်နေခဲ့သမျှ လွင့်မျောပျောက်ကွယ်သွားကြ
တာ အံ့ဩစရာပင်။

အဆိုတော်မလေးတွေ တစ်ယောက်ပြီးတစ်ယောက်
ပြောင်းသွား၏။ သူသည်လည်း မူးယစ်လို့နေပါပြီ။

ဒီအချိန်မှာပဲ အနောင်ဇာ၏ကြေငြာသံက သူ့နားစည်
မှာ လာရိုက်သည်။

'ယခုအလှည့်ကျတေးသံရှင်ကတော့ တေဘယ်လ်
နိုင်းမှ တေးသံရှင်မေနှင်းနွယ်ဖြစ်ပါတယ်ရှင်'

'ဖြောင်း ဖြောင်း ဖြောင်း'

'မေနှင်းနွယ် . . .မေနှင်းနွယ်'

ဒီနာမည်ကို မင်းခန့်အထပ်ထပ် ရွတ်ကြည့်နေခဲ့မိ
သည်။

လှလိုက်တဲ့နာမည်လေးပါ။

အကြည့်ကိုပါ စနေပြီဖြစ်သော စတိတ်စင်ပေါ်လှမ်း ရွှေ့လိုက်ချိန်မှာတော့ မင်းခန့် ရင်တွေဖြောင်းဆန်ကာသွား ခဲ့ရသည်။

'အို လှလိုက်တာ'

'ကြွေရုပ်လေးလိုကို လှတာပါလားကွယ်'

နာမည်နှင့်လိုက်လွန်းအောင် လှလွန်းတဲ့ သူမအား မျက်တောင်ပင် မခတ်နိုင်အောင်ဖြစ်နေမိသည်က မင်းခန့်။

အပေါင်းအသင်းများလဲ မင်းခန့်လိုပင် အသက်ရှူဖို့ ပင်မေ့နေကြပြီထင်၏။

'တော်တော်လှတယ်ကွာ၊ သူလေးသာရရင် သေပျော် ပါပြီကွာ တကယ်'

'ဟော့ကောင်တွေ တော်ကြစမ်းပါကွာ၊ ဟိုမှာ သီချင်း ဆိုပြီးဒီဘက်လာနေပြီ'





ဟုတ်၏။

မေနှင်းနွယ်က လှပတဲ့ပုံစံလေးနဲ့ သီချင်းဆိုပြီး မင်းခန့်တို့ စားပွဲနားအထိ ရောက်လာနေသည်။

သူမနှင့် အကြည့်တစ်ချက်ဆုံလိုက်ရုံနှင့် မင်းခန့် စိတ် တွေလှုပ်ရှားသွားသည်။

'အို လှရက်သူလေးရယ်'

'အရမ်းလှတယ်ကွာ'

မေနှင်းနွယ် သူပြောတာကြားသွားလျှက်က အပြုံး လေးဖြင့် 'သင့်ခ်ယူး' တဲ့။

မင်းခန့် ရင်တွေ ခုန်နှုန်းမမှန်တော့။ သူမထံကိုသာ တော်မက် ငေးကြည့်နေမိသည်။

စင်ပေါ်မှမေနှင်းနွယ်က အပြုံးလဲ့လဲ့လေးနှင့် သိမ့်သိမ့်သူ တေးသီချင်းကိုသီဆိုနေပြန်သည်။

ကြွေရုပ်လေးနှယ် မျက်နှာပိုင်ရှင်၊ ပြီးတော့ အိထွေး

နေတဲ့ ဝိတုန်းရောင်ကေသာများ၊ ကျော့ရှင်းလှပတဲ့ ခ
အလှတို့က စားပွဲဝိုင်းများမှ ပုရိသတော်တော်များများကို
ညှို့ယူဖမ်းစားနေတော့၏။

မင်းခန့် ရင်ခုန်သံမမှန်ချင်တော့ချေ။

ကောင်တာရှိရာသို့ထသွားလျှက် ဈေးအကြီးဆုံး
အလှဆုံး ပန်းကုံးတစ်ကုံးကို ဝယ်လျှက် မေနှင်းနွယ်ရဲ့
လည်တိုင်မှာ စွပ်ပေးလိုက်သည်။

ပြီးတော့ အနွေးထွေးဆုံးပြုံးပြရင်းမှ . . .

'အိုင်လပ်ဗ်ယူ'

မင်းခန့်နှုတ်ဖျားမှ မမျှော်လင့်ဘဲ ထွက်သွား
စကားသံကို မေနှင်းနွယ်ကလည်း အလှဆုံးအပြုံးနဲ့ တု
ပြန်ရင်း . . .

'ကျေးဇူး'

'ရှိ . . .ဖြောင်း . . . ဖြောင်း'





မင်းခန့် စင်ပေါ်က ပြန်ဆင်းလာတော့ လက်ခုပ်သံ
တွေက ညံမစဲတော့အောင်ထွက်ပေါ်လာ၏။

ဖိုလိုက်နေတဲ့ရင်က ကိုယ့်စားပွဲမှာဝင်ထိုင်မိတဲ့အထိ
အခုန်မရပ်ခဲ့ချေ။

မေနှင်းနွယ်ကို သူရင်ခုန်ခဲ့ရပြီပေါ့။

မင်းခန့်မျက်လုံးများက သူမထံကခွာမရတော့။
တဒင်္ဂလောကကြီးကိုပင် မေ့သွားတဲ့အထိ။

ဝင်းနိုင်နှင့်သောင်းအေးက သူ့အဖြစ်ကိုသတိထားမိ
သွားကာ . . .

'မင်း သတ္တိတွေသိပ်ကောင်းနေပါလား မင်းခန့်'

'သိမ့်သာသိလို့ကတော့ မင်းတစ်ကိုယ်လုံး အစိမ်း
လိုက်ဝါးစားလိမ့်မယ်နော်'

ဒီစကားကြောင့် အပျော်တွေချက်ချင်းပျောက်ကွယ်
ကုန်၏။

'နားခါးတယ်ကွာ မပြောနဲ့ သိမ့်နဲ့ ဝေးလေ ငါ့အတွက်ကောင်းလေပဲ'

မကျေမချမ်းပြောပြီး မေနှင်းနွယ်ရဲ့အလှကိုသာ ငေးကြည့်နေလိုက်မိပါသည်။

အချိန်ပိုင်းအတွင်းမှာပင် မေနှင်းနွယ်ဟာ မင်းခန့်နှလုံးသားများကို နှောင်ဖွဲ့ယူငင်သွားသလိုလို သိမ့်နှင့်လှုပ်ရှားမှု မရှိခဲ့တဲ့ သူ့နှလုံးသားများက မေနှင်းနွယ်နှင့်ကျမှ အမျိုးမျိုးလှုပ်ရှားနေခဲ့သည်။

အဲဒီနေ့က ဝင်းနိုင်တို့ တားနေတဲ့ကြားက သူ မေနှင်းနွယ်ကို ခင်မင်စွာမိတ်ဖွဲ့ခဲ့ဖြစ်သည်။

'ဟုတ် မေနှင်းကလည်း ခင်တတ်ပါတယ်'

ဒီစကားလေးက သူ့နားထဲမှာ စွဲစွဲနစ်နစ်ဖြင့် ထင်ကျန်ရစ်လို့ နေခဲ့ပါသည်။

မေနှင်းနွယ်နှင့်ဆုံဆည်းပြီးနောက် မင်းခန့် နှလုံး





သားများက သူမနှင့်ထပ်တူထပ်မျှ ပါသွားခဲ့ပြီထင်၏။

စားစားသွားသွား သူမကိုသာတမ်းတနေမိ၏။

အိပ်စက်ခြင်းအချိန်တွေကိုပါ သူမက စိုးမိုးခြင်းဖြင့် အနိုင်ယူသွားခဲ့သည်။

သေချာတာက မေနှင်းနွယ်နှင့်ပတ်သက်မိပြီးကာမှ နေခြည်သိမ့်နဲ့ မွန်းကြပ်ခဲ့တဲ့အချိန်တွေ သိသာစွာလွင့်ပျယ်ပျောက်စီးခဲ့သည်။

မေနှင်းနွယ်ကို စွဲလန်းမိခြင်းသည် မင်းခန့်အတွက် အချစ်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းလေလား။

သေချာတာက သိမ့်ထက်တော့ မေနှင်းနွယ်ကို ဦးစားပေး ချစ်နေခဲ့မိခြင်းဖြစ်မည်။

သို့ပေမယ့် မေနှင်းနွယ်ကို စားသောက်ဆိုင်မှာ သွားစောင့်ပြီးတွေ့ပေမယ့် မတွေ့ရတော့ . . .။

'မင်းဟာက မဟုတ်သေးပါဘူးကွာ၊ အိမ်မှာလဲ သိမ့်

က ငုတ်တုတ်ကြီးရှိရက်နဲ့များ'

'ဝင်းနိုင် တော်ကွာ၊ သိမ့်ကိုငါ ရင်မခုန်ဘူး'

'အေးပါ ငါသာသိမ့်ဆိုလို့ကတော့ မင်းလို ကောင်မျိုး အမှုနဲ့ချေပစ်မှာ'

'မတတ်နိုင်ဘူးကွာ၊ သူကငါ့ကိုအရုပ်တစ်ရုပ်လို သိမ်းပိုက်ခဲ့တာကိုး၊ သူ့အတွက်ငါဟာ အရုပ်ပဲဖြစ်မှာ'

သူ့ဘဝကို အပေါင်းအသင်းများကပင် နားမလည်ချင်ကြတော့။ ကိစ္စမရှိ သူကတော့ မေနှင်းနှင့်တွေ့နိုင်ဖို့သာ ကြိုးစားရှာဖွေခဲ့မိသည်။

သိမ့်အတွက် ကြားကနေဝင်ကာ စာနာပေးကြပေမယ့် သူ့နှလုံးသားက မာကျောနေဆဲပင်။

'ဆရာ ကျွန်မ ကွန်ပျူတာ တက်ရမယ်ဆို'

စာရေးမလေးပြောမှ အတွေးတွေလွင့်ပျယ်သွားကာ

'အေး နွယ်နီ သင်တန်းကိုငါလိုက်အပ်ပေးမယ်၊ နှစ်





...နဲ့အပြတ်သင်ရမှာ'

'ဟုတ်ကဲ့'

နွယ်နီကို ကားဖြင့်ကွန်ပျူတာသင်တန်း' လိုက်ပို့ပေး...း မေနှင်းနှင့်ပြန်တွေ့ခဲ့ရသည်။

ဖြစ်ချင်တော့ မေနှင်းနွယ်က ကွန်ပျူတာသင်တန်း...ရာမ ဖြစ်နေပြန်သည်။

'မေနှင်းနော် . . . ဝမ်းသာတယ်ဗျာ၊ တို့ မေနှင်းကို...နေခဲ့တာ ကြာပြီ၊ ခုမှပဲတွေ့တော့တယ်'

'နွယ်နီက တို့ကုမ္ပဏီက စာရေးမလေးလေ၊ ကွန်ပျူ...တာ အရေးတကြီးတက်မှဖြစ်မှာမို့ပါ'

'စိတ်ချပါရှင် မေနှင်း အကောင်းဆုံးကြိုးစား သင်...သွားမှာပါ၊ အခြေခံရှိထားရင် မြန်ပါတယ်လေ'

အနီးကပ်မြင်ရမှ မေနှင်းအလှက စားသောက်ဆိုင်မှာ...ဘက်တွေ့တာထက်ပင် ပိုလှနေသေးသည်။

'စားသောက်ဆိုင်မှာ ကိုယ်တို့လာစောင့်ဖြစ်သေး တယ်'

'သြော် မေနှင်းက တစ်ခါတစ်လေမှ ဝါသနာပါလို့ ဆိုဖြစ်တာပါ၊ ပင်တိုင်အဆိုတော်တော့ မဟုတ်ပါဘူး'

'ဒါကြောင့် ကျွန်တော်တို့နဲ့မတွေ့တာကိုး'

ဒီနောက်တော့ မင်းခန့်နှင့်မေနှင်း တွေ့ဆုံခွင့်လေး တွေ များလာသလို ခင်မင်မှုအတိုင်းအတာလေးလဲ ပိုများ လာခဲ့သည်။

သင်တန်းဆင်းချိန် မေနှင်းကားနောက်မှ မင်းခန့် ကားရှိနေတတ်သလို မေနှင်းသင်တန်းတက်ချိန်ဆိုလဲ မင်းခန့်ကားက အနီးအနားမှာရှိနေတတ်ခဲ့ပြီ။

မေနှင်းနွယ်၏ အရိပ်တစ်ခုသဖွယ် မင်းခန့် ဖြစ်လာ ခဲ့သည်။

မေနှင်းဟာ သူ့အတွက် ရင်ခုန်သံစည်းချက်ဖြစ်မှန်း





... ဖြစ်လာခဲ့သည်။

မေနှင်းနွယ်နေသည့် အင်းယားလမ်းနှင့်မင်းခန့်ရုံးက ...ဦးနှင့် ကြမ်းပြင်ပမာ ဖြစ်နေခဲ့သည်။

လမ်းကြုံ၍သော်လည်းကောင်း၊ တမင်တကာစောင့် ...သော်လည်းကောင်း၊ မေနှင်း၏အရိပ်ဖြစ်မှန်းမသိဖြစ်၍ ...ခဲ့သည်။

သိမ့်နှင့် မဖြစ်တည်ခဲ့ဖူးသော ရင်ခုန်သံများက ...နှင်းနှင့်ကျမှ တားဆီးလို့မရနိုင်တော့။

သူမ ကားလေးကွန်ပျူတာသင်တန်းရှေ့မှာ ရပ်ပြီး ...သင်တန်းပေါ်တက်သွားမှ သူရုံးတက်ဖြစ်သလို . . .

ညနေသင်းတန်းလွတ်ချိန် မင်းခန့် ကြိုရောက်နေ ...ခဲ့သည်။

အချိန်တွေအားလုံးလိုလိုကို မေနှင်း အတွက်ပေးအပ် ...လိုက်မိသည်။

ဒီအတွက် သူ ကျေနပ်မိပါသည်။ သူအချစ်ကို ရှာ[illegible] တွေ့ရှိခဲ့လေပြီလား။

မကျေနပ်နိုင်သူက အပေါင်းအသင်းများပါ။ သိမ့်ကို အိမ်မှာချောင်သိပ်ပြီး မေနှင်းအားတမ်းတမ်းစွဲနေပုံကို နှ[illegible] မြို့မှ မရှိကြ။ မကျေနပ်ကြချေ။

'မင်းခန့် မင်းသိပ်ကိုကြောင်နေပြီကွာ'

'အေးလေ ကားတစ်စီးနဲ့များ အချိန်ကုန်ခံ မိန်းမပိုး နေရတယ်လို့၊ ကလေးကလား'

သို့ပေမယ့် မင်းခန့် သူ့လုပ်ရပ်ကိုတော့ ကျေနပ်နေမိသည်။

'ဟော့ ဒီမှာ လူတွေပြောကြဖူးပါတယ်၊ ဘာတဲ့ ချစ်ခြင်းအစ မျက်စိကတဲ့၊ ငါ့အနေနဲ့ လုပ်ရပ်ကလေးတွေပါ အချစ်ဖြစ်နေချင်တယ်လေ'

'အေး မင်းခန့် မင်းတော့ရူးမယ်'





'ရူးနေတာတော့ အမှန်ပဲ သောင်းအေး၊ ဒါပေမယ့် [illegible]ရူးသွပ်မှုကို ငါရင်ခုန်တယ်၊ သိမ့်ဆီကမရခဲ့တဲ့ ရင်ခုန်မှု [illegible] မေနှင်းဆီက အပြည့်အဝရရှိတယ်ကွာ၊ ဒီတော့ ငါ့ရူး[illegible]မှုက အဓိပ္ပာယ်ရှိတာပေါ့'

'နေခြည်သိမ့်ဟာ မင်းရဲ့ဇနီးမယားဆိုတာများ မေ့နေ[illegible]လား မင်းခန့်၊ သူလည်းအတိုင်းအတာတစ်ခုအထိပဲ [illegible]င်းကို လိုက်လျောနိုင်မှာ၊ ကြာရင်တော့ ခါးသီးလာမှာ'

ကိုယ့်ဘက်က တစ်ဖက်သတ်ဆန်တယ်ပဲဆိုဆို သိမ့်[illegible] ဘယ်လောက်သူ့အပေါ်ကောင်းနေစေဦးတော့၊ သူ့အ[illegible]ကတော့ အချည်းနှီးသာ . . .။

ဒါကို အပေါင်းအသင်းများကြားကနေ ခံပြင်းနေကြ[illegible]င်းဖြစ်သည်။

'တို့ဘက်က ဝိတ်ပင်တာမဟုတ်ဘူးနော် မေနှင်းနွယ် [illegible]မင်းရော အကြောင်းပေါင်းသင့်သွားခဲ့ရင်တော့ ကောင်း

တာပေါ့ကွာ၊ သိမ့်ခမျာ မင်းနဲ့အိမ်ထောင်သာ ကျခဲ့ရှာတာ ငါတို့သတိထားမိသလောက် မင်းဘက်ကမင်းကိုတာဝန်ကျေသားနဲ့’

‘တော်ပြီ သောင်းအေး၊ မင်း သိမ့်နဲ့ပါတ်သက်ပြီး မပြောနဲ့တော့၊ ငါ့ရင်ထဲမှာရှိနေတာ မေနှင်းနွယ်ပဲ’

ကာယကံရှင်မင်းခန့် ကိုယ်တိုင် ဤမျှခါးခါးသီးသီးနဲ့ ဖြစ်နေသောအခါ သောင်းအေးရောဝင်းနိုင်ပါ နှုတ်ဆိတ်ပြီး နေလိုက်ကြတော့သည်။

အပေါင်းအသင်းရင်းတွေမို့ ပြောမနာဆိုမနာ ဆိုပေမယ့် သူများလင်မယားကြားမှာ ကြားဝင်စေ့စပ်ရတာ တကယ်တော့ မလွယ်ကူတဲ့အလုပ်။

ဝင်းနိုင်ရောသောင်းအေးပါ မင်းခန့် အိမ်ထောင်ရေးအကြောင်းကို အတွင်းသိအစင်းသိမို့ မင်းခန့်အား ဖြောင်းဖျပြောဖြစ်နေကြခြင်းဖြစ်သည်။





နှစ်ဖက်မိဘသဘောတူ လက်ထပ်ပေးခဲ့ရိုးမှန်ပေမယ့် မင်းခန့်ကသာ တစ်ဖက်သတ်စိမ်းကားပြီး ယောကျ်ားတစ်ယောက်ရဲ့တာဝန်ဝတ္တရားတွေ ပျက်နေသလောက် သိမ့်ကတော့မှ သုံးနှစ်သုံးမိုး ကျိတ်ပိုးနေခဲ့သူပီပီ မယားဝတ္တရားကိုသာမက မင်းခန့်အား နှစ်နှစ်ကာကာချစ်ခဲ့ ယုယကြင်နာခဲ့တာပါ။ မင်းခန့်ဘက်က တရားလွန်ကြီးကို ပျက်ကွက်ဝတ္တရားမကျေမှုတွေ များလာခဲ့လေတော့ သူတို့ပင်ကြားက မျက်နှာပူလာရတဲ့အထိ ဖြစ်လာ၏။

ဒါကြောင့်လည်း အပေါင်းအသင်းကောင်း ပီသစွာနဲ့ ဖြောင်းဖျပေးနေခဲ့ကြခြင်းဖြစ်သည်။

မင်းခန့်ကတော့ ကြာလေ ပိုလို့ဆိုးလာလေဖြစ်ခဲ့၏။

မေနှင်းနွယ်ကိုသာ တန်းတန်းစွဲဖြစ်နေတော့သည်။

သိမ့်နှင့်ပါတ်သက်လို့ အချစ်မရှိဘူးဆိုပေမယ့် မေနှင်းနွယ်နှင့်ကျတော့ အချစ်တွေကော ကြင်နာယုယမှု

တွေပါ ပေးစွမ်းနေခဲ့၏။

ဘယ်သူ့ဖျောင့်ဖျမှုကိုမှလည်း နားမဝင်ခဲ့တော့ . . .

အပေါင်းအသင်းစကားလဲ နားမထောင်တော့တဲ့အ ပြင် မေနှင်းနွယ်ကိုပင် ပိုလို့ပေါ်ပေါ်ထင်ထင်တွဲလာခဲ့သည်။

ပရိသတ်များရဲ့ ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက် စာများ ပေးပို့လိုပါလျှင် . . .။

ရှိုင်းစာပေ၊အမှတ်(၁၆)၊လမ္မတော်လမ်း၊ သန်လျင်မြို့

ဖုန်း ၀၉၅၀၄၀၆၄၆





## အခန်း (၇)

မောင်နဲ့ပတ်သက်လာလျှင် သိမ့်ဘက်က အစစ …အားဝတ္တရား ကျေချင်နေမိသည်ပေါ့။

အိမ်မှာ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်နေ …သူ ဖြစ်ပေမယ့် မောင်နဲ့နှစ်ယောက်တည်း နေသောဘဝ

တွင် အိမ်အလုပ်တွေရော မီးဖိုချောင်ထမင်းဟင်းကိုပါ သိ
ချက်ပြုတ်တတ်အောင် ကြိုးစားသင်ယူခဲ့သည်။

'မမလေး နေပါ မြမြ ချက်ပေးမှာပေါ့'

'အမလေး မမလေးကသာ ချက်ထားလိုက်တာ
ဖွယ်ဖွယ်ရာရာ၊ အစ်ကိုမင်းခန့်က အပြင်မှာဘဲစားစားလာ
တဲ့ဟာ'

'ရပါတယ် မြမြရယ်၊ မမပင်ပန်းတာမှမဟုတ်တာ
မောင်ကုမ္ပဏီမှာ အလုပ်များလို့ အပြင်မှာသွားစားဖြစ်သွာ
တာနေမှာပေါ့'

'အင်း အစ်ကိုလေးကတော့ လောကကြီးမှာ
အကောင်းဆုံးလူသားပဲ သိလား'

'ဟင် ဘာဖြစ်လို့လဲ မြမြ'

မောင်နဲ့ပတ်သက်ပြီး သိမ့်ဟာ ဘာအကြောင်းနဲ့
ဖြစ်ဖြစ် ရင်ခုန်နေခဲ့မိတာပင်။





မြမြပေးလာမယ့် ထင်မြင်ချက်ကိုသာ မျှော်လင့်တ
ကြီးနဲ့ စောင့်မျှော်နေမိသည်။ သူမဟာ မောင်နဲ့ဆိုအဖြစ်
သည်းလွန်းတယ်ပဲ ဆိုဆို၊ ရင်ခုန်သံတို့က မြန်နေတတ်
မြဲ၊

'ဘာဖြစ်ရမလဲ မမရဲ့၊ မမက ဥစ္စာပေါရုပ်ချော၊ သူ
ဌေးသမီးလေးကို အစ်ကိုလေး ရထားတာလေ၊ ပြီးတော့
အစ်ကိုလေးကိုချစ်လိုက်တာမှ တုန်လို့၊ အစ်ကိုလေးက
သိပ်ကို ကံကောင်းတာပဲ'

'အစ်ကိုလေးကများကျတော့ မမနဲ့စကားပြောပြီဆို
မျက်နှာကြီးကို မှုန်ထားလိုက်တာမှကြည့်လို့ကိုမရဘူး
ဘာကယ်'

မြမြ ပြစ်ပြစ်နှစ်နှစ်နဲ့ဝေဖန်တော့ မောင့်ဘက်က စိတ်
ကောင်းပင်ဖြစ်ရတဲ့အဖြစ်။

'မြမြ ဒီလိုမပြောရဘူးလေ၊ အစ်ကိုလေးကို မမဘယ်

လောက်ချစ်တာ သိတယ်မို့လား’

‘ဟုတ်’

မြမြကို ဟန့်သာဟန့်လိုက်ရပေမယ့် သိမ့်ရင်ထဲမှာ တော့ တဆစ်ဆစ်နာကျင်လာခဲ့ရသလိုပင်။

မောင် သူမအားဆက်ဆံနေပုံတွေကို ဘေးလူဖြစ်တဲ့ အိမ်ဖော်မလေး မြမြကတောင်ရိပ်မိနေခဲ့ပြီလေ။

မောင့်ထံက တုန့်ပြန်လာမယ့်အချစ်တွေကို မျှော်လင့် စောင့်စားခဲ့တဲ့နေ့တွေ သိမ့်အတွက်တော့ မနည်းတော့ပြီ။

သို့ပေမယ့် လက်တွေ့မှာတော့ သိမ့် မောင့်ထံက လက်ထပ်ပြီးကတည်းက ကြင်နာမှု၊ ယုယမှုဆိုတာ ဘာမျှ မရရှိခဲ့ချေ။

ကုမ္ပဏီလုပ်ငန်းအကြောင်းပြပြီး မနက်စောစောအိမ် က ထွက်သလို ပြန်လာတော့လည်း လုပ်ငန်းအကြောင်းပြ ကာ ညဉ့်နက်မိုးချုပ်မြဲ။





ဒါတင်မက အပေါင်းအသင်းများနှင့် သောက်စား တတ်သေးတော့ တစ်ကုတင်မှာနှစ်ယောက်အတူ အိပ် ခဲ့ရပေမယ့် သူမအတွက် အထီးကျန်ဆန်လွန်းလှသည်။

သို့ပါသော်လည်း မောင့်အနားမှာ ဒီလိုပြုစုခွင့်လေး ရနေတာနှင့်ပဲ ကြံဖန်ကာ သိမ့် စိတ်ဖြေခဲ့၏။

မောင် တစ်နေ့ သူမအပေါ်ချစ်လာမယ်ပဲ တထစ်ချ ယုံကြည်ထားလိုက်သည်။

ဒါပေမယ့် တစ်နေ့ မြမြနှင့်ပျင်းပျင်းရှိလှတာနှင့် ဈေးဝယ်လိုက်ခဲ့မိသည်။

‘မမရယ် ဈေးထဲမှာ သားငါးတန်းက ရွှံ့ဗွက်တွေထ နေတာ ပင်ပန်းပါတယ် မမစားချင်တာပဲမှာလိုက်လေ’

‘ရတယ် မြမြရယ် မောင် ကြိုက်တတ်တဲ့ ဟင်းလေး တွေချက်နေရင်း မမလဲပျင်းမနေတော့ဘူးပေါ့’

‘အင်း မမလေးကသာ သဲသဲလှုပ်၊ ကိုကိုလေးက အဲ . .’

မြမြ ဆက်မပြောဝံ့တော့၊ မင်းခန့်အကြောင်း မ
ကောင်းပြောတဲ့ သိမ့် သဘောမကျတာ သူမသိခဲ့ပြီးတာ
ပင်။

'ကဲ. . .ကဲ လာ ကျန်တာမပြောနဲ့တော့၊ မမကူတော
မြမြလည်း သက်သာတာပေါ့'

စကားဖြတ်ပြီးဈေးကို ကားဖြင့်ထွက်ခဲ့သည်။

မြမြလဲ အလိုက်သိစွာနှင့် မင်းခန့်အကြောင်း မဟ
တော့ဘဲငြိမ်ပြီး လိုက်ပါလာ၏။

မြမြ က သိမ့်တို့မိဘအိမ်မှာကတည်းက အိမ်အကူ
လုပ်လာခဲ့သူမို့ သိမ့် အိမ်ထောင်ကျတော့လဲ မေမေက အ
ဖော်ရအောင် ထည့်ပေးခဲ့ခြင်းဖြစ်သည်။

မြမြက မီးဖိုဆောင် အချက်အပြုတ်ကောင်းယုံမျှမက
သစ္စာလည်းရှိသည်။

အနေကြာလာတာနဲ့အမျှ မြမြကို သိမ့်ကညီမရင်း





ာင်ယောက်နှယ် အားကိုးတွယ်တာလာမိ၏။

ဒါကြောင့်လဲ သူမနှင့်မတော်တော့တဲ့ အင်္ကျီအဝတ်အ
စားအစ မြမြ အပြင်က ဝယ်ဝတ်ရသည်မရှိ။

သိမ့် ကိုယ်တိုင်က အဝတ်အစားတစ်ခါဝတ်ရုံနှင့် ရိုး
သွားလျှင် ပြန်မဝတ်တတ်ခဲ့။ သိမ့်ပေးသမျှတွေက မြမြ
အတွက် အသစ်တွေပဲဖြစ်နေတတ်၏။

ခုတော့ မြမြမှာ တောကလာတာဆိုပေမယ့် မြို့သူနှင့်
မခြား ဝတ်စားတတ်နေပြီ။

သိမ့်နှင့်မြမြ ဈေးဝယ်ပြီး၍ ပြန်ရန်ကားပါးကင်သို့
ရောက်လာခိုက် . . .။

'ဟော့ သိမ့် . . . သိမ့် မင်း နေခြည်သိမ့်နော်'

'ဟယ် ပပ နင်ငါ့ကိုတောင် မမှတ်မိဘူး'

'အေးပေါ့ဟဲ့ နင်ကပိန်ကျသွားတာကိုး၊ မင်္ဂလာ
ဆောင်တုန်းကတောင် ပြည့်ပြည့်ဖြိုးဖြိုးပါ၊ ဘာလဲ နေမ

ကောင်းလို့လား'

ကျောင်းနေဖက်သူငယ်ချင်း ပပက တွေ့တာနှင်း ပေါက်ပေါက်ဖောက်သည့်အလား . . .။

'ကောင်းပါတယ်ဟ၊ နှင်ထင်လို့ပါ'

မောင်နဲ့ပတ်သက်ပြီး အိပ်ပျက်ညတွေ များခဲ့တာ ကြောင့်လို့ သိမ့်ပြောမထွက်ခဲ့။

'ဩော် ဒါနဲ့ သိမ့်၊ ကိုယ်မင်းကိုပြောစရာရှိတယ်'

ပြောရင်း မြမြကို မျက်စပစ်ပြနေတာမို့ . . .။

မြမြ သွား . . . သွား၊ ကားထဲမှာ သွားစောင့်နေ'

မြမြ ကားထဲရောက်သွားမှ သိမ့်က ပပအားခုန်နေ သော ရင်အစုံဖြင့် မေးရသည်။

'နှင် ဘာပြောမလို့လဲ ပပ'

'အေးဟယ် ငါလည်း သူများလင်မယားကြား အတင်းစကားမျိုး မပြောချင်ပါဘူး၊ ဒါပေမယ့် နှင့်အစား





မြင်းလို့'

'ဘာရယ် 'ငါ့အစား'၊ နားမရှင်းဘူးဟယ်'

'ကဲပါလေ ခုမှတော့ မထူးတော့ပါဘူးလေ'

ဒီလိုဟ ငါ မနေ့က နင့်ယောကျ်ား မင်းခန့် ကားပေါ် အမျိုးသမီးတစ်ယောက်နဲ့ တွဲပြီးတွေ့လိုက်တယ်၊ နှင် အတိုင်းပဲ လွတ်ထားတော့မှာလား'

'ဘာရယ် ပပ ဟုတ်ကောဟုတ်ရဲ့လားဟယ်'

'ငါက မဟုတ်တာပြောပါ့မလားဟယ်၊ သူတို့က ကားပေါ်မှာ မိုးမမြင်လေမမြင်ဖြစ်နေကြတာ'

'အို ရက်စက်လိုက်တာ မောင်ရယ်'

မင်းခန့် ခြေလှမ်းတွေ ပျက်နေတာ သိမ့် သိတော့သိ ခဲ့ပါ၏။

သို့သော် မောင် ဒီလောက် သိမ့် အပေါ်မှာ စိမ်းကား ကော်မယ်တော့ နည်းနည်းမှတွေးတောင် မတွေးဝံ့ခဲ့တာ

ပါ။

အိမ်ပြန်ရောက်တော့ သိမ့် အခန်းထဲမှာ ကျိတ်ငိုး

လိုက်သည်။

ဒီအချိန်ထိ သိမ့်ဘက်က အချစ်တွေ မလျော့ပါးခဲ့

သေးတာတော့ အံ့သြစရာပါ။

ဒီရက်တွေထဲမှာ မောင့် ခြေလှမ်းတွေ သိသာစွာပျက်

နေခဲ့တာ သိမ့် သိနေသည်။

သို့ပေမယ့် မောင့်အား ပေးဆပ်ခြင်းဖြင့် ချစ်ခဲ့သူပီ

မောင့် အပြစ်တွေသိပင်သိခဲ့ငြား နှုတ်ဖျားမှပြောလို့မထွက်ခဲ့

ချေ။

သို့ပေမယ့်လို့ သိမ့် ရဲ့ရင်ထဲ၊ အသည်းထဲမှာတော့

နေဆယ်စင်းမက ပူပြင်းနေခဲ့ပါသည်။

မောင် မသိအောင် တိတ်တခိုးကျခဲ့ရတဲ့ မျက်ရည်

တွေက ပေါင်းကြည့်မယ်ဆို မြစ်တစ်စင်းစာမျှ ကမည်





င်ပါလေတော့။

ကျိတ်မှိတ်ခံစားခဲ့ရတဲ့ဝေဒနာတွေက သူမအတွက်

နိုင်မျှတော့။

အဲဒီလောက်တောင် သိမ့်ဟာ မောင့်ကိုချစ်ခဲ့တာပါ၊

င် ဟာ သိမ့်ရဲ့ဒုတိယအသက်ပင်။

မောင် ဘယ်ကိုသွားသွား မောင့်ရဲ့ကိုယ်ပွားအရိပ်က

သည် သူမသာဖြစ်လိုက်ချင်သည်။

နေပူဒဏ်၊ မိုးရွာဒဏ်တို့မှ ကာကွယ်ပေးသော ထီး

လေးလည်း သိမ့် ဖြစ်ကြည့်ခဲ့ဖူး၏။

သို့ပေမယ့် မောင်ကတော့ သူမအပေါ်မှာ သူစိမ်းဆန်

န်သာ ဆက်ဆံနေခဲ့၏။

ကြာတော့ သူမ မောင့်အပေါ်ထားတဲ့ မေတ္တာစေတ

တွေကို ဘယ်တော့များမှ နားလည်ပါတော့မလဲလို့ ဝမ်း

ည်းမိရသည်။

အပြည့်အဝ မဟုတ်တောင်မှ အနည်းအကျဉ်းတော့ မောင့် မေတ္တာကို ငံ့လင့်မိနေတာပါ မောင်။

ရှိုးကျကျပြင်ဆင်ပြီး အပြင်ထွက်တော့မယ့် မောင့် အား သိမ့်က အချိုသာဆုံးပြုံးကာ . . .။

'မောင် ဒီနေ့ သိမ့် ဗိုလ်ချုပ်ဈေးသွားချင်လို့၊ လိုက်ပို့ ပေးပါလားမောင်'

မောင့် မျက်နှာဟာ အလိုမကျရိပ်များ ဖြတ်သန်းသွား လျှက်က . . .

'ဟာကွာ မင်းတို့မိန်းမတွေ အားအားရှိ ဟိုသွားချင် ဒီသွားချင်ပဲ၊ အလုပ်နားရက်လေး အပေါင်းအသင်းတွေနဲ့ အနားယူမလားမှတ်တယ်'

'မင်း ဒီလောက်သွားချင်နေရင် ဒရိုင်ဘာဖိုးတီးကို ခေါ်သွား၊ ငါ သွားစရာရှိတယ်'

'သိမ့် မောင် အားတဲ့နေ့ကျမှပဲ သွားတော့မယ် မောင်'





'အေး သဘောပဲ၊ အပြင်ထွက်ချင်တဲ့ စိတ်ဓာတ်ကို ည်းလျှော့ဦး မင်း အိမ်ထောင်သည်ဖြစ်နေပြီကွ'

ပြောချင်တာပြောပြီး မောင် ကားကိုတလကြမ်း င်းထွက်သွားခဲ့ပြီ။

မောင် ဘယ်လိုခြေလှမ်းမျိုးတွေ လှမ်းနေတာကို သိမ့် ဲ ရှိပါ့မလားကွယ်။

'သိမ့်တို့က သတိပေးတာနော်၊ မင်းခန့် ကောင်မ တစ်ယောက်နဲ့ တွဲနေတယ်'

ခင်မင်သူတွေ ပြောခါစက သိမ့် မယုံကြည်ခဲ့ချေ။

တစ်နေ့ သိမ့် မေမေတို့အိမ်ကအပြန်မှာတော့ မောင့် ပေါ်မှာ မိန်းမချောလေးတစ်ယောက်နှင့် တကယ့်ကို ချင်ကြည်နူးလို့ပါ။

မောင်ကတော့ သိမ့်အား မြင်ပုံမရချေ။

သိမ့် နှင့်သာဆို အမြဲလိုလို အလိုမကျနိုင်သော မောင်

က အခုအချိန်မှာ ပြုံးပျော်နေနိုင်တာ အံ့သြစရာပါပဲကွယ်

မောင်သည် ခုတော့ ချောင်းကိုပစ်၍ မြစ်ကိုရှာလေပြီ

မြစ်ကိုတွေ့လို့မှ ရေမကူးတတ်ခဲ့ပါလျှင် မောင်သည် မကြာ

ခင်ဒုက္ခတွေ့ပေတော့မည်။

ဒီအခါမှာ သိမ့်က ကယ်တင်ရမည်လား။

ဥပေက္ခာပြုနိုင်မတဲ့လား ။

သေချာနေတာကတော့ဖြင့် မောင် ဒုက္ခရောက်မှာကို

သူမ ဘယ်နည်းနှင့်မျှ ကြည့်မနေနိုင်တာပဲဖြစ်၏။ ဒါဟာ

မောင့်အား သိမ့် မှန်ကန်သော ချစ်ခြင်းမေတ္တာဖြင့် ချစ်ခဲ့မိလို့

သာပင် ။

'ဟော့ သိမ့်၊ ငါ့ အဝတ်အစား လိုက်ရဲ့လား၊ ကြည့်

ပေးစမ်းပါဦးကွ'

'သိမ့် ငါ့ ဖိနပ် တိုက်ထားပေးစမ်းပါ'

အခုတလော မောင် သိပ်ကိုပြင်ပြင်ဆင်ဆင်နှင့် လှ





ချင်နေတာ သိမ့် သိသည်။

သာမန်ဆို ကိုယ့်လင်သားလှချင်နေတာကို အပြစ်မ

ဆိုပဲ ဂုဏ်ယူဝမ်းသာရဦးမှာပေါ့။

ဒါပေမယ့် ဒီပြင်မိန်းကလေးတွေနဲ့ တွဲသွားတွဲလာ

ခြေပုန်းခုတ်နေတာကိုတော့ သိမ့် အူတိုချင်လာမိ၏။

သို့သော် သိမ့် ဘာဆိုဘာမျှ မသိသလို သဘောထား

ကြီးပြခဲ့ပါသည်။

အိမ်ထောင်ရေးဖောက်ပြန်မှုတစ်ခုကို ကျူးလွန်နေ

သော မောင့်အား သိမ့်ဘက်က ကြမ်းတမ်းစွာ ဖြေရှင်းလို့

ရှောမဟုတ်ပေ။

ညင်သာသိမ်မွေ့စွာ ဖြေရှင်းရပေတော့မည်။

ဒါဟာ ဘာကြောင့်လဲဆိုတော့ သိမ့်ရဲ့ဘဝ၌ မောင်

သည် မရှိမဖြစ်သော မောင် ဖြစ်နေသောကြောင့်ပဲဖြစ်သည်။

မောင် ချစ်မလာသည့်အရေးထက် မောင် မုန်း
သွားမှာကို အကြောက်ကြီးကြောက်နေမိ၏။

ပရိသတ်များရဲ့ ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်
စာများ ပေးပို့လိုပါလျှင် . . .။

ရှိုင်းစာပေ၊အမှတ်(၁၆)၊လမ္မတော်လမ်း၊ သန်လျင်မြို့

ဖုန်း ၀၉၅၀၄၀၆၄၆





## အခန်း (၈)

သိမ့်နှင့် မရရှိခဲ့သော ပျော်ရွှင်မှုများကို မေနှင်းနွယ်နှင့် ရှာဖွေခဲ့မိသည်။

'မေနှင်း'

'ရှင် .ကိုကို'

'မေနှင်း ကိုယ့်ကိုဘယ်လောက်ချစ်'

'အားကြီး ချစ်တာပေါ့ ကိုကို၊ မေနှင်း ရင်ထဲမှာ ကိုကို ပဲရှိတယ်'

'သေချာတယ်နော် မေနှင်း၊ ကိုကိုကတော့ မေနှင်း မေနှင်းဖြစ်နေပြီ၊ မခွဲချင်တော့ဘူး၊ မေနှင်း ခွဲသွားရင် ကိုကို သေမှာ'

'အင်း မေနှင်းကလဲ ကိုကို့လိုပါပဲကွယ်'

'ဒါကြောင့် အချစ်တွေပိုနေရတာပေါ့ မေနှင်းလေး ရယ်'

မေနှင်းနွယ်ကို ရင်ခွင်ပွင်း ပွေ့ဖက်ထားမိသည်။ မင်းခန့် ရှာဖွေတွေ့ရှိခဲ့တာ မေနှင်းဆိုတဲ့ အချစ်ကလေးများ လား။

ဒါဖြင့် သိမ့်သည် ဘာလဲဟုဆိုရမလို။

'ကိုကို'





'ဟင် ဘာလဲ မေနှင်း ပြောလေ'

'မေနှင်းတို့နှစ်ယောက် ဘယ်တော့ အတူတူနေကြ ရမလဲဟင်'

'ဟာ အခုနေနေတာပဲလေ မေနှင်း'

'ဟင့်အင်း ကိုကို့ကို မေနှင်း စိတ်မချတော့ဘူး'

မေနှင်း သူ့ရင်ခွင်းအတွင်းမှ တီတီတာတာပြောနေခဲ့ သော မင်းခန့်ကလဲ အသာယာကြီးသာယာနေခဲ့သည်။

မင်းခန့်ရဲ့ အလုပ်အားချိန်များကို မေနှင်းကသာ ပိုင်စိုးသွားခဲ့သည်။

ချစ်သူတွေသွားလေ့ရှိတဲ့ ဝန်းခြံ၊ ရုပ်ရှင်ရုံ စသည်တို့ ကို ခြေရာချင်းထပ်မျှရောက်ခဲ့သည်။

စီးဆင်းလာတဲ့ရေကို မြောင်းကလဲစီးဆင်းအောင် လှယ်တန်းပေးလာသဖြင့် မကြာခင်အချိန်အတွင်းမှာပင် မင်းခန့်နှင့်မေနှင်းဟာ တရားဝင်ချစ်သူများ အဖြစ်သို့

ရောက်ရှိခဲ့ကြသည်။

'မေနှင်း'

'ရှင် ကိုကို'

'ကိုကို ဘယ်လောက်ချစ်တာ ဟောဒီ မေနှင်းလေ
အသိနော်'

'ဟုတ် သိတယ်လေ ကိုကို'

'ဟင့်အင်း ဒီလောက်နဲ့ မကျေနပ်သေးဘူး၊ အနမ်း
သက်သေပြမှ'

'ဟာကွာ ကိုကိုကလဲ လူတွေရှိနေတဲ့ဟာ'

မင်းခန့်အဖို့ အချစ်ဆိုတာ ရှာဖွေတွေ့ရှိခဲ့ပါပြီ
ဒီအချိန်မှာ အရာအားလုံးဟာ တကယ်ပဲပျော်စရာအတိ
ခဲ့၏။

'မေနှင်း ကိုကိုလေ ဟောဒီ မေနှင်းလေးနဲ့တွေ့
အသည်းကိုထိအောင် ချစ်ခဲ့မိတာပါကွာ'





'ဒါဖြင့် အသည်းထဲထိနေအောင် ကိုကို မေနှင်းကိုပဲ
ချစ်ပေါ့နော်'

ပျော်ရွှင်ချမ်းမြေ့မှုတို့က ချစ်သူနှုတ်ဖျားမှတဆင့် သူ့
ရင်ထဲအထိအောင် ထိုးဖောက်ဝင်ရောက်ခဲ့ပါသည်။

အချိန်တိုင်း ရက်တိုင်းလိုလို မေနှင်းနှင့် မင်းခန့်တို့
ရောက်ဖူးသော နေရာဟူ၍ မရှိခဲ့ကြ။ အလုပ်ချိန်မှအပ
အားချိန်အချိန်များအားလုံးကို မေနှင်းက သိမ်းပိုက်ယူငင်သွား
ခဲ့၏။

ကြာလာသည်နှင့်အမျှ ခြေလှမ်းပျက်နေပြီဖြစ်သော
မင်းခန့်အား ဝင်းနိုင်ရော သောင်းအေးပါ အမြင်မကြည်
ကြတော့။

'မင်း ဒီအတိုင်းပဲနေသွားတော့မှာလား မင်းခန့်'

အပေါင်းအသင်းဆိုပေမယ့် ဝင်းနိုင်က မင်းခန့်
ထက်ထိမှာလည်း မန်နေဂျာဆိုတော့ ဘာပဲပြောပြော ပြောရဲ

ဆိုရှိသူပီပီ မေနှင်းနှင့်တွဲနေခြင်းအား ရိပ်ဖမ်းသံဖမ်းနေ
တော့ သူ အဖြေရခက်ခဲ့၏။

'ဟ ဒီအတိုင်းမနေလို့ ငါက မိုးပေါ်တက် က နေရ
လား ဝင်းနိုင်ရာ'

'ထပ်သရိး မင်းခုမှ ဝေ့လည်ကြောင်ပတ်လုပ်မနေနဲ့
မင်းခန့်၊ မင်းနဲ့ မေနှင်း အခြေအနေကို မေးတာ'

'ဟ ငါတို့က ဘာဖြစ်နေလို့လဲကွ'

ဒီအချိန်ထိ ဝင်းနိုင်ကို မင်းခန့်က အူလည်လည်လု
နေတုန်း။ အပေါင်းအသင်း မိတ်ဆွေကောင်း တစ်ယောက်
အနေနဲ့ ပြောသင့်တာပြောရပေတော့မည်။

'ဒီမယ် မင်းခန့်၊ မေနှင်းနဲ့မင်းကို ရင်းနှီးကျွမ်းဝင်
အောင် ဆုံဆည်းပေးခဲ့တာဟာ ငါတို့ပါကွာ၊ ဒါပေမယ့်
တို့က မင်း စိတ် ခဏတာပြောင်းလဲမှုမျိုးလောက်ပဲ ရည်ရွယ်
ခဲ့တာ'





'ခုတော့ မင်းဟာက မေနှင်း မှ မေနှင်း ဖြစ်နေပြီ'

'အေးလေ အဲဒါ ဘာဖြစ်လဲ၊ မေနှင်းဆိုတဲ့အချစ်ကို
ငါရှာဖွေတွေ့ရှိခဲ့တာတောင် နောက်ကျနေသေးတာ'

'မင်း မနောက်နဲ့ မင်းခန့်၊ ငါတို့က မင်းအတွက်အ
တည်ပြောနေတာ'

'ဟ . . . ငါလည်းအတည်ပြောနေတာပဲ၊ ငါ မေနှင်း
ကို တွေ့တာ နောက်တောင်ကျသေးတာကွ'

သူ မွှန်ထူနေတာများလား၊ ဝေခွဲမရပေမယ့် သေချာ
တာ တစ်ခုက မေနှင်းအား သိပ်ချစ်မိနေတာပင်။

'ကဲ ဟုတ်ပြီကွာ၊ ဒါဖြင့် ငါ မေးပါရစေဦး'

ဝင်းနိုင် စိတ်မရှည်ချင်တော့။

'ဘာမေးမှာလဲ ဝင်းနိုင်၊ ငါနဲ့မေနှင်းရဲ့ အခြေအနေကို
မေးမှာမို့လား'

သူ ကိုယ်တိုင်က ရင်ဖွင့်ချင်နေသော အကြောင်းမို့

ချက်ချင်းကောက်မေးဖြစ်တော့ ဝင်းနိုင် ပြုံး၏။

သူ့အပြုံးထဲမှာ အဓိပ္ပာယ်တွေ ပါနေတာတော့ မင်းခန့် နောင်မှသိခဲ့ရပါသည်။

'အေး ဟုတ်တယ် မင်းခန့်၊ မင်းနဲ့ မေနှင်း ဘယ်လို အတိုင်းအတာအထိ ဖြစ်နေကြပြီလဲ'

'ပြောပြရတာပေါ့၊ ငါနဲ့မေနှင်းဟာ တစ်ယောက်နဲ့ တစ်ယောက် အပျောက်မခံနိုင်အောင် သိပ်ချစ်ကြတဲ့ ချစ်သူ အဆင့်အထိရောက်နေပြီ ဘယ့်နှယ်လဲ'

ဝင်းနိုင်ရော သောင်းအေးပါ အံ့သြသွားမည် ထင်ထားခဲ့ပေမယ့် သူထင်ထားခဲ့သလို ဖြစ်မလာကြချေ။

'အေး မင်းတို့ဒီအဆင့်ထိဖြစ်တာ ငါတို့မအံ့သြပါဘူး၊ ဒါပေမယ့် မင်း နေခြည်သိမ့် ကို ဘယ်လိုလုပ်မလဲ မင်းခန့်'

မင်းခန့် ခေါင်း ချက်ချင်း ပုတ်လောက်ကြီးသွား၏။





သိမ့်အား ဇနီးမယားအဖြစ် ရယူထားရုံကလွဲပြီး သူ ကွာပြုထားခဲ့တာ မဟုတ်လား။

ဒါပေမယ့် သိမ့်ကို အရေးမပေးတဲ့ သူ့ညာဉ်အတိုင်း ပေါ့ပဲဆိုဖြစ်သည်။

'ဟား ဘာလုပ်ဖို့လိုလဲ သောင်းအေးရာ၊ သူ့ဘာသာ ဲ နေမြဲအတိုင်းနေသွားပေါ့၊ မနေနိုင်တော့လဲ သူ့သ အတိုင်းပေါ့ ဟုတ်ဘူးလား'

'ဟာကွာ မင်းမှားနေပြီ မင်းခန့်'

'ဟေ မမှားပါဘူး၊ ငါ မမှားဘူး'

မင်းခန့် ခေါင်းကိုချာချာလည်မတတ် ခါရမ်းပြီး ရင် အရှိအတိုင်း ဝန်ခံချလိုက်သည့်အခါ ဝင်းနိုင်ရောသောင်း ါ ထူးဆန်းတဲ့ သတ္တဝါလို သူ့အား ဝိုင်းကြည့်နေကြ သည်။

'အေး ငါ မမှားဘူး၊ ဘယ်တော့မှလဲ မမှားဘူး၊ ငါအ

ချစ်ကို အခုမှတွေ့တာ၊ အခုမှ ငါ့ဘဝ စ တာ၊ အခုမှ ငါ့ရဲ့ လွတ်လပ်မှုကို ရှာတွေ့တာ ကဲ မင်းတို့ ဘာပြောမလဲ'

သူငယ်ချင်းနှစ်ယောက်လုံး ခေါင်းကိုသာ တွင်တွင် ခါရမ်းနေကြသည်။

ပြီးမှ ဝင်းနိုင် လေသံလေးဖြင့် ပြောရှာသည်က . .

'နေခြည်သိမ့် အတွက်တော့ ငါတို့စိုးရိမ်တယ်ကွာ မင်းကို သူသိပ်ချစ်တာနော်'

'ဟ ငါက သူ့ယောကျ်ားပါ ဝင်းနိုင်ရာ၊ ငါတောင် မစိုးရိမ်သေးတာ၊ မင်းက ဘာကြောင့်စိုးရိမ်နေတာတုန်း'

ဝင်းနိုင် စေတနာကိုစော်ကားခံရပြီမို့ မျက်နှာတစ်ပြင်လုံး နီရဲသွား၏။ ဒါပေမယ့် သူငယ်ချင်းကောင်းပီပီ ပြောသင့်တာတော့ ဆက်ပြောလိုက်မိသည်။

'ဒီမယ် မင်းခန့် လူရယ်လို့ဖြစ်လာရင် လူ့ ဆင်ခြင်တုံတရားဆိုတာ ရှိရတယ်၊ ထားရတယ်ကွ၊ အနုပညာက မင်း





ဖြစ်က လူ့ အသိစိတ်မရှိတဲ့အတိုင်းပဲကွာ'

မင်းခန့် ဒီစကားတစ်ခွန်းနဲ့တင် အထိနာသွားခဲ့သည်။

သို့ပေမယ့် မေနှင်းရဲ့အချစ်နှောင်ဖွဲ့မှုကလည်း သိမ့်ထက် အဆများစွာသာနေတာလေ . . .။

'အဟား မင်းတို့ ငါ့ကိုလူမသတ်မှတ်လို့ တိရစ္ဆာန်လို့ ခေါ်ခေါ်ကွာ၊ ငါလုပ်ချင် ငါဖြစ်ချင်တဲ့ဆန္ဒကိုတော့ မပယ်ဖျက်နိုင်ဘူး အဲဒါပဲ'

'ကောင်းပြီလေ မင်းပြောတဲ့စကားနဲ့တင် မင်းကို ငါတို့နားချဖြောင်းဖျလို့ မရတော့ဘူးဆိုတာ သိလိုက်ပြီ၊ ဒါပေမယ့် တစ်ခုတော့ မင်းကိုသတိပေးပြောလိုက်ပါရစေ၊ သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုတော့ ရှိစမြဲဆိုတာ မင်းသိထားလိုက် မင်းခန့်'

'ဩော် အေး အေး ဒါဆို အခုလဲ နေခြည်သိမ့်

အတွက် တန်ပြန်သက်ရောက်မှုပဲလေကွာ၊ သူ့ကိုငါ မချစ် . . .'

'တောက် တော် . . . တော်၊ မင်း ဒီလောက်ညံ့ဖျင်းမဲ့ ယောကျ်ားလို့ ငါတို့ထင်ကိုမထင်ခဲ့မိတာ၊ တော်တော့ကွာ တော်တော့'

သူငယ်ချင်းနှစ်ယောက် မင်းခန့်အား ရွံစရာသတ္တဝါ တစ်ကောင်အလား ရေရွတ်ပြီးထွက်သွားတော့ မင်းခန့် ကိုယ့်လုပ်ရပ်ကို ပြန်တွေးကြည့်မိပြန်သည်။

သို့ပေမယ့် သူ့ အချစ်မပါပဲနှင့် နေခြည်သိမ့်က သိမ်း ပိုက်ခဲ့သည်ဟုသာ အဖြေရခဲ့သည်။

အားလုံးနှင့်ဆန့်ကျင်ဘက် ဖြစ်သောအရပ်တစ်ခုကို မင်းခန့် ရောက်မှန်းမသိပဲရောက်လာခဲ့သည်။

သို့ပေမယ့် သူ့အနားမှာရှိနေသော နေခြည်သိမ့်က တော့ဖြင့် သူ့အားအနီးကပ်ပြုစုပေးရင်းမှ မယားဝတ္တရား





ဖြန့်လာသည့်အပြင် ပိုပြီးလဲယုယမှုရှိလာသလို။

'မောင် ဟင်းတွေ နွှေးပြီးပြီ ထမင်းစားစို့နော်၊ မောင် ကြိုက်တဲ့ဟင်းတွေ ချက်ထားတာ'

'အေးလေ စားတာပေါ့ ဆာနေတာနဲ့အတော်ပဲပေါ့၊ ဟင်းတွေလဲ'

'ဝက်သားလုံးကြော်၊ ပုဇွန်ထုပ်ကြော်'

'မှျစ်ချဉ်နဲ့ဝက်သားကို အရည်ချက်ထားတယ်၊ တော့ မောင်ကြိုက်တဲ့ ငရုပ်သီးထောင်းစပ်စပ်လေး'

'စားလို့တော့ ကောင်းသကွာ'

ညအိပ်ယာဝင်ခါနီးတိုင်း . . .

'မောင် နွားနို့ပူပူလေး သောက်လိုက်ဦး'

'အင်း ကောင်းသားပဲ'

သိမ့်ရဲ့ပြုစုယုယမှုတွေမှာ သာယာချင်မိပေမယ့် အတွင်းပျောက်ကွယ်၏။

ဒီနောက်ကွယ်မှာ သူ့ဘဝတစ်ခုလုံးအား သူမက ချု

ကိုင်ထားခဲ့တာပဲဟု တွေးရင်းဖြင့် ခံပြင်းမိသေးသည်။

သူနှင့်မေနှင်း အကြောင်းတွေသိနေလို့များ သိမ့်ဟာ

သူ့အားဤမျှဂရုတစိုက်နှင့် ရှိနေခဲ့တာများလား။

ဘာပဲဖြစ်ဖြစ် ဒီအချိန်မှာ သိမ့်အား သူဥပေက္ခာပြု

ပေမည်။

သူ့အား သိမ့် ကဘယ်လောက်ပင် မြူဆွယ်မြူဆွယ်

သူကတော့ဖြင့် သိမ့်ဘက်သို့ ယိမ်းယိုင်လိမ့်မည်မဟုတ်ချေ

ဘာကြောင့်ဆိုတော့ သူ့နှလုံးသားအား မေနှင်းနွယ်

ထံသို့ ပေးအပ်ခဲ့ပြီးသောကြောင့်ပင်။

သည့်အတွက် သိမ့်လုပ်ဆောင် စွမ်းဆောင်ချက်များ

သည် သူ့အတွက် အခါနှောင်းသွားပြီဖြစ်သည်။

သိမ့် အားခွင့်လွှတ်ပါလို့ ပြောချင်ပေမယ့်လို့ နှုတ်မှ

ကပြောလို့လဲ မထွက်တော့ချေ။





သေချာတာက သူ့အချစ်များ သိမ့်အတွက်မဟုတ်ခဲ့

ဆိုရမှာပါပဲ။

ဒီအတွက် ဝမ်းလည်းမနည်းမိခဲ့သလို နောင်တ

တာလည်း မင်းခန့် အတွက်မဟုတ်ခဲ့ချေ။

သိမ့်ကို သူမချစ်ခဲ့၊ မေနှင်းကိုကျတော့ သူ အသည်း

အောင် ချစ်ခဲ့မိသည်။

မချစ်ဘူးခဲ့သည့်အချစ်တွေအားလုံးကို စုပုံအောကာ

နှင်းနွယ် ထံ့ပါးဝယ် အပ်နှံပြီးအချစ်ပိုခဲ့မိ၏။

မေနှင်းနွယ် သာ သူ့နှလုံးသားဖြစ်ခဲ့တဲ့အထိပါ။

တစ်ခါတစ်လေတော့လည်း သိမ့်ရဲ့ပြုစုယုယမှုများ

ည် မင်းခန့်အတွက် အင်မတန်မှပင် ကြင်နာမြတ်နိုးဖွယ်

တိ ဖြစ်ခဲ့သည်။

သို့ပါသော်လည်း နာရင်းစွဲရှိတဲ့ မင်းခန့် နှလုံးသား

က ပကတိ ဟန်ဆောင်လို့ကောင်းနေခဲ့သည်ချည်းသာ။

ကုမ္ပဏီသွားမည့် သူ့အား သိမ့်က အိမ်ထဲကပြေး

ထွက်လာကာ . . .။

'ဟင် မောင်က ဒီရှူးဖိနပ်စီးသွားမှာလား၊ သိမ့်က

ရိုးရိုးဝတ်ပြီးသွားမယ်မှတ်တာ၊ ရှူးကိုမတိုက်ထားလိုက်

ဘူး'

'သိမ့် ဘရပ်ရှ်နဲ့တိုက်ပေးမယ်နော်'

'ဟာ. . .နေ. . . နေတော့'

သိမ့်က သူစီးထားတဲ့ဖိနပ်အား တယုတယပွတ်သပ်

တိုက်ပေးနေပြန်တော့ ရင်မှာကျိတ်ပြီး ကျေနပ်နေမိသည်

ပါ။

ဒါတင်လားဆိုတော့ ရှိသေးသည်။

'ဟင် မောင် မျက်နှာလဲနွမ်းလို့ပါလား၊ အလုပ်တွေ

ပင်ပန်းလာပြီထင်တယ် သိမ့် နှိပ်ပေး၊ နင်းပေးမယ်နော်'

'ဒဏ်ကြေလိမ်းဆေးပါ လိမ်းလိုက်နော်'





'နေ နေပါကွာ'

အမှန်က မေနှင်းနွယ်နှင့် အတွဲခုတ်ပြီး ပင်ပန်းလာ

တာ သိမ့် နည်းနည်းမှသိမည်မဟုတ်ချေ။

ကြာတော့ အရိုးခံသဘောနဲ့သူမ ပြုစုသမျှကို ကိုယ့်

ဘက်က မလုံမလဲဖြစ်လာခဲ့၏။

သူမရဲ့စေတနာအမှန်ကို သူရိပ်စားမိလာခဲ့ရသည်။

ချစ်လို့တော့မရခဲ့။ သူ့ဘဝကို တစ်နည်းတစ်ဖုံ သူမ သိမ်း

ပိုက်ယူခဲ့တယ်ဆိုတဲ့အစွဲက ရင်ထဲမှာခိုင်မြဲနေ၏။

သူ့အပေါ်မှာ သူမ သံယောဇဉ်နှင့်ချစ်နေတယ်ဆိုတာ

ကိုတော့ မင်းခန့် ယုံကြည်သိမြင်လာခဲ့ပါပြီ။

သို့ပါသော် . . .

အချစ်နေ့ရက်တွေ ကြာလာတာနဲ့အမျှ မေနှင်းနွယ်

ကလဲ သူမ ရဲ့ပိုင်ဆိုင်ခွင့်တွေကို အတိအလင်း ကြေငြာ

ကောင်းဆိုလာခဲ့သည်ပေါ့။

'ကိုကို'

'ဟင် မေနှင်း'

'အချိန်တွေလည်း ကြာလာပြီကွယ်၊ မေနှင်းတို့ ဒီ အတိုင်းပဲ နေသွားတော့မှာလားဟင်'

'မေနှင်း ကိုကိုရဲ့ရင်ခွင်မှာ နေချင်လှပြီကွာ'

'အချိန်ခဏလောက် သည်းခံလိုက်ပါကွယ်၊ ကိုကို စဉ်စရာရှိတာလေးတွေ စီစဉ်ပါရစေဦးနော် ဟုတ်လား'

'ဟွန်း ကိုကို့ ကို ချစ်ရတာ စိတ်မောတယ်သိလား'

'ဘာဖြစ်လို့လဲ မေနှင်းရယ်၊ ဘာကြောင့် ရင်မော တာလဲကွာ'

'ဟွန်း ဘာဖြစ်ရမလဲ ကိုကို၊ မိန်းကလေးတစ် ယောက်က လက်ထပ်ရမယ့် ကိစ္စပြောရတာ ဘယ်လောက် အရှက်မဲ့ရာကျသလဲ၊ မေနှင်း ဒီစကားချည်းပြောနေရတာ ကိုကို စာနာသင့်တာပေါ့လို့'





ဖြစ်နိုင်တဲ့ တောင်းဆိုမှုမျိုး မေနှင်းတောင်းဆိုတာ သေမယ့် မင်းခန့်မှာ အလွယ်တကူခေါင်းညိတ်နိုင်တဲ့ အင် အားရှိမနေခဲ့ချေ။

မမြင်နိုင်တဲ့စွမ်းအားများနှင့် နေခြည်သိမ့် ကရစ်နှောင် ထားခဲ့၏။

ဒီနှောင်ကြိုးများအား ဖြတ်တောက်ပစ်ဖို့ကျတော့ သူ့ အတွက်ခဲယဉ်းလို့နေပြန်သည်။

အချိန်ဆွဲထားခြင်းသည်သာ မင်းခန့်အတွက် စိတ် ဖြေသာရာတစ်ခုဖြစ်ခဲ့သည်။

'ကိုကို ကတိပေးပါတယ် မေနှင်းရယ်၊ မေနှင်းနဲ့ ကိုကို့ အစီအစဉ်ကို ကိုကို အမြန်ဆုံးဆောင်ရွက်မှာပါ၊ ဒါပေ မယ့် ကိုကို့ကို အတိုင်းအတာလေးတစ်ခုတော့ အချိန်ပေးစေ ချင်တယ်'

ပြောရင်းမှ အပစ်မဲ့သူဟုထင်ရသော သိမ့် မျက်နှာနှင့်

သိမ့် ရဲ့ကြင်နာမှု၊ ယုယမှုများကို ပြန်မြင်ယောင်နေမိပြ
သည်။

သူ တစ်စုံတစ်ရာများ မှားယွင်းခဲ့လေပြီလား။

သေချာတာက မေနှင်းနှယ်ကိုလဲ သူချစ်နေမိခြင်းပင်

'ကိုကို ကိုကို့မှာ ဘာအခက်အခဲတွေ ရှိနေလို့လဲ
ဘာကြောင့် မေနှင်းကို လက်မထပ်ရဲတာလဲဟင်'

'မ . . မရှိပါဘူး အချစ်ရယ်'

'ဒါဖြင့်လဲ နေ့ကောင်းရက်မြတ်ရွေးပြီးမေနှင်းတို့
လက်ထပ်ကြပါစို့နော်၊ မေနှင်းကိုပါတ်ဝန်းကျင်က ပြော
ကုန်ကြပြီ ကိုကို သိရဲ့လား'

'ဟင် ဘာပြောကြလို့လဲကွာ'

'ပြောတာပေါ့ ကိုကိုက မေနှင်းကို အတည်ကြံတာ
မဟုတ်ဘူး၊ အပျော်ကြံတာ၊ ဟိုဟာရယ့်ဒီဟာဖြစ်ယုံနဲ့ အ
အမျိုးမျိုးပြောနေကြတာ'





'ဟိုက် ကွိုင်ပဲ မေနှင်းက ရှင်းမပြလိုက်ဖူးလား၊ ကိုကို
တို့က ရိုးရိုးသားသားချစ်ကြတာပါလို့'

'အာ ကိုကိုကလည်း . . လုပ်ပြီ၊ ရှင်းပြလို့ကော
ာ ထူးမှာလဲ၊ တော်ကြာ ရှင်းကာမှ ပိုရှုပ်ကုန်လို့အခက်'

အချစ်ရှုပုံတော် ဖွင့်ခဲ့မိသော ကိုယ့်ကိုကိုယ်လဲ အပြစ်
င်မနေချင်တော့။ ဒါကြောင့် မေနှင်း စိတ်ကောက်ပြေ
အောင် အကောင်းဆုံးသောအဖြေကို သူပေးရတော့၏။

'ကဲ ကဲ မေနှင်း စိတ်တိုင်းကျ ကိုကို ဖြစ်အောင်လုပ်
ပေးပါ့မယ်နော်'

'ရှင် တကယ်နော် ကိုကို၊ ကိုကိုက သိပ်လိမ္မာတာ
လား၊ ဒါကြောင့် မေနှင်း အချစ်ပိုရတာ'

ခါတိုင်း ချိုမြိန်စွာ တမ်းတခဲ့မိသော မေနှင်းရဲ့အနမ်း
သည် ခုတော့ ခါးသက်ကြမ်းရှရှကြီးခံစားရ၏။

ချစ်မိတော့လည်း ပြတ်သားဖို့တော့ လိုမည်ထင်မိ

၏။ သူ့အား ယုံကြည်စွာ ချစ်ခင်ကြင်နာခဲ့သော မေနှင်း၏ တောင်းဆိုမှုသည်လဲ ဒီလောကအတိုင်းအတာ တောင်းဆိုမှုသည် လွန်အံ့မထင်မိချေ။

မိန်းကလေးတစ်ယောက်အတွက် များစွာမှန်းထားမှုတွေရှိနေတာပဲလေ။

လူသိရှင်ကြား ဒါ ငါ့ယောကျ်ားဟဲ့လို့ ကြွားချင်ကောင်းကြွားချင်ပေလိမ့်မည်။

ဒါကြောင့်လည်း သူမအား ယှက်နွယ်ပတ်သက်ပြီး သံယောဇဉ်နှောင်ဖွဲ့မိသူ မင်းခန့် သူမအလိုကျလိုက်လျောခဲ့ခြင်းဖြစ်သည်။

ဦးစွာပထမစဉ်းစားရတာက မေနှင်းကို လက်ထပ်ပိုင်ဆိုင်ရေးနှင့် တစ်ဆက်တည်း သိမ့် အားကွာရှင်းပြတ်ဆဲဖို့ကိုပါ ထည့်တွေးရလေသည်။

'မေနှင်းနဲ့ ဘယ်လထဲမှာ လက်ထပ်ရကောင်းမလဲ





ကြာပါတယ်လေ၊ ရှင်းစရာရှိတာတွေ သိမ့်နဲ့ ရှင်းပြီးရင် အမြန်ဆုံးလက်ထပ်ရင်အေးရော'

နေခြည်သိမ့်နဲ့ကွာရှင်းရင်ကော သူ ပိုင်ဆိုင်သင့်တာ တစ်ဝက်တော့ခွဲပေးရမှာပဲပေါ့။

'အင်း ကားကတစ်ယောက်တစ်စီးဆီး၊ အပိုက တစ်ဆီးစီယူ၊ ကားကိစ္စက သူမေးရကောင်းမလား ငါယူရမလား'

ဒီရက်ပိုင်း အပြင်သိပ်မထွက်ဖြစ်တော့ပဲ မင်းခန့်ဆိုလဲတစ်ယောက်တည်း စီစဉ်ဆုံးဖြတ်ရသည်။

နေခြည်သိမ့် ကတော့ သူအလုပ်တွေ သိပ်ကြိုးစားနေသည် ထင်ပေလိမ့်မည်။

မဟုတ်။ သူ နေခြည်သိမ့် အတွက်ခွဲပေးသင့်သည်များအား ခွဲတမ်းချနေ၍ဖြစ်သည်။

တကယ်တမ်း စွန့်လွှတ်စွန့်ခွာခဲ့ရတော့မယ်ဆိုတော့

သိမ့် အတွက် အကောင်းဆုံးပေးအပ်ခဲ့ချင်မိသည်။

ခွဲခွာခါနီးကျမှ သူမ အားလွမ်းနေမိသလိုလို၊ ဘာ
လို သူ ဘာကြောင့် မပြတ်သားနိုင်ခဲ့ရတာလဲ၊ သူ့ဘဝအ
အချစ်ဆိုတာ ဘာမှန်းမသိခင်မှာပဲ သူမ လက်ထဲကျရော
ခဲ့ရတာပါ။

သူ ပြတ်သားရဲရမည်။

ဆုံးဖြတ်ရဲရမည်လေ။

မခွဲခင် အချိန်လေး တစ်နေ့မှာ မမျှော်လင့်ပဲ သူမထံ
က တောင်းဆိုမှုတစ်ခုပြုခြင်းကို ခံရလေသောအခါ. . .

သူမ တောင်းဆိုမှုအတွက် သူမနှင့် တစ်လျှောက်လုံး
မကျေမချမ်းနဲ့ အရှုံ့တိုက်ဆက်ဆံမိလေသမျှ နောင်တ
ရချင်သလိုလို။

သူ့ဘက်က အပြီးတိုင် စွန့်လွှတ်ကွာရှင်းတော့မယ်
ဆိုတာကိုတော့ ဖွင့်မပြောဖြစ်သေးဘူးပေါ့။





'မောင်'

သူမခေါ်သံက ကြေကွဲနေသလိုလို။

'ဘာလဲ သိမ့် ပြောလေ'

'ဟိုလေ မနက်ဖြန် သိမ့် ကိုရွှေတိဂုံဘုရားလိုက်ပို့ပေး
သားဟင်'

စကားနှင့်အတူ သူ့ထံကအဖြေကိုလဲ မျှော်လင့်
ကြီး စောင့်စားနေရင်း သူမ မျက်နှာလေး ညှိုးမှိုင်းလို့နေ
သည်၊

'အင်း သူကျေနပ်အောင်တော့ လိုက်ပို့ပေးလိုက်ဦးမှ
ငါက စွန့်ခွာသွားမယ့်သူပဲ'

ဆုံးဖြတ်ပြီးတာနှင့် ခပ်လွယ်လွယ်ပင် ခေါင်းညိတ်
လိုက်ဖြစ်၏။

သိမ့် ဝမ်းသာပါစေတော့လေ။

'လိုက်ပို့ပေးမယ်လေ သွား သိမ့် အဝတ်အစား သွား

လဲလိုက် ဟုတ်လား’

ဘယ်တုန်းကမှ အလွယ်တကူ ခေါင်းမညိတ်ခဲ့
သော မင်းခန့်ထံမှ ခုလိုခွင့်ပြုချက် ရရှိသွားတော့ သိ
ကလေးတစ်ယောက်ပမာပင် ပျော်မြူးသွားမိပါသည်။

ခဏချင်းမှာပဲ အဝတ်အစားလဲပြီး အလှပဆုံးပြင်ဆ
ထားလိုက်မိတဲ့အထိ။

မင်းခန့်နှင့်အိမ်ထောင်သက် တစ်လျှောက်လုံး ဒီနေ့
ဟာ သူမအတွက် အပျော်ဆုံးနေ့တစ်နေ့ပဲပေါ့။

သိမ့် တောင်းဆိုဖူးသမျှထဲတွင် ဤနေ့လိုမျိုး မင်းခ
ဘက်မှ အသာတကြည်လိုက်လျောခဲ့ဖူးတာမျိုး မကြုံဖူးတ
မို့ အံ့သြမိသလို ဝမ်းလည်းဝမ်းသာမိသည်။

တဒင်္ဂ အပျော်လေးက တစ်ဘဝလုံးအတွက်များလာ
ထင်မိသည်ပေါ့။

‘သိမ့် ပျော်လိုက်တာ မောင်ရယ်၊ မောင်ရော မပျော်





သားဟင်’

‘အင်း ပျော်ပါတယ်’

ကိုယ့် ရည်ရွယ်ချက်သာ သူမ သိမည်ဆိုပါလျှင် . .

မင်းခန့် ဆက်ပြီး မတွေးရဲ ။

သူ့ဘာသာ လိပ်ပြာမလုံ ဖြစ်မိသည်။

နောက်နေ့ဆို သိမ့် အား ကွာရှင်းစွန့်ပစ်ပြီး မေနှင်းကို
က်ထပ်ရတော့မည်။

ရင်ပြင်တွော်ပေါ်ဝယ် သူမက မင်းခန့်လက်ကို ချိတ်
လျှက် ကြည်နူးဝမ်းသာနေရှာသည်။

သူမ အပျော်လေးတွေကို မင်းခန့် အဘယ်သောနည်း
ဖျက်စီးရက်ပါ့မလဲလေ။

သူမနှင့် မင်းခန့် ယခုလိုယှဉ်တွဲ သွားလာခဲ့ခြင်းမှာ
ထမဆုံးအကြိမ်ပင်။ မကြာခင် အချိန်ကာလမှာပင် သူမ
အား မင်းခန့် စွန့်ပစ်ထားခဲ့တော့မှာဖြစ်သည့်အတွက်

သည်လောက်တော့ သူလိုက်လျှောခွင့်ပြုသင့်သည် ထင်
ပဲလေ။

နောက်ဆုံးအကြိမ် ဖြစ်ဖြစ်ပေါ့။

သူမ အဖြစ်ကိုကြည့်ပြီး ရင်တစ်နေရာမှာ ကျင်
နှင့်တို့လိုက်သလိုလို။

'မောင် ပျော်ရဲ့လားဟင်'

'အင်း . .ပျော် . .ပျော်ပါတယ်'

'သိမ့် တော့သိပ်ပျော်တာပဲမောင်'

သိမ့်ဟာ သူ့လက်ကို တွဲလျှက် အပြစ်မဲ့သူလို ပျော်
နေရှာသည်။

သူမ အပျော်လေးများက မင်းခန့် နှလုံးသားထိ
လာလို့ရိုက်ခတ်ခဲ့သည်။

'မောင် မောင်လို့'

'ဘာလဲ သိမ့် ပြောလေ'





'ဟိုမှာ မောင့်ရဲ့တနင်္ဂနွေ မွေးနံ့ထောင့်လေ၊ သွား
သွား ရေသက်စေ့လှူပြီး ဆုတောင်းခဲ့၊ ဒါမှ မောင့် ရဲ့လိုအင်
ဆန္ဒတွေ ပြည့်သွားမှာ'

လေပြေလေးလို ညင်သာစွာသူမ စေတနာနှင့် ပြောခဲ့
ဖြစ်ပေမယ့် မင်းခန့် နားထဲမှာ ချိန်ကိုက်ဗုံးကြီး ပေါက်
သွားသည့်အလားပါ။

သူ့ ဆန္ဒတွေပြည့်ဝအောင်တဲ့။

သူ့ ဆန္ဒတွေပြည့်ဝခဲ့ပါက သူမ အားစွန့်ခွာသွားတော့
မယ်ဆိုတာကို သိများသိနေရှာသလား။

သူ့ဘက်ကတော့ ဤမြို့ဗုဒ္ဓရှေ့မှာ ပေါ်ပေါ်ထင်ထင်
ဆုတောင်းရဲပါ့မလားကွယ်။

ဒါပေမယ့် သူမ အလိုကျတဲ့အတိုင်းတော့ မွေးနံ့
ထောင့်မှာ ရေသက်စေ့လှူကာ ဆုတောင်းဖြစ်ခဲ့သည်ပေါ့။

သူမအား စိတ်ချမ်းသာပါစေတော့လို့ပေါ့။

"ဒါဖြင့် သိမ့် ဒီနားမှာ စောင့်နေနော်၊ မောင် ရေလှူ[illegible]
လှူလိုက်မယ်"

'ဟုတ်ကဲ့ မောင်'

သိမ့် ပြုံးရင်း စောင်းတန်းအရိပ်လေးမှာ စောင့်ကျ[illegible]
ရှာသည်။

မင်းခန့်တစ်ယောက်မွေးနံ့ထောင့်မှာ ရေလှူရင်း [illegible]
စိတ်တွေလှုပ်ရှားနေခဲ့ သည်။

လှုပ်ရှားတဲ့စိတ်ကို တည်ငြိမ်အောင် ကြိုးစား[illegible]
ရတနာသုံးပါးကို ရည်မှန်းပြီး ဒါနပြုခိုက် စိတ်အစဉ်[illegible]
နေခြည်သိမ့်ထံရောက်သွားခဲ့ပြန်၏။

စိတ်တည်ငြိမ်မှု မရတော့တဲ့အဆုံး မင်းခန့် စိတ်[illegible]
ကို လျှော့ချလိုက်သည်။ ပြီးတော့ ဘုရားအာရုံပြုကာ ဦး[illegible]
ကန်တော့လိုက်သည်။ ပြီး သိမ့် ရှိရာပြန်လာခဲ့၏။

သိမ့် အားစာနာသနားသည့် စိတ်တို့က တဖွားဖွား



[illegible]ပေါ်နေသည်။

သာမန်အခြေအနေဖြင့် တွေးကြည့်လျှင်တောင်မှ
[illegible]ဟာ သူ့အတွက် ဇနီးမယားကောင်း ပီသသူတစ်
[illegible]တ်ပင်။

ခုချိန်မှာ သူဟာ မိုက်မဲလွန်းသူများဖြစ်နေခဲ့လေပြီ
[illegible] မခန့်မှန်းရဲ ။

တွေဝေထိုင်းမှိုင်းသောစိတ်ဖြင့် ကိုယ့်ဘာသာ သုံး
[illegible]ရင်း သိမ့် ရှိရာရောက်တော့ သိမ့် အားမတွေ့ရချေ။

'ဟိုက် ဒီနားမှာစောင့်နေပါလို့ ပြောထားသားနဲ့၊
[illegible]ရောက်သွားပါလိမ့်'

စောင်းတန်းအနီးအနား လှည့်ပတ်ရှာကြည့်တော့မှ
[illegible] က အမျိုးသမီးတစ်ယောက်နှင့် စကားလက်ဆုံကျနေ
[illegible]က သူ့ကိုတွေ့သွားလေလျှက်က . . .

'မောင် မောင် သိမ့် ဒီမှာ'

‘ဟင်’

အမျိုးသမီးငယ်က မင်းခန့်အားကျောပေးထားသဖြင့်
မျက်နှာကိုမမြင်ရပေမယ့် ရင်းနှီးဖူးသလိုမျိုး စိတ်ထဲမှာ
ထင်မိသည်။

မင်းခန့် သူမတို့အနီးရောက်သောအခါတွင် ။

‘ဒါ သိမ့်ရဲ့အမျိုးသားလေ၊ မင်းခန့်တဲ့’

‘ဟင် မေ . . . မေနှင်း’

‘ဟင် . . .ရှင် . . .ရှင် ကိုကို’

သိမ့်ထံက နှုတ်ဆက်စကားသံဟာ နားထဲမှာ မိုး
ချုန်းသံတစ်ခုအလား။

မျက်ဝန်းတွေပင် စုံကန်းသွားမတက်ပင်။

သိမ့် မိတ်ဆက်ပေးလာသူ မိန်းကလေးမှာ သူနှင့်
မကြာခင်လက်ထပ်ယူတော့မယ့် မေနှင်းနွယ် ပဲဖြစ်နေ
သည်။





တိုက်ပဲတိုက်ဆိုင်လွန်းစွာ သိမ့်နှင့်သူမက သူငယ်
တွေဖြစ်နေလေ၏။

အဆိုးဝါးဆုံးမှာကား မေနှင်းနွယ်ပဲဖြစ်၏။

သူမရဲ့အလှပဆုံးမျက်နှာလေးမှာ တခဏချင်းပင်
ခက်ထန်သွားလျက် . . .

‘ရှင် . . ရှင်ဟာ အခွင့်အရေးသမားပဲ၊ ကျွန်မ သူငယ်
နဲ့လက်ထပ်ထားတဲ့ ကြားကများ’

‘ရှင်ဟာ လူယုတ်မာ ရှင့်မှာ အိမ်ထောင်ရှိရက်နဲ့ သူ
သားသမီးကို ညာယူချင်ရတယ်လို့ ရှင့်ကို ကျွန်မ
တယ်’

‘သိမ့် တို့နဲ့မကြာခင် လက်ထပ်မယ့်သူဟာ မင်း
သား ဒီကဦးမင်းခန့်ပဲပေါ့၊ ခုတော့ တို့ ဒီအစီအစဉ်ကို
သိမ်းပစ်လိုက်ပြီကွာ’

မေနှင်းနွယ်မျက်နှာလေးက ဒေါသနှင့်ရှက်ခြင်း

ကြောင့် ရဲရဲနီလျှက် . . .

'တို့ သိမ့်ကိုတောင်းပန်ပါတယ်ကွာ'

သိမ့်က အခြေအနေအားလုံးကို နားထောင်နေရာ

နားလည်သဘောပေါက်ပြီးမှ သဘောထားအပြည့်ဝဆုံး

သော လေသံဖြင့် . . .

'တောင်းပန်စရာမလိုပါဘူး မေနှင်းရယ်၊ မသိလို့

ဖြစ်ခဲ့ကြတာပဲဟာ'

'ဒါဖြင့် မေနှင်း သွားမယ်။ သိမ့် သိမ့် အမျိုးသားကို

တော့ ကြည့်သာထိန်းပေတော့'

မေနှင်းနွယ် ခြေစောင့်ပြီးယွက်သွားတဲ့အထိ၊ မင်းခန့်

ကျောက်ရုပ်ကြီးလို ရပ်နေမိဆဲပါ။

သိမ့် ထံက နောက်ဆက်တွဲ ဘာများပြောလာလေ

လဲလို့ မျှော်လင့်နေမိပေမယ့် သိမ့်ဘက်ကသဘောထား

ပြည့်ဝစွာဖြင့် ဘာမျှပြောလာခြင်းမရှိချေ။





သေချာတာတစ်ခုက သိမ့် သဘောထားကြီးစွာနှင့်

ခွင့်လွှတ်သွားခြင်းပင်။

သူ့မှာသာအပြစ်ကျူးလွန်မိသူတစ်ယောက်နှယ်။

ဒါတွေသည် သူမ၏ အချစ်ကြီးမှုပေပဲလား။

မင်းခန့် ခွဲခြားလို့မရနိုင်။

'မောင်'

'ဟင် ထမင်းစားစို့လေ မောင် ဘာတွေစဉ်းစားနေ

တာလဲ၊ အလုပ်ကကိစ္စ အလုပ်ထဲမှာပဲ ထားလိုက်ပါမောင်

ရယ် ခေါင်းခြောက်ခံမနေပါနဲ့၊ ကိုဝင်းနိုင်တို့ ရှိနေတာပဲ

ဟာ'

ဒီလိုစကားပြေပြေလေးတွေနဲ့ပဲ သိမ့် က သူ့အား

ပြုစုပေးနေရှာသလား။

မေနှင်းနွယ်နှင့် သူပတ်သက်ခဲ့သမျှ အား သူမကရုတ်

ချည်းအတိတ်မေ့သွားသူတစ်ယောက်ပမာ . . .။

ဖွင့်ဟပြောဆိုမှုမရှိသလို မေးမြန်းခြင်းလဲမရှိ၊ နောက်ဆုံးမကျေနပ်ဟန်တောင်မပြချေ။

မင်းခန့်မှာတော့ သူမ မျက်နှာကိုပင် ရဲရဲမကြည့်ရဲတော့တဲ့အထိဖြစ်လာ၏။

သူမက ဘာမှမဖြစ်သလို နေပြလေ သူ့မှာ ပို၍အနေခက်လေဖြစ်ရသည်ပေါ့။

သိမ့် အား ထိပ်တိုက်မဆုံဖြစ်အောင်ပင် ရှောင်နေမိတဲ့အဖြစ်။

ဒါကို သိနေခဲ့သောသိမ့်က သူမနှင့်မင်းခန့် မျက်နှာချင်းမဆိုင် ဆိုင်မိအောင်၊ ထိပ်တိုက်မဆုံဆုံဖြစ်အောင် အကြောင်းရှာကာ ပြုလုပ်လာတတ်၏။

'မောင် သိမ့်ကို ဝတ်စုံလေးတွေရွေးပေးပါဦး၊ သိမ့်လှရဲ့လား'

'မောင် လက်သည်းတွေရှည်နေလို့ ညှပ်ပေးဦး ကွယ်'





'မောင် သိမ့်ကိုငါးအရိုးလေးတွေ ထွင်ပေးပါဦး'

စသည်ဖြင့် ရင်ထဲကပါတာရော မပါပဲနှင့်ပါ ခိုင်းလာတော့ မင်းခန့်အဖို့ ရှောင်လွှဲဖို့ကလဲ အခက်။ မလုပ်ပေးပြန် ရှင် ကျွန်မရှိရက်သားနဲ့တောင် နောက်တစ်ယောက် ဘတ်သေးတာ၊ ကိုယ့်မယားစစ်စစ်ကျတော့ စေတနာ ဘူး၊ ဘာညာတွေကို စိုးရိမ်နေ ရချိန်မို့ မချစ်သော်လဲ အောင့်ကာနမ်းခဲ့ရသည်။

စိတ်ထဲကတော့ သူမ အပေါ်မကျေနပ်ချင်ချင်၊ ဖွင့် တော့မပြောဝံ့ခဲ့။

ဒီလိုကျဉ်းထဲကြပ်ထဲ ရောက်နေချိန်မှာ မေနှင်းနွယ် တော့ မင်းခန့် အားယတိပြတ် သံယောဇဉ်မှန်သမျှ တ်ချသွားသည်။

မေနှင်းကို လွမ်းတာရော၊ သိမ့်ဘက်က ရိုးရိုးရှင်းရှင်း အကြပ်ကိုင်ခံနေရမှုကို လွတ်မြောက်ရာ ရှာကြံလေသော

အဲဒါ . . .

အိမ်မှာ အမြဲအပေါင်းအသင်းများနှင့်ရော တစ်

ယောက်တည်းပါ သောက်တတ်လာ၏။

'ဟင် မောင် မောင် အရက်တွေသောက်နေတယ်'

လျှာလေးအာလေးသံများဖြင့်

'တောက်တော့ ဘာဖြစ်လဲ'

'ဟင့် ဟင့် မောင်ရယ်'

သူ အရက်သောက်နေတာတွေ့တော့ သိမ့် မျက်စိ

မျက်နှာပျက်နေတာကိုတော့ သူ ကောင်းကောင်းသတိထား

မိသည်။

'မှတ်ထား သိမ့်၊ အဲဒါ မင်းကြောင့် မင်းကြောင့် ငါ

သောက်တာကွ မှတ်ထား'

ခေါင်းမထူနိုင်အောင် မူးနေခြင်းကိုမှ ကျေနပ်နေမိ

သည်။





'မောင်ရယ်'

သူမ ဝမ်းနည်းစွာ ငိုကြွေးနေခြင်းမှအပ မောင့်ကို

...ခြင်းများဖြင့် ဘာမှမတတ်နိုင်တော့ပါ။ လက်မြှောက်

...ပေးထားရပါတော့သည်။

အရက်သောက်ပြီဆိုကတည်းက မင်းခန့် လူမှန်းသူ

...မသိလောက်အောင် သောက်သည်ပေါ့။

အပေါင်းအသင်းအစုံနဲ့ ဝိုင်းဖွဲ့ဖြစ်တာသာဆိုး၏။

'တောက်'

'ဝင်းနိုင် ငါ့အသည်း မေနှင်းနဲ့ကွဲရတာ ဘယ်သူ့

...တ်ချက်ဖြစ်နေတယ်ထင်လဲ'

'သိဘူးလေကွာ'

'အေး အဲဒါ သိမ့် လက်ချက်ကွ၊ သိမ့်ကြောင့် သိမ့်

...အရင်ယူလိုက်လို့ ငါ့ ကို မေနှင်းက လက်မထပ်တော့တာ'

'ဟ တိုးတိုးလုပ်ပါကွာ၊ သိမ့် ကြားသွားလို့ ငါတို့

ပါ မကောင်းပါဘူး'

'တောက် ကြား . . .ကြား၊ ကြားပစေကွာ၊ ငါ မေနှင်း ကိုလွမ်းတယ်၊ မေနှင်း ငါ့ကိုရက်စက်တယ်၊ ငါ အသည်းကွဲ ပြီကွ'

'ဟာကွာ ဒီကောင် ခက်တော့တာပဲ'

'မခက်ပါဘူးကွ၊ ငါ အသည်းကွဲတာကွ'

'တောက် တော်ပြီကွာ မင်း အိမ်မှာငါတို့ ဘယ်တော့ မှကို လာမပိုင်းတော့ဘူး၊ အေး မင်းမူးတာကိုခံနိုင်၊ ထိန်းနိုင် တယ်၊ သိမ့်ကို မျက်နှာပူတဲ့ဒဏ်တော့ မခံနိုင်ဘူးကွ'

'ရတယ် ငါ တစ်ယောက်ထဲ အချစ်ကိုရှာတွေ့ပြီး ဆုံးရှုံးခံရတာကွ'

'အေး တို့ကတော့ ကြားက မျက်နှာရေခဲရိုက်ရမယ့် အဖြစ်ကို မလုပ်တော့ဘူး'

အပေါင်းအသင်းများ လက်လျှော့နောက်ဆုတ်လို့





သွားခဲ့ပေမယ့် မင်းခန့် ကတော့မာမာပဲ"

သောက်မြဲသောက်၏။ မေနှင်း အကြောင်းပေါက်ကွဲ သံစဉ်တေးတွေရွတ်ဆို၏။

'မေနှင်း ကိုကို . . .ကိုကိုလေ မေနှင်းကို အသက် နဲ့ထပ်တူချစ်ခဲ့တာပါကွာ'

'ကိုကို့ကို မေနှင်းခွဲထားရက်ခဲ့ပြီနော်'

'မေနှင်းနဲ့ကိုကို အချစ်သက်သေတွေ ထားရစ်ခဲ့တဲ့ နေ့ကို မေနှင်း မေ့ခဲ့တော့မှာလားကွယ်' -

'ကိုကို မေနှင်းကို ချစ်တယ်'

'ကိုကို့ ကိုခွဲမသွားပါနဲ့'

'မေနှင်း နဲ့ ကိုကို အတူနေပါရစေ'

ထိုစကားတွေ နေခြည်သိမ့် မကြားချင်ပါ။ ဖြစ်နိုင် လျှင် ကြားနေရသော မောင့်အသံများနှင့် မောင့်ပုံစံကို မမြင်နိုင်အောင် သူမရဲ့နားနှစ်ဖက်နှင့် မျက်စိများအား သံစူး

ချွန်များနှင့် ထိုးဖောက်ပစ်လိုက်ချင်ပါ၏။

သိမ့် မောင့်ကို အသည်းနှင့်အောင် ချစ်ရပါသည်။

သူမ ချစ်ရတဲ့ မောင်က သူမ နံဘေးမှနေကာ အခြား အမျိုးသမီးတစ်ယောက်အား တမ်းတနေပါသောအခါ ဘယ်လိုမိန်းမမျိုးကများ ခံစားနိုင်မှာလဲလေ။

အချစ်ကိုတော့ မျှဝေလို့မချစ်နိုင်။

စီးကျနေသော မျက်ရည်များက ခေါင်းအုံးနှင့်မွေ့ယာ ပေါ်မှာ အိုင်ထွန်းနေပြီ။

မောင်ကတော့ ဘာမှမသိ။

ယောင်ယမ်း၍ ရေရွတ်နေဆဲ။

နားနှစ်ဘက်ကို သိမ့် ပိတ်ပစ်လိုက်သည်။

ဒါပေမယ့် မောင် ပြောနေမယ့်စကားတွေကို သူမ စိတ်ကအလိုလိုပဲ သိနေခဲ့ပါသည်။

'မောင်ရယ် ရက်စက်လိုက်တာ'





တကယ်တော့ မောင်ဟာ သူမရဲ့စေတနာရော အချစ် ကိုပါ နားမလည်ခဲ့တာပင်။

မေနှင်းနွယ်နှင့်မောင့် ဇာတ်လမ်းအား မောင်နှင့် သနာဖြစ်မည်ဆိုး၍ သူမလုံးဝအစမလုပ်ခဲ့ချေ။ ဒါတင်မ က သူမ မောင့်အား အရင်ကထက်ပင် ချွဲနွဲ့ယုယကြင်နာပြခဲ့ သည်။

မောင့်ဘက်က ရှောင်ဖယ်တိမ်းခဲ့လေသောအခါ သူမ ကြင်နာခဲ့ရသည်။

မောင်ဟာသူမရဲ့ အချစ်တွေအပေါ် ဘယ်တော့များမှ နားလည်ပါတော့မလဲ။

ဝမ်းနည်းမိသည်။

မောင် စိတ်မကြည်သာမှန်းသိလေ မောင့်လိုအပ်ချက် တွေ့သမျှကို ဆောင်ရွက်ပေးခဲ့သော်လည်း . . .

မောင့်ရဲ့ဥပေက္ခာပြုမှုကိုသာ သူမ ရရှိခဲ့သည်။ ဒါတင်

မက မောင် အရက်ကိုပါ နေ့နေ့ညညစွဲစွဲမြဲမြဲနဲ့ သော
လာ၏။

သူမ စိတ်တွေဆောက်တည်လို့ မရခဲ့တော့။

မောင် အရက်သောက်ခြင်းသည် စိတ်၏ထွက်ပေါ
ရှာခြင်းဆိုတာ သူမသိနေလေတော့ ပိုအခံရခက်လာ၏
မောင့်ကို မနာကျည်းမိပေမယ့် သူမ ရင်မှာလဲအစိုင်အခဲနှ
ဖြစ်လာခဲ့သည်။

မောင့်အား သူမ မုန်းများမုန်းမိနေခဲ့ပြီလားလို့ မဆီ
ဆိုင် တွေးမိခဲ့ပေးပေမယ့် သေချာနေတာက မောင့်ကို သူမ
သိပ်ချစ်နေခဲ့မိတာပဲဖြစ်၏။

အရက်ဝိုင်းမှ ဖွင့်အံလာတဲ့စကားတွေကြောင့် သူမ
မျက်ရည်ကျခဲ့ရပေါင်း မနည်းတော့ပြီ။

'ငါ့ဘဝပါ မဟုတ်ဘူးကွ၊ ဒုတိယအကြိမ် ငါ့ရင်ထဲ
က အချစ်ကိုပါ သူက သိမ်းပိုက်ယူခဲ့တာ ဒင်းကိုချေကိုမ





နပ်ဘူး'

'ဟကောင် မင်းခန့် မင်းစကားတွေက မဟုတ်သေး
နော်၊ သိမ့် ကိုအရမ်းထိခိုက်နေပြီ'

'ဘာကွ သိမ့် ကိုထိခိုက်တာထက် သူ့ ဆီမှာငါ့နှလုံး
အကျည်းကျခံနေရတာတော့ မင်းတို့ မမြင်ကြဘူး
တ်လား'

'ဟာကွာ ဒီကောင်'

လိုက်ကာလေးသာခြားပြီး မီးဖိုခန်းမှာကြော်လှော်
နေတဲ့ သိမ့် မကြားပဲရှိမလားလေ။

ရင်နာစွာမျက်ရည်ကျခဲ့ရ၏။

မောင့်ကိုချစ်တာ မှန်ပေမယ့် အကျည်းကျနှလုံးသားရဲ့
ရှင်ဘုရင်မတော့ သိမ့် မဟုတ်ခဲ့ရိုးအမှန်ပါမောင်။

မောင့်စကားတွေကြောင့် ကြင်နာတတ်တဲ့ သူမရဲ့ရင်
ဟာ နာကျင်ခဲ့ရသည်။

မချစ် မနှစ်သက်တော့တဲ့ ယောကျ်ားတစ်ယောက် ရှေ့မှာ အရှက်၊ ဂုဏ်သိက္ခာ ကင်းမဲ့စွာနေရခြင်းသည် သိ အတွက်တော့ သေသွားသည်နှင့်ဘာများ ခြားနားဦးမှာ လေ။

ဒါပေမယ့် သူမ မဆုံးဖြတ်ရဲသေးပဲ ဖြစ်နေခဲ့ပါ၏

သူမအတွက် ဆုံးဖြတ်ချက်တို့ ခိုင်မာစေသော မ တစ်နေ့ဟု ဆိုရပေမည်။

မောင့် အပေါင်းအသင်းများမပါသော သောက်ဝိုင် နေ့တစ်နေ့ပေါ့။

မောင်ဟာ အဲဒီနေ့က ခါတိုင်းထက်အလွန်အ သောက်ထားမှန်းသိသာ၏။

'ဟော့ သိမ့် သိမ့် မင်းလာစမ်းပါဦးကွ'

'ဟော့ . . . အော့ . . .အော့"

'မောင် မောင် သိပ်များနေပြီ အရက်ထပ်ပြီး





သောက်ပါနဲ့တော့နော်'

မောင့်အတွက် စေတနာစကားက သူမအတွက် ရန် ားမီးစဖြစ်ခဲ့သည်လေ။

'ဟေ့ ဘာကွ ဒီမယ် သိမ့် မင်းငါ့ကို ဘာမှအမိန့်ပေး နေစရာမလိုပါဘူးကွ၊ ငါဘာသာငါ သောက်ပြီးသေသွားဦး င်းအပူတစ်ပြားသားမှ မပါဘူးကွ'

သိမ့် အဖို့ ရင်ထဲမှာ ပိုနာကျင်လာရသည်။ မောင့်အား ချစ်တဲ့ သူမ အချစ်တွေဟာ အဖြူရောင် သန့်သန့်လေးပဲဖြစ် သည်။

'မောင်ရယ် သိမ့်အပေါ်မှာ နည်းနည်းလေးတော့ နား လည်ပေးပါလား'

'ဟေ့ ဘယ်လို မင်းကို နားလည်ပေးတာထက် ငါ့ ဘဝကို မင်း နားလည်ပေးရမှာ သိမ့် ပြောင်းပြန်လာမပြော နဲ့'

'သိမ့်က ဘာကိုနားလည်ပေးရမှာလဲမောင်'

'အေး ပြောပြရတာပေါ့ကွာ၊ ငါ ခုလိုအရက် အား ကြောင့်သောက်ရသလဲ၊ အဲဒါ မင်းအတွက်အဖြေပဲ၊ ငါ ကြိုက်လို့သောက်တယ်များ ထင်လား၊ ဝေးသေး၊ မင်း ကြောင့် အဲဒါ မင်းကြောင့် သိမ့်'

'ရှင်'

'ကျွန်မကြောင့် ဟုတ်လားမောင်'

'အေး ဟုတ်တယ် သိပ်ဟုတ်၊ အရမ်းဟုတ်'

မင်းကိုငါ မချစ်ပဲနဲ့ မိဘမျက်နှာကြောင့် ယူလိုက်ရ တာကွ၊ အေး နောက်ပြီး ငါသိပ်ချစ်ခဲ့တဲ့ မေနှင်းနဲ့ လက် ထပ်ဖို့လွဲခဲ့ရတာလဲ မင်းကြောင့်ပဲ၊ ဒီအတွက် ငါသိပ်ခံစား နေရတယ်၊ အေးလေ မင်းကတော့ ဒါတွေဘယ်သိမလဲ၊ ငါ့ကို အလွယ်သိမ်းပိုက်ထားတာကိုး၊ ဒီမယ် သိမ့် မင်းကို ငါဒီအချိန်မှာ တစ်ခုပဲ တောင်းဆိုပါရစေ"





'ဘာ ဘာများလဲ မောင်'

'ငါ့ ငါ့ကိုချစ်ရင် မင်း ကွာရှင်းပေးပါလား သိမ့်'

'အဲဒါဆို ငါဟာ စိတ်အချမ်းသာဆုံးလူသားဖြစ် သွားလိမ့်မယ်'

'ရှင်'

မောင့်စကားတွေဟာ သူမအတွက်တော့ နားထဲသို့ ခဲရည်ပူပူတွေအလား စီးဝင်သွားခဲ့၏။

မောင့်နှုတ်ဖျားမှထွက်တာ ဟုတ်မှဟုတ်ပါလေစလို့ ထင်မိပေမယ့် . . .။

သိမ့် နားကြားလွဲခြင်းမဟုတ်။

မောင့်ပါးစပ်ကကို ပြောနေခဲ့တာ။

သူမ မောင့်အား ကွာရှင်းပေးရမည်တဲ့။မောင့်ကိုသူမ သန့်ရှင်းဖြူစင်လှစွာချစ်ခဲ့တာမှန်ပေမယ့် မောင်က အရောင် တစ်နွမ်းနေပါသည်ဟု စွပ်စွဲလေသောအခါ သူမ၏အင့်ခံ

မာနစိတ်ကလေးက ခေါင်းထောင်ထလာခဲ့ပါပြီ။

မောင့်နံဘေးမှာနေပြီး အထီးကျန်ဆန်ဆန် နေခဲ့ရ

နေ့တွေကိုလည်း မျက်ရည်များနဲ့သာအဖော်ပြု ဖြတ်သန်း

တာပါ။

မောင် စိတ်ချမ်းသာဘို့အရေး အကောင်းဆုံးရွေးချ

မှုကို ရွေးချယ်ရတော့မည်ပေါ့။

မျက်ဝန်းက မျက်ရည်များခန်းခြောက်သွားချိန်

တော့ သူမအတွက်ဆုံးဖြတ်ချက်က ခိုင်မာပြီး ဖြစ်နေခဲ့

လေ။

'မောင် စိတ်ချမ်းသာနေရစ်ပါတော့နော်'

စီးကျလာတဲ့ နောက်ဆုံးမျက်ရည်ကို မသုတ်ဖြစ်တော့

မောင်နဲ့အဝေးဆုံးနေရာကို သူမပြေးထွက်ခဲ့ပါသည်။





## အခန်း (၉)

ဒီနေ့ပါနဲ့ဆို သိမ့်တစ်ယောက် အိမ်ကထွက်သွား

ာ တစ်ပတ်တင်းတင်းပြည့်ခဲ့ပြီဖြစ်၏။

လင်မယားကွာရှင်းစာချုပ်တွင်လည်း လက်မှတ်ထိုး

ဆးသွားလေသည်။

သူ့ဘဝ အလွတ်လပ်ကြီး လွတ်လပ်သွားခဲ့လေပြီ

ာည်း။

သိမ့် မရှိတော့ ဟာတာတာကြီးပဲ ဖြစ်နေသလိုလို ဖြစ်သော်လည်း သူပျော်ရွှင်ခဲ့ပါသည်။

'ဘာ ဘာကွ မင်းခနဲ့ သိမ့် အိမ်ပေါ်ကဆင်းသွားပြီ ဟုတ်လား'

'အေးလေ ဘာဖြစ်လို့လဲ ငါ့ကိုပါပြတ်စဲကြောင်း ရှင်းပေးသွားတာလေ၊ ဟူး အခုမှပဲ ငါ့ဘဝလွတ်လပ်သွား တော့တာ'

အနှောင်အဖွဲ့မှ လွတ်မြောက်ကြောင်း ဝမ်းသာအား ရင်ဖွင့်မိတော့ ဝင်းနိုင်ရော သောင်းအေးပါ မျက်စိမျက်နှာ ပျက်ကုန်ကြ၏။

ဒီကောင်တွေ ဘာကြောင့်များ ဝမ်းမသာနိုင်ဖြစ်နေ ကြတာလဲ၊ သိမ့်နှင့်သူ့အကြောင်း အသိဆုံးသော သူများ ပင်။

'မင်းဘက်က သိပ်ပြီး ရက်စက်လွန်းရာကျသွားပြီ





မင်းခနဲ့ သိမ့်ဟာ မင်းအတွက် တော်လေးဝဝင်တဲ့ ဇနီးမ ယားကောင်းတစ်ယောက်၊ ဒီလို မိန်းမမျိုးကိုမှ ဥပေက္ခာပြု နိုင်တဲ့ မင်းကို တို့ကလက်ဖျားခါရလောက်အောင်ကို အံ့ဩ တယ်'

သောင်းအေး စကားက ဘာတွေ ဦးတည်ပြောနေမှန်း သေ။

သူသိနေတာက သိမ့်အား သူ မချစ်မနှစ်သက် ဘက်ထပ်ယူခဲ့ရခြင်းဖြစ်၏။

ဒီအတွက် ခုလိုကွဲကွာသွားခဲ့တော့လဲ ဘယ်လိုသော ခံစားမှုမျိုးမှ မခံစားခဲ့ရချေ။

ကိုယ်က သံယောဇဉ်မထားခဲ့တော့ သူမဘက်က ပြန်လာတဲ့အချစ်ကို လက်လွှတ်စပယ်စိတ်ဖြင့် ကိုယ့်လိုသာဘဲ ထင်ထားခဲ့မိတာပေါ့လေ။

'ငါ မှ သူ့ကို မချစ်ခဲ့တာပဲ သောင်းအေး'

'အေး အဲဒါက မင်းနဲ့သိမ့် ဘဝကွဲသွားအောင် နှောင့်
ယှက်သွားတာပေါ့၊ တကယ်တော့ ချစ်တယ်၊ မချစ်ဘူးဆို
တာ အိမ်ထောင်တစ်ခုရဲ့ အကာတွေပဲ မင်းခန့်၊ သိမ့်ဟာ
မင်းအပေါ်သံယောဇဉ်ကြီးတယ်၊ အစစသည်းခံပြီး အထ
လိုက်တယ်၊ သိမ့် ကပြောမယ်ဆို လက်တွဲပေါင်းသင်းထိုက်
တဲ့ အိမ်ထောင်ဘက်တစ်ယောက်ကွ၊ မင်းအလွယ်စွန့်ပစ်
လိုက်တာတော့ လွန်တယ်ကွာ'

သက်ပြင်းမောရှိုက်မိသူက မင်းခန့်။ နှစ်ဘက်သော
ခမ်းခမ်းနားနား လက်ထပ်ထိမ်းမြားပေးခဲ့သော သိမ့် အား
ကြက်၊ ငှက် ကလေးတစ်ကောင်ပမာ သွားချင်ရာသွား
လွှတ်ပေးခဲ့သော သူဟာ ဘယ်လောက်များ လူမဆန်ရာကျ
လွန်းလေမလဲ . . .။

သိမ့် မရှိတော့မှ ရင်ထဲမှာ သူမသိစိတ်က တစ်စုံတစ်ခု
လိုအပ်နေသလိုလိုခံစားရသည်။





ဘာရယ်လို့တော့ ခွဲမရခဲ့ပေ။ သူ့ရဲ့စိတ်ထဲမှာတော့
'ငါ့ကိုအချစ်မပါပဲ သိမ်းပိုက်ခဲ့တာလဲ သူ၊ ခု သူထွက်
သွားတာဟာ အကြောင်းရှိလို့သာ နေမှာပေါ့ကွာ၊ မနေနိုင်
ပြန်လာမှာပါ'

သူလက်လွှတ်စပယ် ပြောမိပေမယ့် သိမ့်ရဲ့ ပြတ်သား
မှုကိုတော့ သိနေသည်။

သိမ့် မှာပြတ်သားမှုတွေ ရှိနေတာသူသိသည်။

အပေါင်းအသင်းများကလဲ ဒီလိုထင်မြင်ချက်မျိုးပေး
ကြသည်။

'တို့တော့မထင်ဘူး မင်းခန့်၊ သိမ့်ကိုမင်းလက်လွှတ်
ခဲ့တာတော့ မင်းကိုယ်စား နမြောကယ်'

'ဟူး မပြောနဲ့ကွာ နားခါးတယ်၊ ငါ သိမ့် ကိုမချစ်ခဲ့
တဲ့အတွက် ရင်ထဲမှာလဲ ဘာခံစားချက်မှမရှိဘူး'

'တကယ်လား မင်းခန့် ငါတို့စောင့်ကြည့်ရမလား'

'စိန်လိုက်လေ သိမ့်မရှိတဲ့အတွက် ငါ့ဘဝ ဘယ်လောက် လွတ်လပ်သွားသလဲ'

'အေး. . .အေး စောင့်ကြည့်ကြရသေးတာပေါ့ကွာ'

'တစ်နေ့နေ့ နေခြည်သိမ့် ရှေ့ မင်း ဒူးတုပ်ခံစားနေရမှာတော့ မြင်ယောင်သေးသကွာ'

'ဟား ဝင်းနိုင် ဒါတော့ မင်း ငါ့ကိုအထင်သေး လိုက်တာပဲ၊ သိမ့်ကို ငါမချစ် မနှစ်သက်ပဲ လက်ထပ်ခဲ့ရတာကွ ဒီအတွက် သူ့အတွက် အချစ်အလွမ်း ဘာဆိုဘာမှမရှိဘူးကွာ၊ ဒီတော့ ခံစားနေရာလဲ ဘာအကြောင်းမှမရှိဘူး'

'အေးလေ ငါတို့က အပြင်လူပဲ၊ အမုန်းခံပြီးပြောတာ ကာယကံရှင်က မင်းပဲ၊ မင်းရှူးသွပ်နေချိန်မှာ ဖြေဆေးဆိုတာ မရှိသေးပါဘူး'

'သောင်းအေး ငါ ပျော်ရွှင်နေတဲ့အချိန်တွေကို သိမ့်ကိုဆွယ်တရားနဲ့ နားချနေတာလား၊ ဒီစကားတွေ မပြောနဲ့





ဘာ့ကွာ'

သူ့ရဲ့တင်းမာလာမှုကြောင့် အပေါင်းအသင်းများ က်လျှော့ကာ သနားစရာသတ္တဝါ တစ်ကောင်နှယ် ကြည့်ကြသည်။

'ကဲ ကဲ ဝင်းနိုင် ဒီကောင့်ကို သူ့အရှိန်နဲ့သာလွှတ်ားလိုက်ပါတော့ကွာ ပေရှည်လို့'

'အေး လွှတ်ထားလိုက်ချင်တာပေါ့ကွာ သိမ့် အတွက် သိမ့် ဟာ ဒီကောင်နဲ့ ပါတ်သက်ပြီးမှတို့ ခင်မင်ရတာပါ'

အပေါင်းအသင်းများ လက်လျှော့ပြီး ပြန်သွားကြ၏။

အတွေးထဲမှာတော့ သိမ့် အကြောင်းတွေသာပါ။

သိမ့်ဟာ အများပြောသလို ဇနီးကောင်းတစ်ယောက်နေပြီလော၊ ဤသို့ဆိုလျှင်ဖြင့် . . .။

နံနက်ခင်းရဲ့နေခြည်နွေးနွေးက ပြတင်းပေါက်မှတ မင်းခန့် မျက်နှာပေါ်ကို ဖြာကျသဖြင့် မင်းခန့် အိပ်ယာ

မှလန့်နိုးလာခဲ့၏။

စိတ်ထဲ ဦးစွာပထမသတိရမိသည်က သိမ့်။

'ဟော့ သိမ့် သိမ့် ဘာလုပ်နေတာလဲကွ'

'ငါ့အတွက် သွားတိုက်ဖို့မျက်နှာသစ်ဖို့'

မြင်နေကျဖြစ်တဲ့ကုတင်ဘေးစားပွဲမှာ တင်ထားနေ ကျ မျက်နှာသုတ်ပဝါနှင့် သွားပွတ်တံဆပ်ပြာ အဆင့်သင့် ရှိမနေတာကြောင့် ဒေါသဖြစ်ဖြစ်နှင့် အော်လိုက်မိသည်။

'လာပြီ . . .လာပြီ အစ်ကိုလေး'

အိပ်ခန်းတွင်းပြေးထွက်လာသူက သိမ့် မဟုတ်။ အိမ် ဖော်မလေး မြမြသာ သိမ့် မဟုတ်။ ရင်ထဲမှာ ဟာသွား၏။ ဘာတွေများ မှားယွင်းနေခဲ့ပြီလဲ။

'အစ်ကိုလေး မမသိမ့် မနေ့ကတည်းက အိမ်ကထွက် သွားတာလေ၊ ဒီမှာ သွားတိုက်ဆေး ဆပ်ပြာ၊ ဒီမှာ သ ဘက်'





'အေးကွာ မြမြ အစ်ကိုလေး မေ့သွားတယ်'

'သွားတော့ သွားတော့'

သူမ တကယ်ပဲစွန့်ခွာသွားပါပေါ့လားလို့ တွေးမိ တော့ ရင်ထဲမှာနင့်သွားသလိုပင်။

'အစ်ကိုလေး မြမြ ကော်ဖီဖျော်ထားလိုက်မယ်'

'ဟေအေး မဖျော်နဲ့ မဖျော်နဲ့တော့ဟော့'

'ငါ အပြင်မှာပဲသောက်တော့မယ်'

ခါတိုင်းဆိုလျှင်ဖြင့် မျက်နှာသစ်ပြီးပြီဆို သိမ့် ပြင် ဆင်ပေးထားတဲ့ နံနက်စာ ကော်ဖီနှင့်မုန့်ကို အဆင့်သင့်စား ရသာ။

ခုတော့ သိမ့် မရှိတာနှင့် သူဘဝအံဝင်ခွင်ကျ မဖြစ် တော့ပြီလား။

'အို ငါ့ ဘဝကို သူလက်ဝါးကြီးအုပ်ပြီး သိမ်းပိုက်ခဲ့ တဲ့ဟာ သူ မရှိလေ ငါ့ဘဝ ပိုလွတ်လပ်ပေါ့'

'ဘာများ လွမ်းနေစရာရှိလဲ သိမ့် ဟာ ငါ့ ဘဝမှာ

စရာကောင်းတဲ့ မိန်းမတစ်ယောက်မှ မဟုတ်တာ'

စိတ်ကို ဖြေသိမ့်ပြီး အိမ်ထဲမှာကားကို တလကြ

မောင်းထွက်ခဲ့တော့သည်။

အိမ်ထဲမှာသာ ဆက်ရှိနေပါက သိမ့် ကိုသတိတ

ရှိနေဦးမည်သာ ။

သိမ့်အား သတိမရချင်၊ မလွမ်းချင်။

နာကျဥ်းချင်နေမိသည်။

သိမ့် ကြောင့်ပဲချစ်ရသော မေနှင်းက သူ့ကိုစွန့်ခွာသွား

ခဲ့တာလေ။

မနာကျဥ်းပဲရှိပါ့မလား။ နာမိသည်။

သိမ့် မရှိတဲ့နောက်သူ ဘဝကို အပျော်တော့မှာပဲနှစ်ပြီ

စိတ်ကိုပဲထွက်ပေါက်ပေးထားလိုက်သည်။

အိမ်မှာလည်း ကပ်မနေချင်။ အလုပ်ထဲမှာလဲ စိတ်





ောက်။ လေလွင့်ရာမျောနေမိတဲ့အထိ။ ကြာတော့ ဝင်းနိုင်

သောင်းအေးပင် အခြေအနေကို ရိပ်စားမိလာကြသည်။

'မင်း ဘဝကို ဒီလိုပဲနေသွားတော့မှာလားမင်းခန့်'

'ဟေ ဒီလိုမနေလို့ ငါက ကင်းမြီးကောက်လို မိုးပေါ်

ခြေထောက်ထောင်နေရမှာလားကွ'

'ဒါပြောတာမဟုတ်ဘူး မင်းခန့်၊ မင်းစိတ်တွေ အစိုး

ဖြစ်နေတာဟာ သိမ့် ကြောင့်လို့တော့ ငါတို့ထင်တယ်'

'နေပါဦး ငါက ဘာဖြစ်နေလို့လဲ'

'ကိုယ့်ကိုကိုယ် လိမ်ညာတာဟာ အဆိုးဝါးဆုံးဖြစ်

ပဲ မင်းခန့်၊ မင်း သိမ့်ကိုသတိရပြီး စိတ်တွေလေနေတာ

တ်လား အလုပ်ကိစ္စတွေလဲ ကုမ္ပဏီတွေက မင်းကို

ရှိထင်ရှား ရှိနေသေးရဲ့လားလို့တောင် မေးနေကြပြီ

'ဟ ငါ အားလုံး မင်းတို့နှစ်ယောက်ကို လွှဲထားတာပဲ

လေ'

'အေး ဒါတော့ ဟုတ်တာပေါ့ကွ၊ ဒါပေမယ့်
စားလှယ်ဆိုတာ တစ်ခါတစ်လေပဲကောင်းတာပေါ့'

'မင်း သိမ့်နဲ့ပတ်သက်ပြီး ဒီလောက်ခံစားနေရ
မှ သတင်းစာထဲက ကြော်ငြာထည့်ပြီး ပြန်ခေါ်လိုက်ပါ

'ဘာကွ ဝင်းနိုင် ဘာပြောတာလဲ၊ သိမ့်ကို
ဘာကိစ္စ ပြန်ခေါ်ရမှာလဲ၊ သိမ့်မရှိလို့ ငါ့စိတ်တွေ
လွတ်လပ်လပ်ရှိနေတာပေါ့'

မင်းခန့် ချေပချက်ကို အပေါင်းအသင်း
လှောင်ပြုံးဖြင့်တုန့်ပြန်ကာ . . .

'အဲဒါ မင်းမှားတာပေါ့ မင်းခန့်ရဲ့၊ မင်း ပါးစပ်
မချစ်ဘူး၊ မလွမ်းဘူးနဲ့ ညာနေကာ လက်တွေ့မှာ အိမ်
မနေချင် အလုပ်ထဲလဲ စိတ်မပါနဲ့ ကဲ ဘယ်မှာလဲ'

'မင်းရဲ့စိတ်တည်ငြိမ်မှု အေး အဲဒါ မင်းရင်ထဲမှာ
ကိုတမ်းတနေလို့ပဲကွ'





'တောက်'

'မဖြစ်နိုင်တာကွာ၊ ဒီ မိန်းမ ငါ့ဘဝကို ပိုင်စိုးထားလို့
ပြပ်ခဲ့ရတာတွေ မင်းတို့လဲအသိသားပဲဟာ'

'အေး ဒါပေမယ့် သူ့ရဲ့ပြုစုယုယမှုတွေကိုတော့ မင်း
လင့်တောင့်တနေတာ မဟုတ်လား'

'သွားစမ်းပါကွာ မဆိုင်လိုက်တဲ့ဟာကို'

'အေး စောင့်ကြည့်သေးတာပေါ့လေ၊ တို့က ပွဲကြည့်
သတ်ဆိုပေမယ့်လို့ မင်းရဲ့ရင်ထဲက ခံစားချက်ကို သိနေ
နော်'

ဒီတစ်ခါတော့ သူ နှုတ်ဆိတ်ကာ ငြိမ်သက်သွားရတဲ့
ထိပါ။ အမှန်တကယ်ကော သူ သိမ့်အား သတိတရနဲ့
မ်းတလွမ်းနေမိပြီလား၊ သေချာတာတစ်ခုကတော့ဖြင့်
မ့် မရှိတဲ့နောက် သူ့စိတ်တွေ တည်ငြိမ်မှုရှိမနေခြင်းပဲဖြစ်
ည်။

အမုန်တကယ်လဲ မင်းခန့်မှာ စိတ်၏လွတ်လပ်မှု လိုက်ပြီး စိတ်လေနေခဲ့သည်မှာ သွားချင်တဲ့နေရာ သွား ၏။ လုပ်ချင်တာမှန်သမျှကို လုပ်ပစ်၏။

ကုမ္ပဏီကိစ္စ၊ ရုံးကိစ္စမှန်သမျှကို သောင်းအေးနှင့် ဝင်းနိုင်ကို အားလုံးလွှဲထားလိုက်သည်။

ခုတော့ သောင်းအေးရော ဝင်းနိုင်ကပါ ထင်မြင်မှုတွေ ဖြင့် ဒုံဒိုးပြောလာတော့ ကိုယ့်ကိုကိုယ် ဆင်ခြင်မှုတွေဖြင့် လုပ်ငန်းခွင်ဆီသို့ ပြန်ပြီးခြေဦးလှည့်ခဲ့ဖြစ်သည်။

သိမ့်မရှိလို့မဖြစ်တဲ့ဘဝမျိုးကို မင်းခန့် အဖြစ်မခံလို၊ စိတ်ကိုငြိမ်အောင်ထိန်းပြီး နေတတ်အောင်ကြိုးစားခဲ့ပါ သည်။





သိမ့်အား မြတ်နိုးတွယ်တာရအောင် သူချစ်နှစ် သက်လို့ လက်ထပ်ခဲ့တာမျိုးမဟုတ်။ ဒီအတွက် လွမ်းဆွတ် တာရော ရှိလာပါဦးမတဲ့လားလေ . . .။

ပရိသတ်များရဲ့ ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက် များ ပေးပို့လိုပါလျှင် . . .။

ရှိုင်းစာပေ၊အမှတ်(၁၆)၊လမ္ဘတော်လမ်း၊ သန့်လျင်မြို့။

ဖုန်း – ၀၉၅၀၄၀၆၄၆

## အခန်း (၁၀)

'နင့်ဘက်က သိပ်ပြီးသည်းခံလွန်းရာ ကျနေပြီပေါ့ သိမ့်ရဲ့၊ နင်က မိန်းကလေးဖြစ်ပြီးများ သူ့ကိုကွာရှင်းပေးခဲ့ရတယ်လို့'

ဝါဝါလွင့်စကားက သိမ့်အတွက် ချေပပြောဆိုဖို့အခက်ပင်။ ဒါပေမယ့် သူ့ကို သိပ်ချစ်တဲ့ အကြောင်းတော့ ရင်ဖွင့်မိ၏။





'ဟုတ်တယ် ဝါဝါလွင် နင်တို့ဘေးအမြင်မှာတော့ ဘာအလွန်ပဲ သည်းခံတတ်သူဖြစ်နေမှာပဲ၊ ဒါပေမယ့် ည်းခံမှုတွေဟာ မောင့်အတွက် ပိုင်ဆိုင်လိုခြင်းထက် ချမ်းသာမှုကို ပေးစွမ်းချင်လို့ပဲ'

'ဒါကြောင့်လဲ မောင့်ဆီက ဘာတောင်းဆိုချက်မှ ပဲ အလွယ်တကူ ကွာရှင်းပေးခဲ့တာပေါ့ဟာ'

'အေး နင့်ဒဿနတွေကတော့ စံတင်လောက်တယ် နင်က မိန်းမလေးဟဲ့၊ နစ်နာစရာရှိ နင်ပဲနစ်နာမှာပေါ့'

'တော်ပြီဟာ နင်က ခုချိန်မှာ တို့စေတနာကို တစ်မျိုး င်နေမှာ၊ ဒီတော့ နင် ရှေ့ဆက်ပြီးဘယ်လို ဆုံးဖြတ်မလဲ ဘာ စဉ်းစားပေါ့'

'ငါ စဉ်းစားပြီးသားပါ၊ သိမ့်ဆိုတဲ့ ငါဟာ မောင့်ကို လေးကစားသလို ကွာရှင်းလာတာမဟုတ်တာတော့ သေအချာပါပဲ'

'အေးဟာ နင်ကတော့ သိပ်ပြီးပြတ်သားပြနေတာပဲ ဟိုတစ်ယောက်ကလဲ အကြင်နာတရားမရှိလိုက်တာ မပြောလိုက်ချင်ဘူး၊ နင့်မိဘတွေသိလို့ကတော့ စိတ်မကောင်းဖြစ်ကြမှာ မြင်ယောင်သေးတယ်ဟာ၊ ဒုက္ခပဲ'

'ဘာလဲ ဂါဝါလွင် နင် ငါ့ကိုလက်မခံနိုင်လို့ ပြောနေတာလား'

သိမ့်အမေးက ဝါဝါလွင့်အတွက် လက်သီးပုန်းနှင့်အထိုးခံရသည့်နှယ်ပါ။

သိမ့်အတွက် သူမစိတ်ထဲမှာ ကောင်းကိုမကောင်းနိုင်ခဲ့။

သိမ့်နှင့် ဝါဝါလွင်က တက္ကသိုလ်ဝင်တန်းမှစ၍ ဘွဲ့ရယူပြီးသည်အထိ အတွဲမပျက်ခဲ့သော ငယ်ပေါင်းသူငယ်ချင်းများဆိုလည်း မမှား။

သိမ့်ဟာ ကြွေရုပ်ကလေးလို လှပနေယုံသာမက





ဘမျိုးရိုးစဉ်ဆက် ချမ်းသာလာခဲ့ကြသူများဖြစ်သည်။

သိမ့်ဘဝအား ချူချင်သူများ ဝိုင်းဝိုင်းလည်နေတဲ့ကြားက မိဘတွေက မင်းခန့်နှင့်လက်ထပ်ပေးခဲ့ကြခြင်းပဲဖြစ်သည်။

စီးပွားရှင်ချင်းတူပေမယ့်တောင်မှ သိမ့် မိဘတွေက င်းခန့် မိဘတွေထက် ချမ်းသာကြွယ်ဝကြသေး၏။

လက်ထပ်ပြီးတော့လည်း လုပ်ငန်းတော်တော်များားကို မင်းခန့်နှင့်သိမ့်အား လွှဲပေးခဲ့တာပဲဖြစ်သည်။ ဤမျှ ဘောထားပြည့်ဝခဲ့ပါသော သိမ့်နှင့်သိမ့်ရဲ့ မိသားစုအပေါ်မှာ လုံးဝငဲ့ညှာထောက်ထားမှုမရှိခဲ့သော မင်းခန့်အား ဝါလွင်တစ်ယောက် ကြားကခံပြင်းနေမိသည်ပါ။

သက်သက်မဲ့ သိမ့် စီးပွားတွေကို လက်ဝါးကြီးအုပ်င်လို့ နေမှာဟုတွေးဖြစ်သည်။

'ဒီမယ် သိမ့် နင့်အရည်အချင်းနဲ့ မင်းခန့် ထက်သာ

လွန်တဲ့သူတွေ ခေါင်းခေါက်ရွေးယူနိုင်ပါတယ်ဟာ၊ ဒီကောင့်အတွက်နဲ့တော့ ကြေကွဲမနေနဲ့ နင် ငါ့ဆီမှာပျော်သလောက်သာနေပေါ့'

'သူ တစ်ယောက်သာ ငါ့ရဲ့အချစ်ဦးပါ ဝါဝါ၊ သူ့ကို စွန့်ပစ်ရဦးမှတော့ အချစ်ဆိုတာဟာ ငါ့နှလုံးသားမှာ မရှိတော့ပါဘူး'

သူမ ရင်ထဲကပြောဖြစ်ခြင်းပါ။ မင်းခန့်နှင့် ပတ်သက်ပြီး သိမ့်မှာ ဘာအတ္တ၊ မာနအစွဲအလန်းမှ မရှိချေ။ စွန့်လွှတ်ခဲ့ရပေမယ့် သူမ နှလုံးသားတစ်နေရာမှ မင်းခန့် ပုံရိပ်များကသာ စိုးမိုးမင်းမူနေဆဲဖြစ်သည်။

သူမ အချစ်သည် ရယူပိုင်ဆိုင်လိုခြင်းထက် ပေးဆပ်စွန့်လွှတ်ခြင်းဆိုက သာ၍မှန်မည်ထင်သည်။ သူမ မောင့်အား အသည်းနှင့်အောင် ချစ်မိသည်နှင့်အမျှ မောင့်အား စိတ်ချမ်းသာ ပျော်ရွှင်စေချင်၏။





မောင်ဟာ သိမ့်ရဲ့ဒုတိယကမ္ဘာလေးတစ်ခုပင်။ ဒါကြောင့်လည်း မောင် စိတ်ချမ်းသာမည့်လမ်းကို ရွေးကာ မောင့်အား ချစ်လျက်နှင့်သူမဘက်က ကွာရှင်းပေးခဲ့ခြင်းဖြစ်သည်။

မောင် စိတ်ချမ်းသာပါစေတော့လို့ သူမ ဆုံးဖြတ်ခဲ့ခြင်းပါ။

မောင်နှင့်ခွဲသာခွဲခဲ့ရပေမယ့် သိမ့်အနေဖြင့် မောင့်အား တစ်နေ့မှမေ့လို့မရခဲ့ချေ။

မောင့်ထံမှ အကြင်နာမေတ္တာတွေ၊ မျှော်လင့်လို့မရနိုင်မှန်းသိခဲ့ပေမယ့် ။

မောင့်အပေါ် သိမ့်အချစ်တွေကတော့ လျော့ပါးမှုမရှိခဲ့ချေ။

ဒါဟာ မောင့်အား သူမသိပ်ချစ်ခဲ့တဲ့ အချစ်သက်သေတွေဆိုလည်း မှားမည်တော့မဟုတ်။

မောင့်ဘက်က သူမအပေါ်မှာ ချစ်ခင်နှစ်သက်မှု မရှိ တာ သိသိကြီးနှင့် သူမဘက်ကတော့ နှစ်နှစ်ကာကာ ချ နေခဲ့မိတာပဲဖြစ်သည်။

မောင်နှင့် အဝေးတစ်နေရာမှာ ရောက်နေပေမယ့် သူမ စိတ်တွေက မောင့် အနားမှာပဲ ထာဝစဉ်ရှင်သန်နေတော့မှာ ပါ . . .။

စက္ကန့်မလပ် မောင့်ကိုသာဖြူစင်သော မေတ္တာများ ဖြင့် သူမသတိရနေမိသည်။





## အခန်း (၁၁)

'အစ်ကိုလေး ကြီးကြီးမေ ရောက်နေတယ်'

'ဘယ်လို မြမြ၊ မေမေ ရောက်နေတယ် ဟုတ်လား'

'ဟုတ်တယ် အစ်ကိုလေး ကြီးကြီးရောက်နေတယ်၊ မေလေးသိမ့်ကိုလည်း တစ်မေးထဲမေးနေတယ်'

'ဟေ. . . နင်. . .နင် မေမေ့ကို ဘယ်လိုပြောထားလဲ မြမြ၊ ဒုက္ခပဲဟာ'

ကားကို ပေါ်တီကိုအောက် ထိုးရပ်လိုက်တာနှင့်

က မေမေရောက်နေတဲ့ အကြောင်းပြောလာတာကြော

မင်းခန့် ခေါင်းနပန်းကြီးသွားမိသည်။

မေမေ ဤသို့မလာစဖူးခဲ့ချေ။

သူ မရောက်တာကြာလို့ လိုက်လာတာဖြစ်မည်

သိမ့် နှင့်သူ့အကြောင်း မေမေသာသိသွားပါက လွ

မည်မဟုတ်။

စိုးရိမ်စိတ်နှင့် မေမေ့ရှေ့ မင်းခန့်ရောက်တော့

ထားတဲ့ အတိုင်းပင်။

'သား မင်း မေမေ့သဘော မိဘတွေရဲ့သဘော

လွန်ဆန်ပြီး ဘာတွေလုပ်နေတာလဲ သား'

'မိဘက ကောင်းစေချင်လို့ လက်နဲ့ရေးတာကို မ

က ခြေနဲ့ဖျက်ဖို့ ကြိုးစားနေတာလား'

'ဗျာ မေမေ၊ မေမေ ဘာတွေပြောနေတာလဲ၊ သာ



ဘာမှနားမလည်တော့ဘူး'

မင်းခန့် မသိကျိုးကျွံပြုပြီး မေးလိုက်မိသေးပေမယ့်

ချက်ဝန်းများကိုတော့ ရင်မဆိုင်ရဲသေးချေ။

'ဘာကွဲ့ ဘာမှနားမလည်တော့ဘူး ဟုတ်လား၊

သိမ့် ဘယ်မှာလဲ ဘယ်သွားလဲ'

မေမေ့ အမေးအား ချက်ချင်း သူမဖြေနိုင်ခဲ့။ အိမ်ဖော်

မြမြကိုပါ မေမေ မျက်စိဒေါက်ထောက်ပြီး အကဲခတ်

တာကြောင့် ညာလို့မဖြစ်နိုင်တော့မှန်း သိလိုက်

'ဟို . . .ဟို မေမေ'

'တော် တော် မင်းခန့် မင်း မေမေ့ကို ဘာမှညာဖို့

စားနဲ့တော့၊ မေမေ့ကို ဝင်းနိုင်ပြောပြလိုက်လို့ အား

ခဲ့ပြီးပြီ၊ မင်း သိမ့်နဲ့ကွာရှင်းလိုက်ပြီဆို'

ခုချိန်မှာတော့ ညာလို့လည်းအကြောင်းထူးတော့မည်

မဟုတ်ချေ။

'ဟုတ်တယ် မမေ သား သိမ့်နဲ့ကွာလိုက်ပြီ၊ သိ
ကွာရှင်းပေးသွားတာပါ'

'ဩော် မင်းဘက်က လင့်ဝတ္တရားတွေပျက်
ဖောက်ပြားနေမှတော့ ဟိုက မင်းကို ဆက်ပေါင်းနိုင်ပါ
မလား၊ မင်းခန့် မင်းနဲ့တော့ခက်ပါပြီ'

'မခက်ပါဘူး မမေ သူ့ကို သားကလည်း ချစ်မှ
တဲ့ဟာ၊ နေပါစေပေါ့ မမေ'

'ဟဲ့ နေလို့ရမလား၊ နင့်ကုမ္ပဏီက သိမ့် မိဘတွေ
နဲ့တည်ထောင်ထားတာလေ။ ဒီမယ် မင်းခန့် မယားမျ
စိတ်လေပြီး ကုမ္ပဏီအလုပ်တွေရော ဘာရော သူများ
ထားတာ မင်း သိမ့်ကိုမချစ်ဘူးဆိုတာ ညာနေတာဘဲ၊
ဟာသားကိုလဲ ချစ်၊ နားလဲနားလည်ပြီး သဘောထား
ဝတဲ့ မိန်းမတစ်ယောက်ပါကွယ်၊ သိမ့်ကိုမင်း လိုက်





တောင်းပန်လိုက်ပါကွယ်၊ မမေ စိတ်ဆင်းရဲအောင် မလုပ်
ပါနဲ့'

'ပြီးတော့ အောင်မြင်နေတဲ့ ကုမ္ပဏီလုပ်ငန်းကို သူ
များနဲ့ကြာရှည် လွှတ်ထားလို့မသင့်ဘူးနော်'

'သား သိမ့်နဲ့ပါတ်သက်ပြီးတော့ မေ့ထားချင်တယ်
မေမေ၊ သူ့သဘောနဲ့သူ ထွက်သွားတာ သားက ဘယ်မှာ
သွားရှာမှာလဲ၊ ကုမ္ပဏီကိုတော့ သား သွားပါ့မယ် မေမေ'

'သောင်းမြအေးနဲ့ဝင်းနိုင် မန်နေဂျာနှစ်ယောက်နဲ့ သား
လွှဲထားတာပါ'

'အေး အဲဒီနှစ်ယောက်ကပဲ အစစတာဝန်ယူစီစဥ်ပေး
နေရလို့ မေမေ့ကိုလာတိုင်သွားကြတာ၊ ကဲ . .ဒီမယ် မေမေ
ပြောမယ် သိမ့် ဟာ သားရဲ့အင်မတန်လိုက်ဖက်တဲ့ မယား
ကောင်းတစ်ယောက်ဆိုတာ သားတစ်နေ့သိလာလိမ့်မယ်၊
မေမေတို့ကြားကဖျောင့်ဖျပေးနေလို့လဲ အာညောင်းရုံပဲရှိမှာ'

'ငါ့သား အမြန်ဆုံးနောင်တရပါစေလို့ မေမေတို့ ဆုတောင်းနေရမှာပေါ့'

မေမေ မင်းခန့်အားဒီလောက်သာပြောပြီး ပြန်သွား၏။

မေမေ့ စကားတွေက ဆန်းနေသလိုပါ။

သိမ့်အား ခွဲခွာခဲ့ခြင်းအတွက် သူ့အတွက်ဘယ်လို နောင်တမျိုးက ရှိနေမှာတဲ့လဲ။

မည်သို့ဖြစ်စေ သိမ့်နဲ့ပါတ်သက်ပြီး သူ့အတွက် ဘယ်လိုခံစားမှုမျိုးမှ ရှိမနေခဲ့ခြင်းပဲဖြစ်သည်။

အကောင်းဆုံးက သိမ့်အား မေ့ထားလိုက်ချင်တာ ပင်။ ခက်တာက အများနှင့်တစ်ယောက်လို ဖြစ်နေတာပင်။

ဝင်းနိုင်ရော သောင်းအေးပါမက မေမေကပါ သိမ့် ဘက်ကဖေးမပြောဆိုနေပြန်သေးသည်။

သိမ့်နှင့် ကွာရှင်းမှုအတွက် သူ့အား ဒီလောက်သာ





မေမေပြောသွားတာဟာ သိမ့်နဲ့ပါတ်သက်ပြီး အကြောင်းရှိ ခဲ့မယ်ဆိုတာ မင်းခန့် ဒီအချိန်က မသိခဲ့ရိုး အမှန်ပဲဖြစ် သည်။

ပရိသတ်များရဲ့ ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက် စာများ ပေးပို့လိုပါလျှင် . . .။

ရှိုင်းစာပေ၊အမှတ်(၁၆)၊လမ္ဗတော်လမ်း၊ သန်လျင်မြို့။

ဖုန်း ၀၉၅၀၄၀၆၄၆

## အခန်း (၁၂)

မရောက်တာကြာပြီဖြစ်တဲ့ ကုမ္ပဏီရုံးခန်းထဲကို မင်းခန့် မေမေရောက်ပြီး နောက်နေ့မှာပဲ ရောက်ခဲ့ခြင်းဖြစ်သည်။

ဒါကလဲ သူ့မှာရည်ရွယ်ချက် ရှိနေလို့ပင် သိမ့်တို့ဘက်က ထောက်ပံ့မှုဖြင့် ကြီးပွားတိုးတက်လာတယ်ဆိုတဲ့





သံမျိုး သူမကြားချင်။

ဒီတော့ သိမ့် တို့ဘက်က ပိုင်ဆိုင်တာကို သိမ့်အား ပြန်ခွဲပေးလိုက်မည်ပေါ့။

ကုမ္ပဏီရုံးခန်းထဲ မင်းခန့် လှမ်းဝင်ခဲ့၏။

အပြင်အဆင်အခမ်းအနားကအစ စားပွဲကုလားထိုင်အားလုံး သစ်ဆန်းစွာ ပြောင်းလဲနေတာကြောင့် ဝင်းနိုင်နှင့်သောင်းအေးကိုပင် စိတ်ထဲမှကျိတ်ပြီး ကျေးဇူးတင်မိပါသေးသည်။

အပေါင်းအသင်းလူယုံပီသသူများပင် မင်းခန့်ရောက်လာသော သုံးလေးပတ်အတွင်းမှာပင် အရာအားလုံး ပြောင်းလဲအောင် စွမ်းဆောင်ထားပေးနိုင်၏။

နံရံဆီမှသစ်လွင်နေသော ဆေးရောင်များကြောင့် နှုံးချိုင်ပန်းမောဟိုက်ခဲ့သော စိတ်အစဉ်က ချက်ချင်းပင် လန်းဆန်းလို့သွားသည်။

မင်းခန့် ပေါ့ပါးလွတ်လပ်စွာနှင့် သူ့လုပ်ငန်း
ရုံးခန်းထဲသို့ လှမ်းဝင်ခိုက် အရင်အတွင်းရေးမှူး
သဇင်ရဲ့နေရာမှာ လှပလွန်းတဲ့ အခြားအမျိုးသမီး
တစ်ယောက်ကို တွေ့လိုက်ရလေသည်။

ရုတ်တရက် သူ့နှလုံးခုန်သံများ ရပ်တန့်သွား
လောက်အောင် သူမရဲ့အလှက ဖမ်းစားလွန်းလှသည်။

ရွှေဝါရောင်ဝမ်းဆက် ကုမ္ပဏီဝတ်စုံလေးနှင့် လှ
တိုင်းလှနေသော သူမအား အတန်ကြာတဲ့အထိ သတိလ
လွတ်ငေးကြည့်နေမိတဲ့အထိ။

သူမကလဲ မင်းခန့်အား စူးလက်ရွှန်းလဲ့သော မျက်
လုံးဝိုင်းလေးများနှင့် ငေးကြည့်နေခဲ့၏။

ပြီးမှ ချက်ချင်းသတိရသွားဟန်လေးနှင့် ကိုယ့်ထက်
ဂုဏ်သရေရှိသူတစ်ယောက်အား နှုတ်ခွန်းဆက်သလို ချို
လွင်နေသော အသံလွင်လွင်လေးဖြင့်ပေ။





'ဒီက လူကြီးမင်းက ဘယ်သူနဲ့များ တွေ့ချင်လို့ပါလဲ
ရှင်'

အသံလေးကပင် စွမ်းဆောင်မှုရှိသေးတော့၏။

မင်းခန့် ကိုယ်တိုင် ကိုယ့်ကုမ္ပဏီမှာ ဒီလောက်လှနေ
တဲ့ မိန်းကလေးမျိုး မမြင်ခဲ့ဘူးသေးတာမို့ အံ့အားသင့်မိတာ
တော့ အမှန်ပင်။

မင်းခန့်က မခိုးတရို့ဟန်ဖြင့် . . .

'ငါ အခန်းများ မှားဝင်မိတာလား'

မှားစရာတော့ အကြောင်းမရှိ။ မင်းခန့် ရုံးစားပွဲက
အသင့်စောင့်ကြိုနေတာပင် ။

ဒါဖြင့် ဘာတွေမှားယွင်းနေပြီ မသိချေ။

ဒီအခိုက်မှာပဲ အခန်းတံခါးပွင့်သွားလျှက် ဝင်လာသူ
က သောင်းအေး . . .

'ဟာ ဟော့ကောင်ကြီး မင်းခန့်၊ ကုမ္ပဏီကို မလာစဖူး

ထူးလှချည်လား နေတော့ပူဦးတော့မှာပဲ’

သူမလေးကတော့ မင်းခန့် နာမည်ကြားတော့ အနည်းငယ်တုန်လှုပ်သွားသည်ကလွဲလို့ မျက်လုံးဝိုင်းလေး များနဲ့ ငေးကြည့်နေဆဲပါ။

မင်းခန့်လည်း သိမ့်အတွက်နှင့် စိတ်လေတာရော စိတ်ပျက်တာနှင့်ပါ ကုမ္ပဏီကို မရောက်ဖြစ်ခဲ့တဲ့ အတောအတွင်း ဘာတွေများပြောင်းလဲကုန်တာလဲလို့ သိချင်လာမိသည်။

ဒါနဲ့ပင် သူမလေးအား လက်ညှိုးလေးညွှန်လျှက် . .

‘သောင်းအေး သူ . . . သူက ဘယ်သူလဲ’

ရင်ခုန်နေတာမို့ စကားလုံးတွေက အဆင်ပြေပြေ ထွက်မလာချင်။

‘အေး ငါလည်း ဟမ်းဖုန်းနဲ့မင်းဆီ ကွန်တက်ခ်လုပ်ပြီး ပြောပြမလို့ပဲ၊ မင်းက ဖုန်းပိတ်ထားတာကိုး”





‘သဇင်က မင်းခရီးသွားတဲ့အချိန်မှာပဲ တို့ကုမ္ပဏီက အလုပ်ထွက်သွားတယ်၊ ဒါနဲ့ ငါနဲ့ဝင်းနိုင် သဇင့်နေရာမှာ အစားခန့်ဖို့ရှာရင်း မဉ္ဇူကိုတွေ့တာ၊ တို့ ကုမ္ပဏီရဲ့လိုအပ် တဲ့ ဘွဲ့နဲ့အရည်အချင်းတွေလဲ ပြည့်စုံနေလို့ သူ့ကို သဇင့် နေရာမှ ခန့်ထားလိုက်တာပဲ’

‘ဘယ်လိုလဲ မင်းရော သဘောကျရဲ့လား’

သောင်းအေး စကားက ဘာလိုလိုကြီးလို့ မင်းခန့်ပင် မျက်နှာပူသွားရလေသလို သူမမျက်နှာလေးအား အားနာစွာ လှမ်းကြည့်မိတော့ သူမရဲ့ ရှက်မျက်နှာလေးမှာ သိသာစွာ ပန်းဆီရောင်ပြေးနေလျှက် မျက်နှာလေးကိုလည်း အရှက် သည်းစွာဖြင့် ခေါင်းကိုငုံ့ထားလေသည်။

‘ဟာကွာ သောင်းအေးကလဲ သူလေး ရှက်သွားပါ့ မယ်’

‘မင်းတို့နှစ်ယောက်ကတောင် တလေးတစားအလုပ်

ခနဲ့ထားပြီးမှ ငါက မခန့်လို့ဖြစ်မလားဟ၊ ကောင်းပါတယ် ငါ့ဘက်က ဘာမှပြောစရာမရှိပါဘူး၊ လုပ်စရာရှိတာ ဆက် လုပ်ပါ'

မင်းခန့် စကားဆုံးသွားမှ သူမက ကုမ္ပဏီသူဌေးမှန်း သိသွားကာ သူမ စားပွဲတွင် ပြန်ထိုင်လျှက် ကွန်ပျူတာကို အသံထွက်အောင် ရိုက်နှိပ်နေသည်။

စောစောက သူမ မဆင်မခြင်မေးလိုက်မိတဲ့ အမေး ကြောင့် မင်းခန့်အားအရမ်းပင် သူမ အားလည်းနာ၊ သူမကို သူမလည်း ရှက်သွားမိသည်။

သူဌေးမှန်း၊ ဧည့်သည်မှန်း မခွဲတတ်တာကြောင့်ပင်။

ဒါပေမယ့် မင်းခန့်မျက်ဝန်းများက သူမအား ခွင့် လွှတ်နားလည်မှုတွေပါနေတော့ တော်ပါသေး၏။

သို့ပေမယ့် သေချာတာက မင်းခန့်နှင့်အကြည့်ချင်းဆုံ မိခိုက် သူမရင်တွေ အတိုင်းအဆမရှိအောင် ခုန်နေခဲ့တာပဲ





ဖြစ်၏။

သူ့အကြည့်တွေက ရီဝေဝေနှင့် စွဲငင်မှုတွေရှိနေသလို ထို့၊

အပျိုဖြန်းလေး မဥ္ဇူ ၊ ရင်ခုန်သံတွေကို ကွန်ပျူတာ အား တဂျောက်ဂျောက်နှင့် နှိပ်ရင်း ဖြေဖျောက်နေရသည်။

ဒါတောင် ကိုသောင်းအေးက သူမအား မင်းခန့်နှင့် မိတ်ဆက်ပေးနေပြန်သေး၏။

ခက်လိုက်ပါဘိနော် ။

သူ့ရှေ့မှာမှ မဥ္ဇူ အမှားအယွင်းဖြစ်ခဲ့မိရတဲ့အထဲ . . .

၂

အဝေးသာပြေးထွက်လိုက်ချင်ပါတော့၏။

ခက်တာက သူမက သူ့အလုပ်သမားလေ။

ကိုသောင်းအေး မိတ်ဆက်ပေးသမျှ ရှက်ရှက်နှင့်ပင် ခေါင်းကိုသာတွင်တွင် ညိတ်ပြရတော့သည်။

'မဥ္ဇူ သူက မင်းခန့်ပေါ့၊ အစ်ကိုတို့ ကုမ္ပဏီရဲ့ဒါရို
တာ သူ့ဒွေးပေါ့၊ မဥ္ဇူ သူ့စကား နားထောင်ပြီးတော့ အထ
လုပ်ပေတော့ ဟုတ်လား'

'ဟုတ် ဟုတ်ကဲ့ရှင့်'

ကိုသောင်းအေးကို ခေါင်းညိတ်ပြပြီး သူ့အား မော့
ကြည့်မိတော့ ညှို့မျက်ဝန်းများနှင့် စိုက်ကြည့်နေပြန်တာ
ကြောင့် ကပျာကယာပင် မျက်လွှာချလိုက်မိရသည်။

ဘယ်လိုလူကြီးလဲကွယ် . . . ။

မင်းခန့် ရင်ထဲမှာလည်း မေနှင်းနှင့်လွဲပြီး ခြောက်
ခမ်းခဲ့သော သူ့ရင်က မဥ္ဇူဆိုသော သူမနှင့်အကြည့်ဆုံမိ
ခိုက် ပြန်လည်သက်ဝင်လှုပ်ရှားလာသည်မှာ အံ့သြစရာ
ကောင်းလွန်းလှသည်။

သဇင်က မင်းခန့်ရဲ့အတွင်းရေးမှူး စာရေးမ။

ထိုင်တော့လဲ မင်းခန့် စားပွဲနှင့် မလှမ်းမကမ်းစားပွဲ





မှာမို့ . . .။

မဥ္ဇူနှင့်လည်း မျက်နှာချင်းဆိုင် မဟုတ်ပေမယ့် စားပွဲ
ချင်းက တကှယ့်ကိုနီးနီးကပ်ကပ်။

မဥ္ဇူ အလှကိုနစ်မျောပြီး အရာအားလုံးမေ့မေ့လျော့
လျော့နှင့်ဖြစ်ကာ အတန်ကြာမျှ ငေးနေမိ၏။

လှရက်လိုက်တာကွယ် . . .။

သူမလဲ ရှက်နေတာ သိသာလှသည်။

မဥ္ဇူ သူကြည့်နေမှန်းသိတော့ မျက်နှာမဖော်တော့။
စာရင်းတွေ ကုန်းရေးနေပြန်သည်။ သူ့အားရှက်ရွံ့အားနာ
နေပြီထင်၏။

မင်းခန့်ကိုယ်တိုင် ဘာရယ်မသိ စားပွဲပေါ်မှဖိုင်တွဲ
တစ်ခုအား ကောက်ယူကြည့်မိတော့ . . .

မဥ္ဇူရဲ့အလုပ်လျှောက်လွှာဖောင်နှင့် ကိုယ်ရေးမှတ်
တမ်းဖြစ်နေပြန်တာမို့ လှန်လှောကြည့်ရင်း မဥ္ဇူနဲ့ပတ်သက်

သမျှ သိခဲ့ရ၏။

'မင်းနာမည်က မဥ္ဇူခက် နော်'

'ဟုတ် အိမ်မှာတော့ မဥ္ဇူလို့ပဲ အခေါ်များပါတယ်'

'အင်း မိဘတွေကကော ဘာလုပ်ကြလဲ'

'မေမေက ပလာဇာမှာ ရွှေဆိုင်ဖွင့်ထားတယ်၊ ဖေဖေက မဥ္ဇူငယ်ငယ်ထဲက ဆုံးသွားတာ'

'သြော် သြော် မဥ္ဇူက စီးပွားရေးဘွဲ့ယူထားတာနော်'

'ဟုတ် ပထမတော့ ဆေးလိုင်းမှန်းထားတာ၊ အောင်မှတ်မကောင်းလို့ လိုင်းပြောင်းလိုက်တာ'

'ဒီလိုပေါ့ကွာ လူ့ဘဝဆိုတာ ဖြစ်ချင်တာမှ မဖြစ်ရတာပဲ'

လွှတ်ခနဲပြောလိုက်မိပြီးကာမှ သိမ့်နှင့်သူ့ဘဝကို ချက်ချင်းသတိရမိလိုက်တာမို့ ပျက်ချင်ချင်ဖြစ်သွားမိတဲ့





...နှာကို အမြန်ပြန်ထိမ်းလိုက်ရသည်။

သိမ့်နဲ့သူ့ ဘာများပတ်သက်စရာရှိတော့လို့လဲလေ။

မဥ္ဇူက သူမကိုယ်ရေးအချက်အလက်နှင့် မိသားစု...ကြောင်းကို ပြောပြနေရှာသည်။

'မဥ္ဇူက သိပ်ဆန္ဒရှိနေလို့သာပါ၊ မေမေက မဥ္ဇူကို ...မှာပဲနေစေချင်တာ'

'ဒါပေါ့ မဥ္ဇူရဲ့ အိမ်ထဲမှာနေတော့ အပြင်ဗဟုသုတ ...ဘူးပေါ့'

'မဥ္ဇူ အလုပ်ကိစ္စနဲ့ပတ်သက်တာ ကိုသောင်းအေးနဲ့ ...င်းနိုင်မှမဟုတ်ဘူး ကိုယ့်ကိုလဲ မေးလို့ရတယ်နော် ...သား'

'ဟုတ် ဟုတ်ကဲ့ မဥ္ဇူက မေးမှာနော်၊ စိတ်မတိုရဘူး'

'မေးပါဗျာ မေးပါ ဟား ..ဟား'

အချိန်ပိုင်းအတွင်းမှာပင် မင်းခန့်နှင့်မဥ္ဇူမှာ အလုပ်ရှင်

အလုပ်သမားစည်းတွေ ကာဆီးမနေတော့ပဲ ခင်မင်မှု...
ကြသည်။

သေသေချာချာ ဆက်ဆံကြည့်တော့မှ မဥ္ဇူ အသ...
ဘန်ဆောင်မှုကင်းပြီး ဖော်ရွေပျူငှာသူလေး ဖြစ်နေ...
မင်းခန့် သိခဲ့ရသည်။

ခဏချင်းပင် သူမထံမှ ခင်မင်မှုကို ရရှိခဲ့သဖြင့်...
အတိုင်းမသိအောင် ဝမ်းသာနေမိသည်။

သူမနှင့် အကြည့်ချင်းဆုံမိတဲ့အခိုက် ငြိမ်သက်...
သော နှလုံးသားများက သိသာစွာလှုပ်ခတ်နေခဲ့သည်...
လေ။

တဒင်္ဂ သိမ့် အပေါ်မကျေနပ်မှုတွေရော၊ သိမ့်...
တွက်ခံစားနေမှုပါမကျန် မေ့လျော့ပျောက်ကွယ်သွားအော...
စွမ်းဆောင်နိုင်သော သူမပါလား။





'ဟကောင် မင်းခန့် ၊ ပွင့်သစ်စကုမ္ပဏီက ကွန်တင်ဒါ
...ဝင်စာရင်းတွေ ရှင်းမလို့တဲ့ သွားလိုက်ဦးနော်'

'ဟေ. . .ဟုတ်လား၊ အေး အေး'

ဝင်းနိုင်က ပြောလည်းပြော၊ ပြီးတော့ ပြုံးစိစိနှင့်၊
...န်တင်ဒါ အဝင်လက်ချာသွင်းပါက မဥ္ဇူကိုပါ ခေါ်သွား
...ာလေ။

ဒီနေ့အဖို့ နီးစပ်မှုကိုပင် မင်းခန့် ကျေးဇူးတင်၍
...းတော့ . . .။

'မဥ္ဇူ လက်ချာတွေစစ်ပြီးရင် တို့နဲ့ပွင့်သစ်စ ကုမ္ပဏီ
... သွားစို့'

'ဟုတ် . . .ဟုတ်ကဲ့'

'မင်းခန့် ဒီနေ့ အိမ်မပြန်ဖြစ်တော့ဘူးပေါ့'

'အေး ဝင်းနိုင်၊ ကုမ္ပဏီနဲ့ငါ တည့်သွားပြီထင်တာပဲ
...း'

သောင်းအေးရော ဝင်းနိုင်ပါ ရှုပ်ပိုင်းရော စိတ်ပိုင်း
ပြောင်းလဲနေသော သူ့အား အံ့အားသင့်နေကြမှာကို မင်း
ရှက်ရှက်နှင့် မသိချင်ယောင်ဆောင်လျှက် မဥ္ဇူနှင့်အ
ထွက်ခဲ့၏။

မဥ္ဇူကတော့ သူ့နံဘေးမှာ ကော်ပတ်ရပ်လေ
လား။

ကားမောင်းရင်းမှ သူမ မျက်နှာလေးကို ခိုးခိုး
ကြည့်မိတဲ့အဖြစ်ပါ။

'ခါတိုင်း ကိုဝင်းနိုင် ကွန်တင်ဒါ လက်ချာတွေ
ယူခဲ့တာ ဒီနေ့မှ ဘာဖြစ် . . .'

မဥ္ဇူက လေသံတိုးတိုးလေးနှင့်မေးတော့ သူ မ
. . .

'ဩော်. . .ဒီလိုလေ။ တို့က မရောက်တာကြာ
ဒီကောင်တွေက တစ်ခါတစ်လေ စာရင်းမှားတတ်တ





ပြီးတော့ မဥ္ဇူကိုလည်း လက်ချာစာရင်းတွေ ရှင်းပြရဦးမှာ
လေ'

ကိုယ်က ကုမ္ပဏီဒါရိုက်တာ တစ်ယောက်ဆိုတော့
ပြောသလိုဖြစ်နေခဲ့၏။

သူမက 'ဩော်' တစ်လုံးသာပြောပြီး သူ့နံဘေးမှ
ထိုက်ပါလာရတော့သည်ပေါ့ . . .။

ဦးမင်းခန့်တဲ့။ နာမည်နဲ့လူကတော့ လိုက်ဖက်နေ
၏၊

ရုပ်ရည်ချောမောကာ ယောကျ်ားပီသပြီး ခန့်ညားနေ
၏၊ စပို့ရှပ်လက်ရှည် ကြည်ပြာရောင်ကို စတိုင်လ်ဘောင်း
ဘီအနက်ရောင်ဖြင့် တွဲဝတ်ထားတာကြောင့် ဖြူ လွင်နေတဲ့
သားနှင့် လိုက်ဖက်နေသည်။

မဥ္ဇူ ထင်ထားတာက ဦးမင်းခန့်ဆိုလို့ အသက်ခပ်
ကြီးကြီးထဲက ဖြစ်နေမလားလို့ပါ။

လက်တွေ့မှာတော့ သူမနှင့် မတိမ်းမယိမ်းရှိနေယုံမျှ မကပဲ ဆွဲဆောင်တဲ့မျက်ဝန်းများပါ ပိုင်ဆိုင်ထားလေတော့ သူမရဲ့နှလုံးသားလေး ခုန်လှုပ်ခဲ့ရ၏။

ပြီးတော့ ဒီနေ့မှတွေ့တဲ့ သူမအားကြင်နာမှုတွေ ပြနေသေးတော့တာပါ။

ပွင့်သစ်စကုမ္ပဏီကို ရောက်တော့ မဥ္ဇူအတွက်လဲ ဘာမှဟုတ်တိပတ်တိ အလုပ်ကမရှိ။ သူတို့ကုမ္ပဏီသူဌေး ချင်းသာ ကုန်ပစ္စည်းငွေချေပြီး ကိစ္စပြီးသွား၏။

ဦးမင်းခန့်ဟာ သူမ အပေါ် ရိုးသားမှုမှ ရှိပါရဲ့လား။

ပွင့်သစ်စက အပြန် သူမထံမှရင်းနှီးမှုရရှိရေးအတွက် မင်းခန့်တောင်းဆိုမှုက ရိုးစင်းလွန်းနေပြန်၏။

'မဥ္ဇူ'

'ရှင်'

'တို့ရဲ့ ခင်မင်မှုအထိမ်းအမှတ်လေးအဖြစ် တစ်ခုခု





ကျွေးပါရစေနော်'

'ဟို . . .ဟို မဥ္ဇူ ထမင်းစားပြီးထားလို့'

'မဥ္ဇူရယ် ထမင်းစားပြီးလည်း ကော်ဖီအေးလောက် တော့ သောက်လို့ဖြစ်မှာပါနော်၊ တို့ရဲ့ခင်မင်မှုကို အသိအ မှတ်လေးပြုပေးပါနော်'

ဆက်ငြင်းလို့လည်း မကောင်းတော့တာမို့ သူမ ကိုယ်တိုင် မင်းခန့်နှင့် ကော်ဖီဆိုင်မှာ ထိုင်သောက်ကာ ရင်ခုန်ခဲ့ရတော့သည်ပေါ့။

'ရှင် ဘယ်လိုလူကြီးလဲကွယ်'

## အခန်း (၁၃)

နေ့ချင်းညချင်း အပြောင်းလဲကြီးပြောင်းလဲသွားသူက မင်းခန့်ပင်။

သိမ့်အတွက် သောကဝေဒနာရော . . .

မေနှင်းနဲ့ခံစားခဲ့ရတဲ့ အချစ်နာတွေပါ မဥ္စူခက်ဆိုတဲ့ ချစ်စရာကောင်မလေးနှင့် တွေ့ဆုံစဉ်ခဏ ချက်ချင်းကွယ်ပျောက်လွင့်ပါးခဲ့ရတာတော့ တကယ့်ကို မယုံနိုင်စရာပင်။





သူ့ စိတ်တွေ သူမနှင့်တွေ့တော့မှ လေလွင့်မှုမရှိတော့သလို သူမ မျက်နှာလေးကိုသာ အချိန်ပြည့်ကြည့်နေချင်မိတာကြောင့် ကုမ္ပဏီကို နေ့တိုင်းလိုရောက်ဖြစ်နေတော့၏။

လုပ်ငန်းကိစ္စနှင့် ပတ်သက်နေတော့ မဥ္စူခက်နှင့် မင်းခန့်၏ ထိတွေ့ဆက်ဆံမှုက တစ်စတစ်စနှင့် ရင်းနှီးခင်မင်လာခဲ့ရသည်ပေါ့။

'မဥ္စူ ဖိုင်တွေ လက်စသတ်တော့လေ၊ အပြန် ကိုယ်နဲ့ လမ်းကြုံတယ်မို့လား၊ ကိုယ့်ကားနဲ့ လိုက်ခဲ့ပေါ့'

'ဟင့်အင်း အားနာစရာကြီး၊ မဥ္စူကို တကူးတကပို့ပေးနေရမှာပေါ့၊ ဖယ်ရီနဲ့ပဲ မဥ္စူပြန်လိုက်ပါ့မယ်'

'ဟာ ဘယ်ဟုတ်မလဲ၊ ဖယ်ရီလည်း ထွက်သွားခိုင်းလိုက်ပြီ၊ အားမာန်ရှင်ကိုဝင်ရင်းနဲ့ဆိုတော့ တို့ တကူးတကမဖြစ်ပါဘူး မဥ္စူ'

ပြောမရတဲ့အဆုံး မဥ္စူ ဘက်က ခေါင်းညိတ်လို့လိုက်

လျှော့ယုံသာ . . . ။

သူမ ကိုယ်တိုင်ကလည်း မင်းခန့်အား ရင်ခုန်တိမ်းညွှတ်နေမိသလို . . . ။

ရင်းနှီးခင်မင်မှုနေ့ရက်လေးတွေ ကြာလာသည်နှင့်အမျှ ယှက်နွယ်ပေါင်းစည်းလို့ ချစ်သူဘဝသို့ရောက်ခဲ့ကြသည်ပေါ့ . . . ။

မင်းခန့် နှလုံးသားထဲဝယ် ဒုတိယအကြိမ်အဖြစ် မဥ္ဇူဆိုတဲ့အချစ်ပန်းလေးက လန်းဆန်းစွာနှင့် ဖူးပွင့်လို့ လာခဲ့ပြန်သည်။ ဒီအချိန်မှာတော့ သိမ့်လည်းမသိ၊ မေနှင်းခိုတာလည်း မရှိတော့ပါ။

'ကိုကို'

'ပြောလေ မဥ္ဇူ'

ချစ်သူမျက်နှာလေးကို ကြင်နာစွာကြည့်ရင်း ပြန်မေးဖြစ်၏။





'ဟို . . .မဥ္ဇူကို ကိုကိုချစ်ရဲ့လားဟင်'

'ဟာကွာ ကိုကိုလေ ဟောဒီ မဥ္ဇူလေးကို ချစ်လိုက်တာမှ တာနေသာယက္ခဘီလူးထက်တောင် ပိုချင်တာ'

'ဟွန့် ဘာဖြစ်လို့'

'တာနေသာယက္ခက အာခံတွင်းမှာ သူ့ချစ်သူ မင်းသမီးလေးကို ငုံထားယုံထားတာ ကိုကိုက မဥ္ဇူကို ဝမ်းဗိုက်ထဲထိတောင် မျိုချထားပြီး ချစ်ချင်တာ'

"သွား . . . ကိုကိုက သိပ်ပိုတာပဲ၊ ဒီစကားမျိုးတွေနဲ့ မဥ္ဇူကလွဲပြီး ဘယ်နှစ်ယောက်လောက်များ ပြောထားပြီးပြီလဲနော်"

'ဟာကွာ မဥ္ဇူသာ ကိုကို့အချစ်၊ ရင်ခုန်သံလေးပါ၊ မယုံဘူးလား'

'ဟင့်အင်း ယုံပေါင်'

'ဒါဖြင့် ကိုကိုက ဟောဒီလို အနမ်းသက်သေနဲ့ပြရ

တော့မှာပေါ့'

'ဟိုး . . .ဟိုးထားဆရာ ဟိုမှာ ကြည့်နေကြတယ်'

'ဟင် ဘယ်သူလဲ'

အထိတ်တလန့်ရှာကြည့်မိတော့ ပန်းခြံထဲမှာ သူတို့လိုစုံတွဲများသာ ရှိနေကြ၏။ သူ အညာခံလိုက်ရပြီဆိုတာ သိပေမယ့် စိတ်မဆိုးရက်ခဲ့။

'အဟင်း. . .ခစ်. .ခစ် ဟိုမှာ ပန်းပွင့်လေးတွေက ကြည့်နေကြတာလေ . . .'

'ဟာကွာ မဠူ တော်တော်နောက် ကဲ. . .နောက်ဦး'

'အို'

သူမရဲ့ပါးပြင်အိအိလေးကို အနမ်းရိုင်းလေး ဖြတ်သန်းသွားသည်။

မဠူ ပါးပြင်လေးနွေးကနဲ . . .။

ချစ်သူနှစ်ဦး ရင်ခုန်သံတို့က မြန်ဆန်နေကြ၏။





တစ်ယောက်ကိုတစ်ယောက် လွတ်ထွက်သွားမှာစိုးတဲ့အလား ဖက်တွယ်ထားခဲ့ကြ၏။

ချစ်ကြသူတို့ သဘာဝအတိုင်း မိုးမမြင်၊ လေမမြင် ဖြစ်ခဲ့ကြ၏။

တစ်ယောက်ကိုတစ်ယောက် အပျောက်မခံဝံ့ကြတဲ့အဖြစ် ။

'ကိုကို မဠူကို ဘယ်လောက်ချစ်လဲဟင်'

'အားကြီး ချစ်တာပေါ့ မဠူရဲ့'

'ယုံပေါင်'

'ယုန်ပေါင် စားချင်တယ်လား၊ ဝယ်ကျွေးရမှာပေါ့'

'မဠူ ငိုမှာနော်'

'ကိုကို စတာပါကွာ'

ချစ်သူဘဝမှာ မဠူဟာ မင်းခန့်အတွက် ခြောက်သွေ့နေတဲ့ ကမ္ဘာကြီးထဲက ရေခဲပြင်အိုအေစစ်လေး အလားပါ။

ပူလောင်စွာ ခံစားနေခဲ့ရတဲ့ စိတ်ခံမှုတွေကို သူမက အချိန် ပိုင်းလေးအတွင်းမှာပဲ ကုစားပေးနိုင်ခဲ့ပါ၏။

အဲဒီ အချိန်ပိုင်းလေးမှာပဲ သူ့ဘဝဟာ အားလုံးထဲ မေ့မေ့လျော့လျော့နှင့် လျစ်လျူရှုကာ ထားနိုင်ခဲ့တာဘယ်သူ မှ ငြင်းမရခဲ့ . . .။

သိမ့်နဲ့ ခါးသည်းစွာ ကုန်ဆုံးခဲ့တဲ့နေ့ရက်တွေအစား သူမကို အစားထိုးပြီးတမ်းတလာမိတဲ့ စိတ်က နှလုံးသား ကရော ဘယ်လိုတားဆီးလို့မှ မရခဲ့ချေ။

ခါးသီးခဲ့တဲ့အပူနေ့ရက်တွေကို သူမ အချစ်တွေနဲ့ ကုစားချင်နေမိသည်ပေါ့လေ . . .။

'မဥ္ဇူ'

'ရှင်. . .ကိုကို ပြောလေ'

'ကိုကိုတို့ လက်ထပ်ကြပါစို့လား'

'ဟွန့် မစောလွန်းဘူးလား ကိုကိုရဲ့ မဥ္ဇူတို့ ချစ်သူ





တွေဖြစ်တာမှ ဘာမှမကြာသေးဘူး'

'ဟင့်အင်းကွာ ကိုကို မဥ္ဇူနဲ့ မခွဲချင်တော့ဘူး'

သူ့နှလုံးသားတွေ မေနှင်းတုန်းကလို ကြေကွဲကျန်ခဲ့ ရမှာ ကြောက်နေမိသည်။

ပြီးတော့ သိမ့်ကို သူကွာရှင်းခိုင်းခဲ့တာ။

နှလုံးသားနဲ့ရင်းပြီး တည်ဆောက်ချင်တဲ့ အိမ်ထောင် လေးအတွက်ပင်။

ဒါကြောင့် မဥ္ဇူကို လက်ထပ်ဖို့ ပြောဖြစ်ခဲ့ခြင်းပါ။

အချစ်ကြောင့် ရခဲ့တဲ့ဒဏ်ရာကို အချစ်နဲ့ဘဲပြန်ကုစား ကြည့်ချင်တဲ့သဘောပေါ့။

ဒါဟာ သူ့ရဲ့ ခံစားချက်မဲ့ ရူးသွပ်မှုဆိုတာကို နောက် မှသိခဲ့ရတဲ့အဖြစ်။

'ကိုကို မဥ္ဇူကို တကယ်ချစ်တယ်လား'

'ဟာကွာ မချစ်ပဲနေပါ့မလားကွာ၊ ချစ်လို့လက်ထပ်

လိုက်ချင်တာ အမိလေးရဲ့'

'ဒါဖြင့် မဥ္ဇူ ပြောမယ်နော်'

'အင်း ပြောလေ'

မဥ္ဇူ မင်းခန့်အားချစ်ပါ၏။ သို့ပါသော် မေမေ့ဆန္ဒ ကိုတော့ လွန်ဆန်ဝံ့သူမဟုတ်။ မေမေဟာ သူမရဲ့ တစ်ဘဝ လုံးကို ထိန်းကျောင်းပြုပြင် ပေးလာခဲ့တာလေ။ တစ်ဖက်က လည်း ချစ်သူကို မညှင်းဆဲထားရက်တော့။ သူမအား မင်းခန့် ဘယ်အတိုင်းအတာအထိ ချစ်နေတယ်ဆိုတာ မသိ ပဲနေပါ့မလား။

ဒါပေမယ့် သူမ စကားတစ်ခွန်းကြောင့် ချစ်သော ကိုကို အထင်မှားသွားမှာကိုလည်း စိုးရိမ်မိသေးသည်။ မေမေ့ကိုလည်း မလွန်ဆန်ရဲ။

'သမီးချစ်သူကို မိသားဖသားပီပီ မေမေ့ဆီလာ တောင်းခိုင်းလှည့်ပေါ့ ၊ မေမေကတော့ သမီးလေး ကောင်း





အားတာပဲ မြင်ချင်တာနော်'

မေမေ့ စကားတွေကသာ သူမနားထဲမှာ မင်းမူနေခဲ့ ပြီ။

'မဥ္ဇူ ပြောလေကွာ၊ ကိုကိုကနားထောင်နေတာ'

မင်းခန့် အားမလိုအားမရ မေးတော့မှ သူမ ဖွင့်ပြော ဖြစ်ခဲ့ပါသည်။

ချစ်သူ နားလည်နိုင်ပါစေတော့လို့ အခါခါဆုတောင်း နေမိတော့၏။

'ဟိုလေ ကိုကို မေမေကလေ'

'ဘာတဲ့လဲ ယောက္ခမကြီးက ဘာပြောလဲ၊ ပြောပါ မဥ္ဇူရဲ့'

'ဟို ဟို မဥ္ဇူကို ကိုကို ချစ်ရင်လာတောင်းလှည့်တဲ့'

'ဟာကွာ ဒါလေးပြောဖို့ အရေးများ ကိုကိုကလည်း မိသားဖသားပီပီ တောင်းပြီးမှလက်ထပ်ယူချင်တာ'

ဒီအချိန်က ထင်သလောက်မခက်ခဲဟု မင်းခန့် ထင်

တားခဲ့တာအမှန် . . .။

ပရိသတ်များရဲ့ ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်

စာများ ပေးပို့လိုပါလျှင် . . .။

ရှိုင်းစာပေ၊အမှတ်(၁၆)၊လမ္ဘတော်လမ်း၊ သန်လျင်မြို့။

ဖုန်း ၀၉၅၀၄၀၆၄၆





## အခန်း (၁၄)

မင်းခန့်၏ နှလုံးသားရေးရာ အတိုင်ပင်ခံတွေက

...နိုင်နှင့်သောင်းအေးဟူသော မန်နေဂျာအပေါင်းအသင်း

...ွဲဖြစ်၏။

မိဘများကိုတော့ သိမ့်အားကွာရှင်းခဲ့ပြီးကတည်းကို

... အဆက်အသွယ်ပင် မပြုရဲတော့ချေ။

'အဲဒါ မင်းတို့ကောဘယ်လို သဘောရလဲ...
ငါတော့ မဥ္ဇူမှ မဥ္ဇူ တမ်းတမ်းစွဲဖြစ်နေပြီ'

ကိုယ့်လက်အောက်ငယ်သားထက် အပေါင်းအ...
ရင်းတွေမို့ မဥ္ဇူအကြောင်း ပွင့်ပွင့်လင်းလင်း တိုင်ပင်...
တော့ . . .။

သောင်းအေးက မယုံကြည်နိုင်စွာ ခေါင်းခါသည်...

'ဟား ဟုတ်တော့နေပြီ မင်းခန့် မင်းဟာက ...
လွန်းဘူးလားကွာ'

'ဘာကို မြန်ရတာလဲကွ'

'ဟ မင်းနဲ့ မဥ္ဇူခက် တွေ့ကြတာမှ တစ်လ...
အချိန်လေးရှိသေးတဲ့ဟာ'

'အေးလေ ဟုတ်သား ဘယ်လိုဖြစ်တာလဲကွာ'

နှစ်ယောက်တစ်ယောက်ပေမယ့် သူ့မှာက မာန...
နှင့်မို့ လိုချင်တာသာ ရဖို့အဓိကမို့ ။



'ခေတ်က ဒုံးပျံခေတ်ကွ၊ ပြီးတော့ ဒီလိုကိစ္စမျိုးဆို
...မြန်နိုင်သမျှမြန်လေ ကောင်းလေပဲ'

'မင်းတို့နှစ်ယောက် မကြုံဖူးသေးလို့ပါ'

'ကဲ ထားပါတော့ ဒါက မင်းအပိုင်း ဟိုတစ်ဖက်က
...မိဘတွေကိုကော အသိပေးပြီးပြီလား'

မေရင်းမှ ဝင်းနိုင် မင်းခန့်အား အကဲခတ်နေလိုက်၏။
...အား ပစ်ပစ်ခါခါ ရှိခဲ့သလောက် မဥ္ဇူကျတော့ ပျာပျာ
...ဖြစ်နေတာမို့ စိတ်ထဲမှကျိတ်ပြီး ကျိန်ဆဲမိသည်။

'ဘယ်နေပါ့မလဲကွာ မဥ္ဇူ က အမေအဓိကပဲ၊ အသိ
...ပြီ၊ လာမယ့် ဆန်းဒေးမှာ ငါနဲ့စကားပြောချင်တယ်တဲ့
...ပြောတယ်'

'မင်းဘာသာ သွားမှာလား'

'ဟော့အေး မင်းတို့နှစ်ယောက်ကိုပါ ခေါ်သွားမလို့'

'ဗုဒ္ဓေါရေ ဖြစ်ပါ့မလားကွာ၊ အဖေနေရာက ငါတို့

စကားမပြောတတ်ဘူးနော်'

'ဟုတ်ပ ငါလဲ မိထွေးတော်လို မပြောတတ်

'ဟာကွာ မင်းတို့မပါလို့ မဖြစ်ဘူးဟ ငါက

ကြီးနဲ့ စကားပြောဖြောင့်မှာမဟုတ်ဘူးဟ'

'အံမာ သူ့သမီးနဲ့တောင် ဖြောင့်နေတဲ့ကောင်က

ငါ တားတော့မတားချင်ဘူး မင်းခန့်၊ ဒါပေမယ့် မင်းနဲ့

လိုက်ဖက်ဆုံးဇနီးသည် အိမ်ထောင်ဖက်ဟာ နေခြည်

ပဲ၊ မင်း ဒီလိုဖြစ်နေတာမြင်တော့ သိမ့်ကို သိပ်ပြီး သတိ

တယ်ကွာ၊ သိမ့်ဟာ မင်းကိုသိပ်ချစ်ရှာတာကွ'

ပြောရင်း ဝင်းနိုင် အကဲခတ်နေ၏။

မင်းခန့် ကွက်ခနဲ သိမ့်အားမြင်လိုက်မိသေး၏။

သံယောဇဉ်ထားခဲ့၊ ကြင်နာခဲ့ပုံတွေက အထင်းသား။

'အေးကွ သတိမရဘူးပြောရင်တော့ ငါလိမ်ညာမိ

ကျမှာပဲ၊ တစ်ခါတစ်လေတော့လည်း သတိရသားပဲ ဝင်းနိုင်





ရာ၊ အတူနေလာတဲ့ သံယောဇဉ်အမျှင်တန်းပဲပေါ့ကွာ၊ သိမ့်

သိမ့် ဘယ်ဆီများရောက်နေပြီလဲ မသိဘူးနော်'

လူရှေ့မှာ ဟန်ဆောင်ငြီးတွားမိခဲ့ပေမယ့် သိမ့်ရဲ့ကြင်

နာယုယမှုများသည် ခုချိန်မှာ မဥ္ဇူ၏ခြေဖျားလေးပင် မှီအံ့

မထင်မိ။

နှလုံးသားများ စကားပြောတတ်မည်ဆိုပါက မဥ္ဇူ

ချင်းထပ်အောင် ခေါ်နေကြမှာအမှန်။

ဒါကို တစ်ချိန်လုံးအကဲခတ်နေတဲ့ သောင်းအေး

သဘောပေါက်သွားသည်ထင်၏။

'ဘာလဲ မင်းခန့်၊ သိမ့် ရောက်နေတဲ့နေရာသိတော့

မဥ္ဇူနဲ့ မင်္ဂလာဆောင်မယ့် ဖိတ်စာကို သွားပို့ပေးပြီး နှိပ်စက်

ဦးမလို့လား'

စကားက ထိမိလှသည်။

'ဟာကွာ မင်းတို့ကတော့ပြောပြီ၊ ငါကကယ်သတိရ

တာပါ'

'တော်စမ်းပါကွာ အဲလိုသာ သတိရရိုးမှန်ခဲ့ရင် မ

တို့ မေနှင်းတို့ ဘယ်တော့မှ ဖြစ်မလာဘူးမှတ်'

'တော်တော့ကွာ ငါ နားခါးလို့ပါ၊ ရော့ . . . ရော့

မဒူအိမ်သွားဖို့ မင်းတို့နှစ်ယောက် အဝတ်အစားအသစ်ဝယ်ထားလိုက်'

'လိုလို့လား ရှိတာနဲ့သွားမှာပေါ့'

'သွားပါကွာ ကုမ္ပဏီပိုင်ရှင်မျက်နှာထောက်ရင်တော့ သွားသာဝယ်လိုက်စမ်းပါ၊ မင်းတို့ပဲ ငါ့အားကိုးရမှာ'

'အေး အေး လုပ်ထားဦးပေါ့ကွာ၊ မင်း ဘုရားတတဲ့ နေ့တော့ ရှိလာမယ်ထင်တာပဲ'

သူတို့ဘယ်လိုပြောလို့ ဘယ်လောက်ပဲ ဝေဖန်ဖန် မင်းခန့် က ရင်ထဲမှာပျော်ရွှင်မှုက တပြားသားလေးမျှ လျော့လို့မသွားခဲ့။





မဒူနဲ့သူ့ရဲ့ ဖြစ်လာမယ့် အချစ်အနာဂတ် နေ့ရက် သားကိုတွေးကာ စိတ်ချမ်းသာနေမိခဲ့သည်။

အခုချိန်မှာတော့ မင်းခန့် မိဘနှစ်ပါးကိုလည်း အသိ ပေးလို့မဖြစ်သေးပါ။

ပရိသတ်များရဲ့ ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက် စာများ ပေးပို့လိုပါလျှင် . . .။

ရှိုင်းစာပေ၊အမှတ်(၁၆)၊လမ္မတော်လမ်း၊ သန်လျင်မြို့။

ဖုန်း ၀၉၅၀၄၀၆၄၆

# အခန်း (၁၅)

မှန်တင်ခုံမှာအလှပြင်ရင်း လှသွေးကြွယ်နေတဲ့သမီး ငယ်မဥ္ဇူခက်ကို ကြည့်ပြီး ကျေနပ်နေသူကဖြင့် ဒေါ်သိန်း မြင့်ပါပဲ။

'ဘယ်လိုလဲ သမီး၊ သမီးလူက မေမေပြောတာကို လက်ခံရဲ့လား'





'ရှင် မေမေ ဘာကိုလဲဟင်'

'အို သမီးကလည်း မင်းခန့်အကြောင်းကလွဲလို့ ဘာရှိ ဦးမှာလဲ'

'ဒီမယ် သမီး၊ ရီးတီးယားတားတော့ လုပ်မယ်မကြံနဲ့ နော်၊ မေမေ့စီစဉ်မှုအားလုံးဟာ ငါ့သမီးအတွက်ပဲ'

'ဒီဘက်ခေတ်မှာ ရုပ်လက္ခဏာလှပပေမယ့် အိမ် ထောင်ဖက်ကောင်းဖြစ်မလာနိုင်ဘူး သမီး၊ ကိုယ့်မယားကို တင့်တင့်တယ်တယ်ထားနိုင်မှ လင်လို့ သတ်မှတ်သင့်တာ'

'အေး မေမေ ပြောနေတာဟာ သမီးတင့်တောင့်တင့် တယ်နေနိုင်ရေးအတွက်ပဲ'

မဥ္ဇူကလည်း မေမေ့သဘောထားကို သိပြီးသူပီပီ။

'မေမေရယ် မဥ္ဇူခက်ဟာ မေမေ့သမီးပါ၊ ဒီလို စွမ်း ဆောင်ချင်လို့ကို ဦးမင်းခန့်ကုမ္ပဏီမှာ အလုပ်ဝင်ခဲ့တာပေါ့၊ စိတ်ချ မေမေ'

'သူ သမီးကို ကြွေနေပါပြီ၊ မေမေ့ဆီမှာ မိသားဖသား ပီပီလာတောင်းဖို့ သမီးစည်းရုံးထားပြီးသား၊ မကြာခင် မေမေ့ရှေ့ ဒူးတုပ်ပြီး အဲဒီ မင်းခန့်ဆိုတဲ့လူ ရောက်လာပါလိမ့်မယ်'

သမီးစကားကြောင့် ဒေါ်သိန်းမြင့် ကျေနပ်သွားရပါ၏။ ဘာပဲဖြစ်ဖြစ် သမီးလိုရုပ်ဆင်းရူပကာမျိုးနှင့် သူဌေးကတော်ပင် ဖြစ်ရစေမည်လို့ ဆုံးဖြတ်ထားမိသည်။

'အေး အဲဒီလို ပိုင်မှဖြစ်မှာ၊ တော်ကြာ အပျော်သဘောတွဲတာတို့၊ အငယ်အနှောင်းအဖြစ်တို့မရောက်ဘူးလို့ မပြောနိုင်ဘူး'

'သမီးလည်း နားလည်ပါတယ်မေမေ၊ ကိုကို မင်းခန့်က သမီးကို ချစ်တာတော့ အသေအချာပဲ မေမေ၊ လာမယ့် ဆန်းဒေးမှာ မေမေနဲ့လာတွေ့ကြလိမ့်မယ်၊ သမီးကို သူဂတိပေးထားပြီးပြီ'





'အေးလေ မေမေကတော့ တစ်လမ်းမောင်းပဲနော် သမီး၊ မေမေပြောတဲ့အတိုင်း သူ မဖြစ်လာလို့ကတော့ သမီးနောက်ဆုတ်ရလိမ့်မယ်'

'ဟင့် မေမေကလဲ သမီး'

'တော်စမ်း မဥူ၊ ငါ့ အလိုမဖြစ်လို့က သမီးမခွဲနိုင်လို့ ဘာညာတွေ ဘာမှကိုမလိုချင်တာ၊ လုံးဝယတိပြတ်ပဲ ကြားလား'

'ဟုတ် ဟုတ်ကဲ့'

'အေး ဒီကောင်မှချမ်းသာတာ မဟုတ်ဘူး၊ သမီးအတွက် မေမေက သားမက်ချမ်းသာတာတွေ ရွေးထားတာမှ ရိုက်သတ်လို့တောင်မကုန်ဘူး'

'ကဲပါမေမေရယ်၊ သမီးယုံကြည်ပါတယ်၊ ဒါပေမယ့် ကိုကိုမင်းခန့်ကိုတော့ စောင့်ကြည့်လိုက်ပါဦး'

'ကြည့်မှာပေါ့ သမီးရဲ့၊ သမီးမေမေပဲဟာ၊ ဒီခေတ်မှာ

စီးပွားတွက်တွက်နိုင်မှအေ့'

'ဒီလို မေမေ စီစဉ်တာတွေဟာ ဟောဒီက ငါ့သမီး လေးကောင်းစားဖို့ပါလေ'

ဒေါ်သိန်းမြင့်တစ်ယောက် စီးပွားရေးသမားပီပီ သမီး ဖြစ်သူ အိမ်ထောင်ရေးအတွက်လည်း စီးပွားတွက်ဖြင့် စီမံ ကိန်းကြီး ချထားလိုက်သည်။

မဥ္ဇူ အတွက်ကတော့ မေမေ့သဘောဆိုပေမယ့် သူမ ကိုယ်တိုင်က မင်းခန့်အပေါ် ချစ်နေမိတော့ ချစ်သူလည်းရ၊ မိခင်ကြီးဆန္ဒအတိုင်းလည်း ဖြစ်လာတော့မှာမို့ သူမနဲ့ မင်းခန့်တို့၏ အချစ်ရှေ့လမ်းခရီးကို ကြိုတွေးဆလျှက် ရင် ခုန်နေမိသည်။





## အခန်း (၁၆)

မဥ္ဇူနှင့်မင်းခန့်တို့ အချစ်ခရီးလမ်းဖြောင့်ဖို့အရေး ...ာင်းအေးရော ဝင်းနိုင်ပါ လူရောစိတ်ပါ အနားမရခဲ့ချေ။

'မင်းခန့် ကုတ်နဲ့စတိုင်လ်ဘောင်းဘီက ရက်နီးနေလို့ ...ာ်ချင်းအော်ဒါမရခဲ့ဘူး၊ မြန်မာဆန်ဆန်သာ ဝတ်ပေ ...ာ့၊ မိန်းမတောင်းတာပဲကွာ၊ ယူပြီးတော့လည်း ပြီးသွား ...ဲဟာ'

'ဟာ သောင်းအေး မင်းစကားက ဘာလဲကွာ၊ ငါ့ မဥ္ဇူကို တန်ဘိုးထားတာ မင်းတို့သိရဲ့သားနဲ့၊ အပျက် သဘောလို့ မပြောစမ်းပါနဲ့'

'အပျက်သဘောမဟုတ်ဘူး ငါ့ကောင်၊ လုံးဝမတ သာလို့ မဥ္ဇူကို လက်ထပ်မှာ ငါတို့လုံးဝကို သဘော ဘူး၊ ဖြစ်နိုင်ရင် မင်းစဉ်းစား၊ ဒီနေ့ တစ်နေ့လုံးအချိန် သေးတယ်'

မင်းခန့် ခေါင်းကိုသာ တွင်တွင်ခါရမ်းလိုက်သည်။

'မဖြစ်ဘူးကွ၊ ငါ မဥ္ဇူကိုချစ်တာဘဲသိတယ်'

'အင်း ဒါဆိုရင်တော့ မဥ္ဇူအမေ ဒေါ်သိန်းမြင့် လ ချက်နဲ့တင် မင်းစီးပွားပျက်မှာ အသေအချာပဲ'

'တော်ပြီကွာ တို့ ပြောနေလည်း မင်းကိုယ်၌ မဆင်ခြင်နိုင်တော့တာ ဆက်ပြောနေလို့လည်း အပိုစကား ဖြစ်နေတော့မှာ၊ မင်းကောင်းသလိုသာ ဆုံးဖြတ်ပေတော့

'အေး ငါတို့စုံစမ်းမိလို့ ရသမျှကတော့ မဥ္ဇူအမေက ခမ်းချောကို ဘမ်းပြပြီး စီးပွားရေးသမားပီပီ ကြီးပွားချမ်း ချင်နေတာ မင်းလို သူ့သမီးကိုတန်းတန်းစွဲကိုတော့ လုံးပြုတ်မလား၊ အစိမ်းလိုက်ပဲဝါးစားမလား စောင့်ကြည့် သေးတာပေါ့'

'သိမ့်ကလွဲပြီး မိန်းမကောင်းတော့ မမြင်မိသေးဘူး မင်းစိတ်ဆိုးလဲ မတတ်နိုင်ဘူး'

အပေါင်းအသင်းများက အမျိုးမျိုးသောနည်းများနှင့် နေကြပေမယ့် သူ့နှလုံးသားများက သူရဲကောင်းပီသ ကြသည်ထင်သည်။

မဥ္ဇူမှ မဥ္ဇူဖြစ်နေခဲ့၏။

ဘယ်လိုမှပြောမရတဲ့အဆုံးမှာ နှစ်ယောက်စလုံး လျော့သွားကြ၏။

သူတို့ပြောနေသလို စဉ်းစားချင့်ချိန်ဖို့ကော လိုပါ့မ

လား၊ မဥ္ဇူ သူ့အချစ်ကိုလည်း မဥ္ဇူသာလျှင် အသိဆုံးဖြစ်
လိမ့်မည်။

သူ့အချစ်မှိုင်းမိနေတာလည်း ပါမည်ပေါ့။

မဥ္ဇူမေမေနှင့် တွေ့ဖို့အရေး သောင်းအေးနဲ့ဝင်းနိုင်
က အချစ်သမား သူ့ရဲ့ သူ့ရဲကောင်းဘက်တော်သားများ
ဖြစ်ခဲ့၏။

ပြောပြောဆိုဆို ဒီနှစ်ယောက်ကိုပဲ မင်းခန့် အားကိုး
နေရတာလေ။

'ဟော့ အဘွားကြီး အပေါ်ထပ်က ဆင်းလာပြီ၊ မဥ္ဇူ
မျက်နှာကလည်း တည်လှချည်လားဟ'

'ဟာကွာ မင်းတို့ကလဲ ဣန္ဒြေမဲ့လိုက်တာ၊ သူ့အ
ရှိနေတာကိုးကွ'

မဥ္ဇူတို့ သားအမိ မျက်နှာချင်းဆိုင် ဆက်ဆံမှာ
ထိုင်မှ နှစ်ကောင်လုံး နှုတ်ဆိတ်သွား၏။

'သူ့မှာသာ ရင်ခုန်နေမိဆဲ'

'မောင်မင်းခန့် အန်တီ လူကြီးစကားနဲ့ ပြောရရင်
တော့ မပြောမပြီး မတီးမမြည်ဆိုသလိုပေါ့ကွယ်၊ အန်တီက
ခါးရင်ဆိုတော့ကာ ရှေ့မျက်နှာနောက်ထားပြီး ပြောရ
တော့မှာပဲ'

စကားချီလာပြီဆိုတာ မင်းခန့် သိနေပေမယ့် ပါးစပ်
ပ်ရဲ့ မတော်ရသေးတဲ့ ယောက္ခမကို ရှို့နေမိသလိုလို။

ဝင်းနိုင်ကတော့ မရပြီ။ တပည့်ကောင်းပီသသည်။

'ဟုတ်ကဲ့ အန်တီ ပြောစရာရှိတာသာ ပြောပါ'

'ကျွန်တော့်သူငယ်ချင်းက မကြာခင် အန်တီ့သား
ဖြစ်လာတော့မှာပဲဟာ၊ ဒီတော့ ပွင့်ပွင့်လင်းလင်းပေါ့'

ဝင်းနိုင်ခနဲ့တဲ့တဲ့ စကားကိုမှ အဘွားကြီးက သဘော
သွားဟန်တူ၏။ မျက်နှာက ချက်ချင်းပြုံးရိပ်သမ်း
သည်။

မဥ္ဈူကတော့ မိခင်နံဘေးမှာ ထိုင်လျှက် တစ်ခါတ
ခါ မင်းခန့်ကို ခိုးခိုးကြည့်နေခဲ့ယုံကလွဲလို့ စကားမဟာရဲ
ပီဘိကျောက်ဆစ်ရုပ်လေး တစ်ရုပ်အလားပင်။

သူတို့အားလုံးကို စကားလမ်းကြောင်းနှင့် ဆွဲခေါ်
သွားသူက ဒေါ်သိန်းမြင့်ပေါ့။

'အေးကွယ် ဒီလိုဆိုတော့လည်း ပြောရတော့မှာ
ပေါ့၊ မင်းတို့လူငယ်ချင်း မေတ္တာမျှချစ်နေကြတော့မှ အန်တီ
က ကန့်ကွက်စရာမရှိပါဘူးလေ'

'ဒါပေမယ့် အိမ်ထောင်ရေးဆိုတာ အစစပြည့်စုံရမ
သာနေမှ တည်မြဲတာမျိုးဆိုတော့ မင်းတို့အနေနဲ့ အန်တီ
သမီးကို တင်တောင်းမယ့်ကြေး ဘယ်လောက်လဲဆိုတာ
အန်တီ သိချင်လို့ပါ'

'ဒါကလဲ မင်းတို့နှစ်ယောက်အတွက်ပဲနော်၊ အန်တီ
ကိုတော့ တစ်မျိုးမထင်စေချင်ဘူး'





သမီးတစ်ယောက်ကို ကန့်စွန်းရွက်ရောင်းသ လို
ငွေကြေးစကားနှင့်ပြောနေသော ဒေါ်သိန်းမြင့်အား မင်းခန့်
မျက်လုံးအဝိုင်းသားနှင့် ငေးကြည့်နေမိသည်။

သူ့တစ်သက်နှင့်တစ်ကိုယ် လုံးဝမကြား မမြင်ဘူးတဲ့
အဖြစ်မျိုးမို့မယုံနိုင်စရာပါ။

ဝင်းနိုင်တို့ကတော့ ဘယ့်နှယ်ရှိစဆိုတဲ့ သဘောနဲ့
မင်းခန့်အား ကြည့်နေကြသည်။

မဥ္ဈူ ကို အကဲခတ်လိုက်တော့လည်း မိခင်ကငွေ
ကြေးစကားဆိုလာ၍ ရှက်ရွံ့ပြီးမျက်နှာကို အောက်သို့ငုံ့
ထားယုံ။ ဒီ့ထက်ထူးခြားမှု မရှိချေ။

ကာယကံရှင် သူ့ဆီမှာ အဖြေကရှိနေခဲ့ပြီ။ မဥ္ဈူကို
ချစ်နေမိမှတော့ မထူးတော့ပြီမို့ ။

'အန်တီ့ဘက်က ပြောတာမှန်ပါတယ်လေ၊ သဘာဝ
ကျပါတယ်၊ အဲဒီ အန်တီပြောတဲ့ကြေးကိုတော့ အန်တီ့အ

နေနဲ့ပဲ သတ်မှတ်ပေးပါ'

ပိုင်ဆိုင်သမျှကို ပေးဆိုလဲ မဉ္ဇူ သာရှိ။ မင်းခန့်
နှမျောမိမှာတော့ မဟုတ်ပေ။

တစ်သက်မှာတစ်ခါဖြစ်ရတဲ့ အချစ်စိတ်ကို ကျိတ်မှိတ်
ရင်စည်းခံယူယုံသာ ရှိတော့၏။

ဟိုနှစ်ယောက်ကတော့ ဘေးကငြိမ်ပြီးသာ ထိုင်နေ
ပေမယ့် သူ့အားထ၍ပင် ရိုက်ချင်နေမှာပါ။

မဉ္ဇူ မေမေကလဲ ဒီအခွင့်အရေးကို အပိုင်ပဲတွက်
ထားပုံရသည်။ သမီးချောလေးကိုတောင် အားနာရကောင်း
မှန်းမသိတော့ ။

မင်းခန့်ဘက်က တန်းတန်းစွဲ လိုက်လျှောလာမှန်း
သိတာနှင့် ကြိုတင်တွက်ဆထားပုံရသော စီမံချက်ကို ချ
ပြတော့၏။

'ကောင်းပြီလေ မောင်မင်းခန့်တို့က သတ်မှတ်ပေး





ါဆိုလို့ အန်တီကပဲ သတ်မှတ်ပေးလိုက်ပါ့မယ် ဟုတ်လား
သမီးမဉ္ဇူလေးအတွက် တိုက်တစ်လုံး၊ ကားတစ်စီးနဲ့ စိန်
ဘစ်ဆင်စာဆိုရင်တော့ လုံလောက်ပါပြီလေ၊ ဒါပေမယ့်
အရေးကြီးတာက"

'မောင်မင်းခန့်ရဲ့ အရင်ဇနီးဟောင်း သိမ့်ဆီက လင်
မယားကွာရှင်းပြီးပါပြီဆိုတဲ့ ပြတ်ဆဲကွာရှင်း စာချုပ်ကိုလို
ချင်တယ်'

'ဒါမှ ခုရှုပ်မှ နောင်ပြဿနာ ရှင်းနိုင်မယ်လေ'

ဒီပြဿနာကိုတော့ မင်းခန့် ခေါင်းကြီးသွားမိသည်။
နေခြည်သိမ့်က ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်း သူ
သိတာမဟုတ်။ ကွာရှင်းစာချုပ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်
ဘဲအရာ ။

'ဟုတ်ကဲ့ အန်တီ၊ အန်တီ မဉ္ဇူအတွက် တောင်းဆိုမှု
တွေကို ကျွန်တော် ပေးနိုင်ပါတယ်၊ ဒါပေမယ့် သိမ့်နဲ့ကွာ

ရှင်းစာချုပ်ကတော့ မဖြစ်နိုင်ပါဘူး၊ သိမ့်နဲ့ကျွန်တော် ပြတ်စဲခဲ့ကြတာလဲ အမှန်ပါ၊ ခု သူဘယ်ရောက်နေမှန်း မသိတဲ့အတွက် စာချုပ်ရရှိဖို့က မလွယ်ပါဘူး အန်တီ’

ပထမဆုံး စိတ်ပျက်ခြင်းသင်္ကေတနှင့် မင်းခန့် ပြောပြတော့ ဒေါ်သိန်းမြင့်ကလည်း ဘဝင်ကျဟန်နည်းနည်းမှ မရှိချေ။

‘အဲဒါ ခက်တာပေါ့ကွယ်၊ လူဆိုတဲ့အမျိုးက ပြောလို့ရတာမဟုတ်ဘူးကွဲ့၊ တော်ကြာ ငါ့သမီးလေး မင်္ဂလာဆောင်မှ သိမ့်က လာနှောင့်ယှက်နေရင်ဒုက္ခ၊ ဒီတော့ မောင်မင်းခန့်က လင်မယားကွာရှင်းပြတ်စဲကြောင်း စာချုပ်ကို အန်တီ့ဆီယူလာခဲ့ပေါ့ ဟုတ်လား’

‘မင်္ဂလာကိစ္စကတော့ စာချုပ်ရပြီးမှ အန်တီဆက်ပြီး စီစဉ်မယ် မကောင်းဘူးလား’

‘ကောင်း ကောင်းပါပြီ အန်တီ’





အဖြေက အားရစရာမရှိတာ ကာယကံရှင် သူသာ အသိဆုံးပင်။

မဉ္ဇူကိုကြည့်တော့လည်း မိခင်ဖြစ်သူက သေဆို သေ၊ ရှင်ဆိုရင် ရှင်ပြရမည့်ပုံ ပေါက်နေလေပြီ။

မိခင်အဆိုအား သူမကပါ သဘောတူနေပုံပါ။ ခက်ပဲ ခက်လှချည်ရဲ့ကွယ်။

နောက်ဆုံးတော့ ဝင်းနိုင်နှင့်သောင်းအေး လက်ကုတ်ခေါ်ရာနောက်သို့ လိုက်ပြန်ခဲ့ရတဲ့ သူဖြစ်ရပ်ပေါ့။

သူတို့ရင်ထဲကြည်လင်မှု မရှိနိုင်တော့ဆိုတာ စိတ်ထဲ မင်းခန့် အတတ်သိနေပါ၏။

စားသောက်ဆိုင်သို့ရောက်တော့ သူတို့တေးလာသမျှ ဖွင့်အံချလာကြသည်။

မင်းခန့်ကိုယ်တိုင် ငွေကြေးနဲ့တိုင်းတာခံလိုက်ရတဲ့ သူ့အချစ်ရေးကို သိမ်ငယ်နေမိသည်။

ဖြစ်နိုင်လျှင် မဥ္ဇူအား သူမမိခင်၏ စရိုက်အာသာ အတွင်းက လွတ်ကင်းရာဆီသို့ ဆွဲထုတ်ခေါ်ယူသွားချင်မိသည်။

သို့သော် စိတ်ကူးမျှသာရှိ၏။

အပေါင်းအသင်းနှစ်ယောက်မှာလည်း သူ့အတွက် ခေါင်းစားကုန်ကြပြီထင်သည်။

'မင်းခန့် မင်းနဲ့မဥ္ဇူ အရေး ဘယ်လိုဆက်ပြီး စခန်းသွားမှာလဲ'

'ကျွတ် ငါလဲ ဘယ်လိုလုပ်ရမလဲ ဆိုတာ မတွေးကို မတွေးတတ်တော့တာပါ၊ သိမ့်ကိုလည်းဒီနေ့ထိ ဘယ်မှာရှိမှန်း သိတာမဟုတ်ဘူး၊ ပြီးတော့ မဥ္ဇူကိုယ်တိုင်က သူ့အမေ အမိန့်ကို ကြောက်နေရတယ်လေ၊ အိမ်အပြင်တောင် ထွက်ရပါ့မလားဘဲ'

'တောက် မဥ္ဇူ အဘွားကြီးက ဘယ်လိုမျိုးရိုးကများ





ဆင်းသက်လာပါလိမ့်၊ သမီးရဲ့မင်္ဂလာအရေးပြောတာ ဈေးထဲမှာ သူ့သမီးကို ချရောင်းနေတာကျနေတာပဲ၊ အတော်ငွေစကားပြောတဲ့ မိန်းမကြီး'

'အဲဒါ ဂွင်လေ ဝင်းနိုင်ရ၊ တို့ကောင် မင်းခန့်က သူ့သမီးကိုအသေရရ၊ အရှင်ရရ လိုချင်နေမှန်းသိတော့ ဘာမှမလုပ်နိုင်တော့တဲ့လူကို ကြိုးတုပ်ပြီးရိုက်သလို အပီနှက်တော့တာပေါ့၊ ကိုယ့်လူက မနာတတ်တော့ အခံရခက်လိုက်တာကွာ၊ အပြင်မှာသာဆို တစ်စစီဆွဲဖဲ့ပစ်မိမလားပဲ'

ကာယကံရှင်မင်းခန့် မလုံမလဲဖြစ်ရ၏။

'ငါ့ကို ဒီလိုတော့ မနှိပ်ကွပ်ကြပါနဲ့ကွာ၊ ငါ မနာတတ်တာမဟုတ်ပါဘူး၊ စိတ်မကောင်းဖြစ်နေတာ အဘွားကြီး သတ်မှတ်တဲ့ အတိုင်းအတာထက် ငါ ပိုပြီးပေးနိုင်တယ်၊ မဥ္ဇူ ငါ့ကိုလက်ထပ်ယူလိုက်တာနဲ့ ငါပိုင်တာမှန်သမျှ သူပိုင်ဆိုင်သွားမှာ အဘွားကြီးက ဦးနှောက်နည်းတာ'

'ဒါ ဦးနှောက်နည်းတာမဟုတ်ဘူးကွ၊ ငွေမက်တာ ဓနဥစ္စာမက်တာ၊ မင်းစည်းစိမ်ဥစ္စာကို မက်နေတာ အထင်အရှားကြီးပါကွာ'

သူငယ်ချင်းများ ပြစ်ပြစ်နှစ်နှစ်ကို ဝေဖန်တော့ သူကိုယ်တိုင်ဖြေသိမ့်စရာ မတွေ့နိုင်အောင် ဖြစ်ရ၏။

'တောက် ကွိုင်ပဲကွာ၊ ငါတော့ ဘယ်လိုရှေ့ဆက်ရမလဲ မသိတော့ဘူး၊ မဥ္ဇူကလဲ ဒီအတိုင်းသာဆို ငါ့ကိုလာတွေ့ရတော့မယ်မထင်ဘူး၊ သူ ငါ့အပေါ်ဘယ်လိုဆုံးဖြတ်မလဲ၊ ဒါလဲ သိချင်လိုက်တာကွာ၊ ဟူး ခုမှမလွယ်ကြောပဲ'

မိုင်ပေါင်းထောင်သောင်းများစွာ ပြေးခဲ့ရသူ တစ်ဦးလိုရင်ထဲမှာ မောဟိုက်နေမိသည်။

ဒုတိယအကြိမ်မြောက် အချစ်၏ရလာဒ်က ခံနိုင်စရာ အင်အားမရှိပါ့မလားလို့ ပူပန်မိပါ၏။





'သိပ်လဲ ပူပန်မနေပါနဲ့ မင်းခန့်ရာ၊ မင်းကို မဥ္ဇူ တကယ်ချစ်တာမှန်ရင်တော့ မင်းဆီကိုအဆက်မပြတ်ပဲ ရောက်လာတော့မှာပေါ့၊ ဒါမှမဟုတ်လို့ကတော့ သူလဲ အဘွားကြီးနဲ့ ကြံရာပါ မအေတူတဲ့သမီးလို့သာ အောက်မေ့လိုက်ပေတော့'

'သူ့အိမ်ကို နောက်တစ်ခေါက် ထပ်သွားကြည့်ရင် ကောင်းမလား ဝင်းနိုင်'

'ငါ မဥ္ဇူနဲ့ ထပ်တွေ့ချင်သေးတယ်'

'ဟာကွာ အထူအပါး နားမလည်လိုက်တဲ့ကောင်၊ မင်းကို အဘွားကြီးက တစ်ချက်လွှတ်အမိန့်ထုတ်ထားတာကွ၊ သိမ့်နဲ့ ကွာရှင်းစာချုပ် မရမချင်း မင်းသွားလို့ ထူးလာမှာ မဟုတ်ဘူး၊ သူ့သမီးကို သူပဲ ချုပ်ကိုင်ထားမှာပေါ့၊ မင်း အဲဒီလောက်အထိ သိက္ခာအကျမခံပါနဲ့ကွာ'

'ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ၊ မဥ္ဇူ သဘောထား

လေး ငါသိချင်တာ'

ချစ်သူကို ယုံကြည်နေမိတာလဲ ပါ၏။

'ကျွတ် ခက်တယ်ကွာ၊ ဘယ်လိုတားတား မဥူ သာချစ်ရိုးမှန်ရင် မကြာခင် မင်းဆီရောက်လာလိမ့်မယ်၊ အေး မလာခဲ့ရင်တော့ ဝင်းနိုင်ပြောသလို သူပါ ကြံရာပါလို့ မှတ်ပြီး မုန်းလိုက်ပေတော့'

'ကဲ ကဲ ညဥ့်လဲနက်ပြီ၊ ပြန်စို့ကွာ၊ အချိန်က အဖြေ ပေးသွားမှာပေါ့၊ ပွေးပူရင် ဘေးလူတွေရိပ်မိကုန်လိမ့်မယ်'

လူစုခွဲအိမ်ပြန်လို့ အိပ်ဆေးသောက်ကာ အနားယူ အိပ်စက်သည့်တိုင် အိပ်မပျော်ခဲ့။

ချစ်ရသူ မဥူ မျက်နှာလေးက ဝဲပျံလာလိုက်၊ သူမ မိခင်ကြီး စကားသံများ ပြန်ကြားယောင်လိုက်နှင့် ချာချာ လည်နေတော့၏။

ထူးခြားမှုက မေ့မေ့ပျောက်ပျောက် ဖြစ်နေခဲ့သော





နိုးဟောင်း သိမ့်အား ပိုပြီးသတိတရရှိလာတဲ့ အချက်ပင် . . .။

ပရိသတ်များရဲ့ ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက် စာများ ပေးပို့လိုပါလျှင် . . .။

ရှိုင်းစာပေ၊အမှတ်(၁၆)၊လမ္မတော်လမ်း၊ သန့်လျှင်မြို့။

ဖုန်း ၀၉၅၀၄၀၆၄၆

## အခန်း (၁၇)

ချစ်ရသော မဥ္ဇူ၏ ရက်စက်မှုက ခါးသီးလွန်းလှ၏။

အများပြောသလို သူ့ရဲ့ဓနဥစ္စာကို မက်မောလို့ နေခဲ့ပြီလားလို့ သူ မတွေးရဲခဲ့။

အထူးသဖြင့်တော့ သူချစ်မိသော မဥ္ဇူအား ထိုစွပ်စွဲချက်ထဲမှာ မပါစေချင်ပေ။ ဆွဲထုတ်ချင်နေမိသည်။ ဒါဟာလဲ သူ့ရဲ့ ရူးသွပ်မှုတစ်ခုသာ ဖြစ်ခဲ့သည်။ မဥ္ဇူနှင့် နှစ်ကိုယ်ချင်း





စကားပြောဖြစ်လျှင် အကြောင်းထူးမည်ဟု ထင်မိ၏။

ဒါကြောင့် သူမထံ ဖုန်းဆက်ကြည့်မိတော့ . . .။

'ဟဲလို'

'ဩော် ကျွန်တော် မင်းခန့်ပါ အန်တီ'

'× × ×'

'× × × × × ×'

'ဗျာ ဟုတ်ကဲ့ အန်တီ၊ ကျွန်တော် သိမ့်ကိုတွေ့နိုင်ဘို့ အမြန်ဆုံးရှာဖွေနေပါတယ် အန်တီ၊ ဟုတ်ကဲ့ လတ်တလော မတွေ့နိုင်သေးလို့ စာချုပ်မရသေးတာပါ၊ ဟုတ် ဟုတ်ကဲ့'

မဥ္ဇူနှင့်စကားပြောရဖို့ဝေးစွ၊ မဥ္ဇူ အမေက သိမ့်နှင့် ကွာရှင်းပြတ်စဲစာချုပ်ကိုသာ ကလေးမုန့်တောင်းသလို တောင်းဆိုနေပြန်တာကြောင့် သူ့ရင်တွေပိုလို့ ဗလောင်ဆူလာရ၏။

'တောက် ခက်လိုက်တာကွာ၊ သိမ့်ကို ငါကဘယ်မှာ

သွားရှာရမယ်မှ မသိတာ၊ ဟူး မဥ္ဇူရေ ကိုကိုတို့တော့ ဆေ
နဲ့တူပါရဲ့ကွာ’

မမြင်ရမှ ပိုကြင်နာလာသလို မဥ္ဇူမျက်နှာလေးတွေ
လိုတွေ့ငြား ကုမ္ပဏီကိုလာခဲ့ပြန်တော့လည်း မဥ္ဇူထိုင်
စားပွဲနှင့် ကုလားထိုင်ကသာ ဆီးကြိုနေ၏။

ရင်မောရပါလား ချစ်သူရယ် . . ။

အကြံအိုက်နေစဉ် ဝင်းနိုင်ဆိုသော သူ့မန်နေဂျာ
အစုတ်ပလုတ်က စာအိတ်တစ်အိတ်လာပေး၏။

‘ရော့ ဟော့ကောင်၊ မင်းမဥ္ဇူကို လာတွေ့တာ မဟုတ်
လား၊ ထူးမခြားနားပဲ ဟော့ကောင်၊ လူတင်ပါလို့ နွား
ကိုက်တာ မဥ္ဇူလဲ သူ့အမေစနက်နဲ့ တစ်ပုံစံထဲပါပဲကွာ’

‘ဟေ နေပါဦး ဒါနဲ့ ဒီစာအိတ်နဲ့ ဘာဆိုင်လို့လဲ’

စာအိတ်ဖြူဖြူလေးအား တုန်လှုပ်စွာကြည့်
မင်းခန့်မေးလိုက်တော့ မန်နေဂျာဝင်းနိုင်က ဟားတိုက်





ရယ်မော၏။

‘ဟား ဟား ဟား မင်း မဥ္ဇူကို အထင်ကြီးနေတာ
တွေ ပပျောက်စေမယ့် စာအိတ်လေ၊ မဥ္ဇူအမေရဲ့ စီရင်ချက်
ချမှုတွေမှာ မဥ္ဇူ လုံးဝမပါဘူးလို့ မင်းမှတ်ယူထားတာမို့
လား၊ ဒါကြောင့် မင်းမဥ္ဇူကို တွေ့ချင်နေတာပေါ့ကွာ’

သူ့ဆန္ဒကို ကြိုသိနိုင်သော ဝင်းနိုင်ပင်။ အံ့လဲအံ့သြ
မိ၏။

‘မင်း မအံ့သြနဲ့ မင်းခန့်၊ ဒီစာအိတ်ထဲမှာ မဥ္ဇူရဲ့ ထွက်
စာတင်တာပါလာနေတယ်ဆိုရင် မင်း ငါပြောတာကို လက်
ခံသင့်ပြီ’

‘ဘာ’

‘ဒါ မဥ္ဇူရဲ့ ထွက်စာတင်တာ ဟုတ်လား’

‘ဟုတ်ပါ့ မောင်၊ ဒီနေ့ကစလို့ သူ အလုပ်ထွက်လိုက်
ပါပြီတဲ့လေ၊ သူအလုပ်ထွက်တာ မကျေနပ်ရင် သုံးလစာ

ငွေပြန်လျှော်ပါ့မယ်တဲ့'

'တောက်'

'လုပ်ရက်လိုက်တာကွာ'

'ကဲကွာ ကဲ ကဲ ကဲ'

'ဖျို . . .ဖျို . . . .ဖျို'

စာအိတ်ဖြူလေးအား အစိတ်စိတ်အမွှာမွှာ ဆွဲဆုပ်ပစ်လိုက်မိသည်။

ကြမ်းပြင်မှ စာရွက်အပိုင်းအစလေးများလိုပင် သူနလုံးသားသည်လည်း တစ်စစီများ ကွဲကြေသွားကြလေပြီလားမဆိုသာ။

'တောက်'

'ရက်စက်တယ်ကွာ၊ ငါ သူ့ကိုတွေ့ချင်မှန်း သိသိကြီးနဲ့'

'အေး မင်းတွေ့ချင်နေမှန်း သိနေလို့သာ ကြိုပြီး





သူက အလုပ်ထွက်လိုက်တာပေါ့၊ သေချာတယ်ဟော့ကောင်၊ မဥ္ဇူဟာ မင်းကို ပိုင်းလုံးမ လုပ်ချင်လို့ကို ချစ်ဟန်ဆောင်သွားတာပါ'

ဝင်းနိုင်စကားက ထိမိတိကျမှုတွေနှင့်မို့ မင်းခန့် ချေချက်နိုင်ဖို့ အင်အားမဲ့ခဲ့ရသည်။

အမေဖြစ်သူက သိမ့် ထံမှကွာရှင်းမှု မရသေးသည့်အတွက် အိမ်သို့မလာရန်ကို ပြောဆိုလိုက်သည်။ ဒီအတွက်ဖြစ်လာသော ရင်နာစရာက ခု သူ ကုမ္ပဏီကို ရောက်ပြန်တော့ သမီးဖြစ်တဲ့ မဥ္ဇူက သူနှင့်မတွေ့ဆုံနိုင်အောင် အလုပ်ထွက်သွားပြီဆိုတော့ ရိုးသားမှုမရှိတာ သေချာနေပြီ။

ဝင်းနိုင်၏ ဆွဲချက်တင်မှုတွေကို မဥ္ဇူအတွက် ကြားသူချေဖျက်နေချင်မိသည်။

ဒီအတွက် မဥ္ဇူနှင့် နှစ်ကိုယ်တူတွေ့ဆုံဖို့တော့ လိုအပ်နပြီ။ သို့သော် သူမနှင့်မည်သို့တွေ့ရမည်နည်း။ သူမက

ကော သူ့အားအချစ်စစ်နှင့် ချစ်ခဲ့ရိုးမှန်ခဲ့လျှင် တွေ့ဆုံခွင့်လေးတော့ ရဦးမည်သာပေါ့။

ပရိသတ်များရဲ့ ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် . . .။

ရှိုင်းစာပေ၊အမှတ်(၁၆)၊လမ္မတော်လမ်း၊ သန်လျင်မြို့။

ဖုန်း ၀၉၅၀၄၀၆၄၆





## အခန်း (၁၈)

သူ့ရင်ထဲက အပျော်ဆုံးနေ့တစ်နေ့ကို ရောက်ခဲ့ပြီဟုဆိုရပေမည်။

ကုမ္ပဏီရှယ်ယာဝင် ဦးမင်းမောင်၏ မွေးနေ့ညစာစားပွဲကို မင်းခန့်ရောက်ခဲ့၏။

'ဟာ ကိုမင်းခန့် နောက်ကျလိုက်တာဗျာ၊ ခင်ဗျားရဲ့ဘပည့်ကျော် မန်နေဂျာကြီးတွေရော'

'ဝင်းနိုင်တို့လား၊ လက်ကျန်စာရင်းတွေ ပိတ်နေကြ

လို့ လာတော့လာကြမှာပါ'

'မလာလို့ ဘယ်ဖြစ်မလဲ၊ လာကိုလာရမှာ၊ လာ

ကိုမင်းခန့် အပျော့လား၊ အပြင်းလား'

'ဘီယာ အပျော့စားလေးပဲ လုပ်ဗျာ'

'အိုကေ ရမယ် ရမယ်'

'ဟော့ ဒီဝိုင်းကို ရှယ် ပြပြင်ပေးလိုက်ဟော့၊ ခဏချင်း

စားပွဲပေါ်မှာ ဘီယာပျော့နှင့်အမြည်းစုံလင်စွာ ရောက်လာ

၏။

'ကဲ ကိုမင်းခန့် အားမနာနဲ့ဗျာ၊ အလိုရှိသလောက်

ပေါ့၊ ကျွန်တော် ဟိုဘက်ဝိုင်း သွား ညှော်ခဲလိုက်ဦးမယ်နော်'

'ဟုတ်ကဲ့ ဦးမင်းမောင် သွားပါ သွားပါ'

ဦးမင်းမောင် တခြားဝိုင်းထွက်သွားတာနှင့် ငြီးငြူနေ

သမျှ စိတ်အစဉ်ကို ဘီယာသုံးလေးခွက်နှင့် မျှောချလိုက်

တော့ ရီဝေဝေဖြစ်သွားလျှက် သက်သာသလိုတော့ ဖြစ်





သွား၏။

ရောင်စုံမီးပွင့်များထွန်းထားသော တခြားဝိုင်းများသို့

အကြည့်ရွှေ့မိခိုက် . . .။

'ဟင် မ . . .မဥ္ဇူ'

ဟုတ်ပါ၏။ သူ့ရင်ထဲက လမင်းလေး။ ဒါပေမယ့်

တစ်စင်းထဲတော့ မဟုတ်။ ဘေးမှာအမျိုးသားတစ်ဦးပါ

နေသည်။

အမျိုးသားက မဥ္ဇူပုခုံးအား ဖက်တွယ်ကာ ရယ်လို့

မောလို့ မင်းခန့်ကိုတော့ သူမ တွေ့မည်မထင်ချေ။

ရင်မှာ ခဏချင်း ဗလောင်ဆူလို့သွား၏။

သူမထံ သူ သွားသင့်မသွားသင့်စဉ်းစား၏။ နောက်

ဆုံးတော့ ပေးလာတဲ့အခွင့်အရေးအရ သူမနှင့် သွားတွေ့

သင့်သည်ဟု ဆုံးဖြတ်ချက်နှင့်အတူ သူမတို့ စားပွဲဆီသို့

လှမ်းခဲ့လိုက်သည်။

'မဉ္ဇူ'

'ဟင် ရှင် . . .ရှင်'

အနားသို့သွားပြီး သူမအားခေါ်မိတော့ သူမက အသက်မပါတဲ့ မျက်ဝန်းများနှင့်ကြည့်ကာ အံ့အားသင့်နေ၏။

သူမ၊ အံ့အားသင့်မှုကို ဂရုမပြုအား၊ ရင်ထဲမှဆန္ဒအတိုင်း ပြောလိုက်မိသည်။

'မဉ္ဇူ ကိုကို မဉ္ဇူနဲ့ ခဏလောက် စကားပြောပါရစေ ပြောခွင့်ပေးပါလား မဉ္ဇူ'

အချစ်ဆိုတဲ့ စွမ်းအားများဖြင့် ကိုယ့်လုပ်ရပ်က သူစိမ်းယောကျ်ားသားတစ်ယောက် အရှေ့မှာ မည်မျှပင် သိက္ခာမဲ့သွားပါသည်ဆိုဆို ဒီသိက္ခာတွေကိုမှ မင်းခန့် စောင့်စည်းမနေချင်တော့ချေ။

သူ အခွင့်အရေးရပြီထင်၏။





မဉ္ဇူ ဘာမျှစကားမတုန့်ပြန်မိကပင် သူမနံဘေးမှ အမျိုးသားက အလိုက်သိစွာပင် နေရာမှဖယ်ခွာပေးလျှက်က . . .။

'ဩော် မဉ္ဇူရဲ့ မိတ်ဆွေနဲ့တူပါရဲ့၊ ပြော ပြော ရပါတယ်'

သန့်ပြန့်သားနားစွာ ဝတ်စားထားသလို စိတ်ထားလဲ ပြည့်ဝသူဟု မှတ်ချက်ပေးမိပြီး ထိုအမျိုးသားအား မင်းခန့် ပြုံးပြပြီး မဉ္ဇူနံဘေးခုံမှာဝင်ထိုင်လိုက်ကာ . . .။

'ကိုကို့မှာ ဘာအပြစ်ရှိလို့ အဆက်အသွယ်ဖြတ်၊ အလုပ်ကတောင် ထွက်ခဲ့ရတာလဲ မဉ္ဇူ'

'အဟင်း ဩော် ဒါလား၊ ဦးမင်းခန့်ရဲ့ ဒုတိယ မယားငယ် မဖြစ်ချင်လို့ပါတဲ့ရှင်'

'ဘယ်လို မယားငယ်မဖြစ်ချင်လို့၊ ဟုတ်လား မဉ္ဇူ'

သူမက ခနဲ့အပြုံးတစ်ပွင့်နဲ့ ခေါင်းညိတ်ပြ၏။

အပြုံးထဲမှာ အဓိပ္ပာယ်များစွာဆောင်နေမယ်လို့ ဂရု မပြုထားခဲ့။

'ကိုကို မဥ္ဇူကို နေခြည်သိမ့်နဲ့ ပတ်သက်သမျှ အကုန် အစင်ပြောထားခဲ့တာပဲကွာ၊ ကိုကို အမှန်တကယ် ချစ်ခဲ့ခ သူဟာ မဥ္ဇူပါ'

သူမ ပြုံးပြန်သည်။ ဒီအပြုံးတွေဟာ ယခင်ချစ်သူ ဘဝက အပြုံးများလိုပင် အသက်မပါခဲ့။

'ရှင် ရှင်းပြတာတွေ မဥ္ဇူ သဘောပေါက်ပါတယ် ကိုမင်းခန့် ဒါပေမယ့် နေခြည်သိမ့်နဲ့ရှင်ဟာ နှစ်ဖက်မိဘ တွေ သဘောတူညီမှုနဲ့ လက်ထပ်ခဲ့တဲ့ အကြင်လင်မယား တွေပါ၊ ရှင် နေခြည်သိမ့်ကို မပေါင်းဘဲ မဥ္ဇူနဲ့ လက်ထ မယ်ဆို မဥ္ဇူ မတရားဘူးလေ'

'ဟာကွာ ဘာဆိုင်လို့လဲ၊ ကိုကို နေခြည်သိမ့်နဲ့ ပြ စဲထားတာပဲကွာ၊ ကိုကို မဥ္ဇူကိုလက်ထပ်မှာပါ'





'ဟင့်အင်း ဒါ ရှင် ဖွတ်ပြောနေတာ'

'မဖြစ်နိုင်ဘူးဆိုတာကိုလဲ မဥ္ဇူ သိနေတယ်'

'ဘာလို့များ မဖြစ်နိုင်ရမှာလဲ မဥ္ဇူ ကိုကို့ရဲ့ အချစ်ကို မယုံလို့လား၊ ကိုကို ဘာနဲ့သက်သေပြရမလဲ'

'အဟင်း သက်သေမလိုပါဘူးလေ၊ ရှင် မဥ္ဇူကို လက်ထပ်လိုက်တာနဲ့ ရှင်ဟာ နှစ်ဘက်အသိုင်းအဝိုင်းရဲ့ ရှုံ့ပစ်ခြင်းကို ခံရတော့မယ်လေ၊ ဒါဆိုရင် ရှင်အခုလုပ်နေ တဲ့ ကုမ္ပဏီနဲ့ရှယ်ယာတွေကို သူတို့ပြန်သိမ်းလိုက်ကြ မှာပေါ့'

ချစ်ဇနီးမယားတစ်ယောက်ကိုသော်မျှ လုပ်မကျွေးနိုင် တော့လောက်အောင် မဥ္ဇူ သူ့အစွမ်းအစအား အထင်သေး နေတော့ အခံရခက်လှသည်။

'သိမ်းတော့ကော ဘာဖြစ်လဲ မဥ္ဇူ သူတို့လောင်းရိပ် အောက်က လွတ်တာနဲ့ ကိုကိုက မဥ္ဇူကို လုပ်မကျွေးနိုင်

တော့ဘူးလို့ ထင်လို့လား'

'အဟင်း မဥ္စူ တဲအိုပျက်မှာနေပြီး ထမင်းရည်တော့ ယပ်ခပ်မသောက်ချင်ဘူး ကိုမင်းခန့်'

'ဘာ မဥ္စူ'

မဥ္စူ စကားကြောင့် အတော်ပင် တုန်လှုပ်ခြောက်ခြား သွားခဲ့ရသည်။

သူမရဲ့ လှပတဲ့ နှုတ်ဖျားများက မင်းခန့် လုံးဝ မထင် မှတ်ထားသော စကားများကိုမှ ဖွင့်ဆိုလာခဲ့၏။

'ဟော ကိုညီ ပြန်လာပြီ၊ မဥ္စူကို ခွင့်ပြုပါဦးနော် ကိုမင်းခန့်'

တားမြစ်နိုင်တဲ့အင်အား ယုတ်လျော့လျှက် လက်ချ ချိတ်ကာ ထွက်သွားတဲ့ မဥ္စူနှင့်အမျိုးသားတို့အား တွေ ငေးကြည့်ရင်း ကျန်ခဲ့ရ၏။

အံသွားတို့ ကျိုးကြေလုမတတ်ကိုက်ကာ၊ လက်





ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

ခန္ဓာကိုယ်က ပီဘီကျောက်ရုပ်တစ်ရုပ်နှယ်။

သူ့ဖြစ်အင်အား မဥ္စူကတော့ သိနိုင်လိမ့်မည် မထင်။

ဆုံးရှုံးမှုတစ်ခုသည် သူ့ရင်ထဲ၌ ပြည့်သိပ်လေးလံ လွန်းနေခဲ့ပါသည်။

အဆုံးစွန်သော ခါးသီးနာကျင်မှုမှသည် အခါမလပ် မြည်ဟီးနေသော သူ့ရင်တွင်းတုန်ခါမှုများမှာ သူ့နှလုံးသား နံရံများဆီသို့ အကြိမ်များစွာ ရိုက်ခတ်ချေမွလျှက် ကြေကွဲ လွင့်စင်ကုန်ကြပြီထင်ပါ၏။

မင်းခန့် အတွက် အကြီးမားဆုံး ရလာဒ်တစ်ခုမှာ တား မဥ္စူသည် သူ့အား ဓနဂုဏ်အင်အားကြောင့် မြူစွယ် ချင်ကြိုက်ခဲ့ခြင်းဆိုတာပဲ ဖြစ်သည်။

ဒီအတွက် နှလုံးသားကား နောင်တတို့ဖြင့် ပြည့်မဆုံး တော့ချေ။

## အခန်း (၁၉)

အချစ်ကို ရှာတွေ့ခဲ့ရိုးမှန်ခဲ့ပေမယ့်လည်း ကိုယ်က လက်ခံရရှိသော အချစ်မှာ အချစ်တုမျှသာဖြစ်နေခဲ့ချေပြီ။

ဒီအတွက် မင်းခနဲ့ ကိုယ့်ကိုကိုယ်လည်း နာကျင်ခံပြင်းဒေါသထွက်မိ၏။





အပေါင်းအသင်းများ ရှေ့မှောက်မှာတင် သူမအား အထင်တကြီး မြတ်နိုးချစ်ခဲ့သမျှ ဟောဒိုင်းချလိုပေါက်ကွဲမိတဲ့အထိ။

'တောက် သိပ်ခံပြင်းဘိုကောင်းတယ်၊ သူ ဒီလောက် ငွေဂုဏ်မက်လိမ့်မယ်လို့ ငါ မထင်မိဘူး၊ သူ့ကို လျှော့ပြီး တွက်မိတာကိုက ငါ့ အမှားပါကွာ'

ရင်ထုမနာပြောမိတော့ သူငယ်ချင်းတွေပြုံး၏။

'မင်းက ဖွတ်ကြီးထွက်လာမှ တောင်ပို့ မှန်းသိတော့ ဘာကိုးကွ၊ တို့ မပြောဘူးလား၊ မညူဟာ ပိုင်းလုံးမပါလို့ မင်းကို သူရလိုက်တာနဲ့ မင်းနောက်မှာ ဘာမှမပါလာတော့ ဘူးဆိုတာ သူက ကြိုတွက်ပြီးသားလေကွာ'

'ကျွတ် ငါ ယောက်ျားပါကွ၊ သူ ထမင်းနပ်မှန်အောင် တော့ ရှာကျွေးနိုင်ပါသေးတယ်'

'အို အိုး မညူ ဆီမှာ သူ့အမေသွေးက အပြည့်နေရာယူ

ထားပြီကောကွ၊ ဒီထမင်းနပ်မှန်ယုံလောက် အဆင့်နဲ့သူ ဘယ်ကျေနပ်ပါ့မလဲ၊ အနည်းဆုံးကားထည်လဲ စီးချင်တာ ပေါ့၊ ဒါ ဖေဒင်လို လေဟောနေတာမဟုတ်ဘူးနော်၊ မင်း လက်တွေ့ပါ'

'ကောင်းတယ်ကွာ၊ ငါတော့ခုလိုဖြစ်လာတဲ့ ကံကြမ္မာ ကို ကျေးဇူးတောင်တင်ချင်သေး'

သောင်းအေးက  အောင်နိုင်သူအပြုံးနဲ့ပြောတော့ မင်းခန့် အလန့်တကြားမော့ကြည့်ရင်း . . .။

'ဟေ ဘာဖြစ်လို့ ကောင်းရတာလဲ'

'ဟဲ ဟဲ ကောင်းမှကောင်း'

'ကောင်းတယ်ကွာ၊ ငါတော့ကျေနပ်တယ်၊ ဘာလို့ လဲဆိုတော့ ဒီပြဿနာဖြစ်လာခြင်းအားဖြင့် နေခြည်သိမ့် အတွက် အခွင့်အရေးတစ်ခု ရသွားလိမ့်မယ်လို့ ငါတော့ မျှော်လင့်တယ်ထင်တယ်'





'ဟော'

သောင်းအေးစကားကို ကြားမိတော့မှ တစ်ချိန်က နီးချော သိမ့်ရဲ့မျက်နှာကို ဖျက်ကနဲမြင်ယောင်လိုက်မိ သည်။

ပေးဆပ်ခြင်းများစွာနှင့် အလိုလိုက်အကြိုက်ဆောင် ခင်ကြင်နာခဲ့လေသော ဖနီးချော သိမ့်ပါ။

'ဒီမယ် မင်းခန့်၊ တစ်ခါက မင်းကို ငါပြောခဲ့တဲ့စကား း မှတ်မိဦးမလား မသိဘူး'

'ဘာစကားလဲ သောင်းအေး'

တုန်လှုပ်သောရင်နှင့် မင်းခန့် ပြန်မေးမိသည်။

'အေး ပြောမယ်၊ အဲဒါ ဖန်ခါးသီးကွ၊ ဖန်ခါးသီး ်ထားစမ်း'

'ဘာ ဖန်ခါးသီး ဖန်ခါးသီးက ဘာဖြစ်လဲ'

စိတ်မရှည်စွာ မင်းခန့် ပြန်မေးတော့ သောင်းအေး

ပြုံးရင်းမှ . . .။

'မင်း မေ့နေလို့ပါကွာ၊ ဖန်ခါးသီးဆိုတာ စားလိုက်

တာနဲ့အဖန်ဓာတ်ကတက်လာပြီး အခါးဓာတ်သက်သ

လေးနဲ့ နောက်ဆုံးကျမှ ချိုမြမြလေး ဖြစ်လာတာကွ'

'အေး ခုလဲ ဒီလိုဘဲ မင်းအဖြစ်က ဖန်ပြီးခါးနေ

အချစ်က ကုန်သွားပြီ၊ အခု အချိုဓာတ်လာမယ့်အချိန်

ရောက်နေပြီကွ သိရဲ့လား'

မင်းခန့် သောင်းအေး၏ ဥပမာကို တွေဝေမိနေ

ဝင်းနိုင်က အဖြေစကားကို တင်ပြချေ၏။

'တောက် ကောင်းလိုက်တဲ့ ဥပမာကွာ၊ ကဲ မင်း

မင်းနဲ့နေခြည်သိမ့်ဟာ ဒီအချိန်မှာ အချိုမြိန်ဆုံး အချိန်

နေရတော့မှာပါကွာ၊ နားလည်းဖို့တော့ကောင်းပြီ'

မင်းခန့်အတွက် သူငယ်ချင်းများ တိုက်တွန်းမှု

ဝေခွဲရခက်နေမိသည်။ ဖြစ်နိုင်ပါဦးမည်လား ဆန်းစစ်မိ





နှလုံးသားတွင် ဒဏ်ရာဒဏ်ချက်များစွာနှင့် သူသည်

နေခြည်သိမ့်အား ချစ်နိုင်ဖို့ အသည်းနှလုံးက ရှင်သန်နိုင်ပါ

ဦးမည်လားဟု တွေးနေမိသည်။

သို့သော် နေခြည်သိမ့်က ဘယ်ဆီရောက်လို့ ဘယ်

ပေါက်နေပြီမသိချေ။

ဟိုး မိုးအထက်ဝေဟင် အာကာပြင်ဆီမှ အပ်တစ်

င်းနှင့် မဟာပထဝီမြေပြင်ဆီမှ ပစ်လွှတ်သော အပ်တစ်စင်း

တို့ အဖျားချင်းထိမိတိုက်ဆုံချင်ဆုံကြပါဦးမည်။

သူနှင့်သိမ့်တို့၏ ဆုံဆည်းပြန်တွေ့ခွင့်ဆိုတာ ဘယ်

ဆိုမှမဖြစ်နိုင်တဲ့ အရာတစ်ခုပင်။

အကယ်၍များဆုံပင်ဆုံခဲ့ဦးတော့ သိမ့် အပေါ်ရက်

စက်စိမ်းကား ကြင်နာဟန်မျှမပြခဲ့သော သူ့အား သိမ့်က

ခွင့်လွှတ်ထားနိုင်ဦးမှာတဲ့လားကွယ် . .

# အခန်း (၂၀)

'မင်း ငါ့ကိုချစ်ရင် ကွာရှင်းပေးပါလား'

ဆိုတဲ့ မောင့်ရဲ့စကားလေးတစ်လုံးကြောင့် သူမဟာ မောင်နဲ့ဝေးရာကို ထွက်လာခဲ့မိသည်။

ဒါဟာလည်း မောင့်အပေါ် သူမ သိပ်ပြီးချစ်ခဲ့တယ် ဆိုတာ မောင်သိစေချင်လို့ပါပဲ။





မောင်နဲ့ ဆန့်ကျင်ရာကျောခိုင်းပြီး ထွက်လာခဲ့ရပေမယ့်လို့ သူမရဲ့ဖြူစင်တဲ့ နှလုံးသားကတော့ မောင့်အပါးမှာ ထာဝရထားရစ်ခဲ့တာပါ။

မောင် ပျော်နေတာကို မြင်ချင်၏။

မောင့်အား ထာဝရ စွန့်လွှတ်ရတော့မှာကို တွေးမိခဲ့ပေမယ့်လို့ မောင် သူမအား စောင်းငဲ့လို့ကြည့်လာမယ့် တစ်ချိန်လေးကိုတော့ ဖိုလိုက်တဲ့ရင်အစုံနဲ့ သူမ မျှော်လင့်စောင့်စားနေခဲ့မိသည်။

ဒါဟာ သူမအတွက်တော့ အဆုံးစွန်သော မမျှော်လင့်ရဲခဲ့တဲ့ မျှော်လင့်ခြင်းလေးဆိုလည်း မမှားဘူးပေါ့ . .။

ဒီမျှော်လင့်ချက်လေးကြောင့်ပဲ သူမ ဘယ်သွားတယ် ဘယ်လာတယ်ဆိုတာကိုတော့ မောင့်ရဲ့ အတိုင်ပင်ခံမန်နေဂျာနှစ်ယောက်ဖြစ်တဲ့ ကိုဝင်းနိုင်နဲ့ ကိုသောင်းအေးကို အသိပေးထားခဲ့သည်။

နောက်တစ်ချက်က မောင့်သတင်းတွေ တိတိကျကျနဲ့ သိနိုင်ဖို့ပေါ့။

ဒါဟာ မောင့်အပေါ်စစ်မှန်စွာ ထားရှိခဲ့တဲ့ သူမရဲ့သံယောဇဉ်တွေပဲ ဖြစ်ပါလိမ့်မည်။

နောက်ဆုံး မောင်နဲ့ မဥ္ဇူ တို့ရဲ့ အဖြစ်ကို သိလိုက်ရတဲ့ အချိန်မှာတော့ သူမရင်ထဲဆောက်တည်ရာမရနိုင်အောင် ဖြစ်ခဲ့ရသည်။

သူမရဲ့ မျှော်လင့်ခြင်းကမ္ဘာလေး ပျက်စီးရတော့မှာပါလားလို့ စိုးတထိတ်ထိတ်နှင့် ဖြစ်ခဲ့သည်။

ထူးခြားတဲ့ မောင့်သတင်းတွေကို ကိုသောင်းအေးတို့ပြောပြတော့ တုန်လှုပ်မိ၏။

'မောင် တကယ်ပဲ မဥ္ဇူခက်နဲ့ လက်ထပ်တော့မှာပေါ့၊ ဟုတ်လား ကိုသောင်းအေး'

လေသံတွေက မူမမှန်ချင်၊ တုန်ခါနေသော သူမ ဘာ





သာသိနေပါ၏။

'ဟုတ်တယ် သိမ့်၊ ဒါပေမယ့် မဥ္ဇူ အဘွားကြီးက သိမ့်ဆီက ကွာရှင်းစာချုပ်ကို ရအောင်ယူခိုင်းထားတယ်၊ ဒီကွာရှင်းစာချုပ်ရမှ သူ့ သမီး မဥ္ဇူနဲ့ လက်ထပ်ပေးနိုင်မှာတဲ့'

'ရှင်'

ရင်ထဲမှာ လှိုင်းခတ်သွား၏။ မောင့်အတွက် သူမဟာ ခုလုတ်ကန့်သင်းတစ်ခုဖြစ်နေခဲ့ပြီလား၊ ဟင့်အင်း သူမဟာ မောင့်အတွက် ပန်းခင်းတဲ့လမ်းလေးပဲ ဖြစ်ချင်ခဲ့ရိုးအမှန်။

'ဒါဆို သိမ့်က မောင်နဲ့ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးရမှာပေါ့နော်'

'ဟုတ်တယ် သိမ့်၊ ဒါပေမယ့် မလိုအပ်သေးပါဘူးလေ'

'ရှင်'

'ဘာလို့လဲဟင်၊ တော်ကြာ မောင် သိမ့် အတွက်နဲ့ စိတ်ဆင်းရဲနေရမှာပေါ့'

'မင်းခန့်ကို နင်ဒီလောက်အထိပဲ ချစ်သလား သိမ့်'

မေးရက်ပါပေ့ ကိုဝင်းနိုင်တို့ရယ်ဟု သိမ့် ပြောလိုက်ချင်ပါသည်။

မောင့်ကို သိမ့် အသက်နှင့်တမျှ ချစ်ခဲ့မိတာပင် . . .။

'မောင်ဟာ သိမ့်ရဲ့ဒုတိယအသက်ပါ ကိုဝင်းနိုင်ရယ်'

'အားပါး မင်းခန့်က နင့်အနားက ထွက်သွားမယ့်ကောင်လေ၊ ဒါဆို နင့်အသက်ဖြစ်ပါဦးမလား'

မောင့်အပေါ် ဘယ်လောက်အထိ ခွင့်လွှတ်နိုင်မလဲ သဘောမျိုးနှင့် ကိုသောင်းအေးမေးတော့ နာကျင်သွားတဲ့ နှလုံးသားကို သူမ မသိကျိုးကျွံပြုရင်းက . . .။

'သိမ့် အနေနဲ့မောင့်အပေါ် ချစ်ခဲ့သမျှဟာ ရယူခြင်း





မှမဟုတ်တာပဲ ကိုသောင်းအေးရယ်၊ ပေးဆပ်ခြင်း၊ ခွင့်လွှတ်ခြင်း၊ စွန့်လွှတ်ခြင်း အချစ်တွေနဲ့ ချစ်ခဲ့တာပါရှင်'

သိမ့်ရယ် နင့်ရဲ့စကားကြားရလေ ပိုပြီးရင်နာရလေပဲဟာ ။

'မင်းခန့်ကလဲ မဥ္ဇူကိုအရူးအမူး၊ မဥ္ဇူကလဲ မာနခဲ သိုက်တူးသမား၊ အခြေအနေကတော့ အတော်တင်းမာနေပြီဟာ'

ကိုသောင်းအေး စကားတွေက သိမ့်နားထဲ နီးသွားလိုက်၊ ဝေးလွင့်သွားလိုက်နှင့်ပါ။

တကယ်တော့ မောင်သည် သိမ့်ရဲ့ဝဋ်တွေလည်မှန်းမသိ လည်နေခဲ့တာပဲဖြစ်သည်။

ဒီအတွက် သိမ့် ဝမ်းမသာခဲ့တာအမှန်ပါ။

ခုတော့ မောင်ဟာ မဥ္ဇူခက်ဆိုသော မိန်းမအတွက်နှင့် စိတ်ဆင်းရဲနေရပြီ။

သိမ့် မောင့်အား အင်မတန်မှ သနားမိ၏။

သို့ပေမယ့် ကံကြမ္မာက သူမဘက် ပြန်များလှည့်လာပြီလားလို့ သိမ့်ခမျာ မတွေးရဲတွေးရဲနှင့် တွေးကြည့်မိပါသည်။

ဒါဖြင့် မောင်ဟာ သူမအား သံယောဇဉ်ရှိနေဦးမှာလားလို့ပေါ့။

မောင့် သူငယ်ချင်းများကိုယ်တိုင် မျှော်လင့်ခြင်းများပေးသွားလေတော့ သိမ့်ရင်တွေ မောင့်အတွက် အတိုင်းမသိခုန်နေခဲ့တော့တာပဲဖြစ်၏။

'သိပ်လဲ စိုးရိမ်မနေပါနဲ့ သိမ့်၊ နင် မင်းခန့်အပေါ်မှာချစ်တဲ့အချစ်ဟာ ဖြူစင်တယ်၊ သန့်ရှင်းတယ်၊ ဒီအတွက်တူညီတဲ့ တန်ပြန်သက်ရောက်မှုတော့ ရှိလာမှာပါ'

'မင်းခန့်ဟာ အချစ်စစ်ကို အနားမှာထားပြီး ရှာမတွေ့ခဲ့တဲ့ကောင်ပဲဟ၊ မကြာခင်ဒီကောင်တွေ့တော့မှာလို့



ထင်တယ်'

'ဒီကောင် မဥ္ဇူကို လက်ထပ်ဖို့ အရေးထက်၊ စိတ်တော့ အတော့်ကို ပျက်နေပြီဟ၊ နင် ကံကောင်းတော့မှာပါ သိမ့်ရာ'

ဖိုလှိုက်နေသော ရင်အစုံနှင့် သိမ့် ဝမ်းသာနေမိသည်။

'မောင့်ကို မျှော်လင့်ခြင်း ရောင်ခြည်လေးတော့ ရှိပါရစေဦးလား မောင်'

မဥ္ဇူ ၏ပုံရိပ်လေးအား တွေးမြင်မိယုံနဲ့တင် ရင်မှာဒေါသတို့က တလိမ့်လိမ့်နှင့်ပါ။

စစ်မှန်သော အချစ်ကိုမှ ဈေးတွက်သဘောတွက်ချက်ခဲ့တဲ့ မိန်းမတစ်ယောက်ကို ယုံကြည်လွဲမှားစွာနှင့် ချစ်ခဲ့မိသော ကိုယ့်ကိုကိုယ်သာ အပြစ်ပေး ဒဏ်ခတ်နေမိတော့သည်။

အချစ်နှင့်နှလုံးသားရေးရာတွင် မိမိဘက်က အရှုံး

တွေနှင့်သာ ရင်ဆိုင်ခဲ့ရခြင်းသည် ဘယ်ဘဝက ဝဋ်ကြွေး ဖြစ်ခဲ့ပါသနည်း။

မိမိတွေ့ခဲ့ရသော အချစ်တို့သည် အတုအယောင်များ ဖြစ်နေသည်ကို သိလိုက်သည့်အခိုက် သိမ့်ရဲ့ ဖြူစင်စစ်မှန်တဲ့ အချစ်များအား တွေးဆလို့ရခဲ့၏။

သိမ့်ရဲ့တန်ဘိုးကို တဖြည်းဖြည်းသိလာခဲ့၏။

သို့သော် အချိန်က နှောင်းခဲ့ချေပြီ။

မင်းခန့် ချစ်ခဲ့မိသော မေနှင်းနှင့် မဥ္ဇူတို့အား ချစ်မိသည်ထင်သော သူ့စိတ်အား တကယ်တမ်း ခွဲခြမ်းစိတ်ဖြာလိုက်တဲ့အခါတွင် အစအနမရှိအောင်ပင် ပျောက်ကွယ်လို့သွား၏။

သို့ပါသော် သိမ့် သူ့အပေါ်ထားရှိသော အချစ်စစ် မေတ္တာမှန်ကိုတော့ သူ ရှာဖွေလို့တွေ့ရှိခဲ့လေသည်။

ထိုမေတ္တာသံယောဇဉ်ကိုပဲ အချစ်စစ်ဟုခေါ်ရတော့





မည်လား။

ထို့ကြောင့် မေတ္တာသံယောဇဉ် အစိတ်အပိုင်းတစ်ခုကို အချစ်ဟုခေါ်သည်ဟု မင်းခန့်အနေနှင့်ကြွေးကြော်လိုက်ချင်ပါတော့၏။

သေချာတာက နေခြည်သိမ့်ဆိုသော ဇနီးဟောင်းလေးအား သူမသိစိတ်ထဲမှာရော၊ သိစိတ်ထဲမှာပါ ချစ်နေမိပြီဆိုတာပင် . . .။

အင့်ခံသံယောဇဉ်လေးက ခေါင်းထောင်လာခဲ့ပြီ။ သိမ့်အား တွေ့မြင်ချင်သည့်ဆန္ဒက အတိုင်းအဆမရှိတော့ပြီ၊

သိမ့်အားတွေ့နိုင်မယ့် နေရာအနံ့ကို ရှာကြည့်မိသည်။

ထူးခြားမှုက ရှိမလာ။

ရင်မှာ စိုးထိတ်လာမိ၏။

‘ဘယ်များရောက်လို့နေပြီလဲကွယ်’

မတွေ့လေမှ ပိုပြီးတမ်းတလာ၏။

မမြင်ကာမှ ပိုလို့မက်မောလာ၏။

မလွမ်းနိုင်ကာမှ ပိုလို့နမ်းချင်လာမိသည်။

နှလုံးသားမှာ တိုင်တည်ပြီးချစ်ပါရစေလား အချစ်ဆုံးရယ်။

သံသရာမဆုံးသေး၍ မှန်းမေ့လို့ပြေးပါနဲ့တော့လားကွယ် ။

ခါတိုင်းနှင့်မတူ တမူထူးခြားနေတဲ့ သူငယ်ချင်းနှင့်ယောက် စကားတွေဖောင်ဖွဲ့လို့ အတောမသတ်တာ၊ ဒီနေ့မှ ဘာကြောင့်မှန်း မင်းခန့် မှန်းမရအောင်ဖြစ်နေခဲ့သည်၊

‘ဒီမှာ မင်းခန့်၊ မင်း သိမ့်ကို ချစ်နေမိပြီဆိုတာ တကယ်များ ပြောတာလားကွာ’

‘ဟကောင် ဒါနောက်နေစရာမှ မဟုတ်တာကွ၊ ငါ





အတည်အတန့်ကိုပြောတာ၊ သိမ့်ကို ငါသိပ်ချစ်တယ်’

‘အင်း ခုမှပဲ ချိုမြမြလေး အချိန်ရောက်ခဲ့တယ်၊ သိမ့်အတွက်တော့ ဝမ်းသာစရာပေါ့ကွာ၊ ဒါပေမယ့် သိမ့်က ဘယ်ရောက်နေမှန်း မသိတာခက်တာပဲကွ’

မျှော်လင့်ထားမိသမျှ ပျောက်ဖျက်ပျက်စီးရတော့လေမလားရင်မှာစိုးထိတ်မိသည်။

‘ဟာကွာ ဒါကြောင့် မင်းတို့ကိုပါ အကူအညီ ငါတောင်းနေတာပေါ့’

‘ဟ နေပါဦးမင်းခန့် သိမ့် မိတ်ဆွေ သူငယ်ချင်းတွေအိမ်ကော မင်းရောက်ပြီးပြီလား’

‘အေး အကုန်ရောက်တယ်၊ သိမ့် မလာဘူးတဲ့ကွာ’

အင်အားမဲ့စွာပြောမိ၏။

‘အင်း အားတော့မလျှော့နဲ့ကွာ၊ ပုန်းသူလွယ်၊ ရှာသူခက်တဲ့၊ ရှာတဲ့သူခက်တာ သဘာဝပဲ၊ မကြာခင်တော့

မင်းဆီ သိမ့် ရောက်လာမှာပါ'

သောင်းအေး အားပေးစကားက မင်းခန့် အတွက် ဝမ်းသာစရာဖြစ်မလာခဲ့။

သိမ့် အပေါ်ဆက်ဆံမိတဲ့ အပြုအမူများအားလုံး သူ ကြီးမားစွာဖြင့် နောက်တရနေမိသည်ပဲ။

'ငါ့ကိုသိမ့် တော်တော်နာကျဉ်းသွားပါပြီ၊ ငါ့ဆီ သိမ့် ရောက်လာမယ်ဆိုတာ ငါ ဘယ်လိုမှမတွေးရဲ၊ မမျှော်လင့်ရဲ ဘူးကွာ'

မျှော်လင့်ခြင်းမဲ့ပြောဖြစ်၏။

'ကျွတ် ဒီလိုလဲ ဘယ်ဟုတ်မလဲကွာ၊ အချစ်ဆိုတာ ဆွဲငင်အား အင်မတန်ကြီးမားတဲ့အရာကွ၊ မင်းရဲ့ အချစ်စွမ်း အင် ကြီးမားရင် သိမ့် မင်းဆီကိုဆိုက်ဆိုက်မြိုက်မြိုက်ကို ရောက်လာလိမ့်မယ်ဆိုတာ တို့ ပြောရဲတယ်'

'မင်းပြောသလိုဖြစ်ပါစေလို့ ငါဆုတောင်းပါတယ်



သောင်းအေးရာ'

သူတို့ပြောသလို ဖြစ်ခဲ့ပါမူ ဘယ်လောက်များ ကောင်းလိုက်ပါ့မလဲလေ။

'မင်း ဆုတောင်းပြည့်ပါစေရမှာပေါ့ကွာ၊ သိမ့်ဟာ မင်းအပေါ်မှာ အဲဒီလောက်အထိ ဥပေက္ခာမပြုရက်ဘူးဆို တာ ငါတို့သိထားတာပဲကွ'

'သိမ့်ဟာ မင်းအပေါ်မှာ အမုန်းဆိုတာမရှိဘူး'

'အချစ်စစ်စစ်နဲ့ ဆက်ဆံတာ၊ မေတ္တာနဲ့ ထွေးပိုက် ထားတာ၊ သံယောဇဉ်နဲ့ နှောင်တည်းထားတာ၊ ကရုဏာနဲ့ ကြင်နာနေတာပါကွာ'

'ဒါကြောင့် သိမ့်ရင်ထဲမှာ အမုန်းအစား အချစ်ပဲရှိနေ မှာပါ၊ မင်း မျှော်လင့်ချက်မမဲ့ပါဘူး မင်းခန့်'

သိမ့်အား စွန့်ခဲ့မိတဲ့ နောင်တတွေက တဖွားဖွားနှင့် ဖြစ်နေ၏။

'ငါ သိမ့် . . . သိမ့်ကိုအရမ်းလွမ်းနေပြီကွာ'

'သေချာလို့လား မင်းခန့်'

သောင်းအေးရော ဝင်းနိုင်ပါ ပြုံင်တူလိုမေးလာတော့ ရင်ထဲမှာပိုပြီးပင် အကြင်နာပိုသွားမိသလို . . .။

'ငါ ရင်နဲ့အမျှတိုင်တည်ပြောဝံ့ပါတယ်ကွာ၊ တကယ်ကို လွမ်းလှပါပြီ၊ ငါ စိမ်းကားမိခဲ့တာတွေကို ပြန်သတိရမိလေလေ သိမ့်ကို ပိုသတိရလေလေနဲ့ နှလုံးသားတွေတောင်ကျွမ်းလုနေပါပြီ'

မညာဝံ့သော ရင်ထဲကဖြစ်တည်လာမှုကို ပြောပြတော့ နှစ်ယောက်စလုံးပြုံးနေကြသည်။

'ကဲ ဟော့ ကြားတော်မူတဲ့အတိုင်းပဲ၊ တို့ရဲ့အလွမ်းသမားလေးက လွမ်းလှပါပြီတဲ့၊ သနားစရာပါ၊ သိမ့် ရာ နင်ကုစားမှပျောက်တော့မှာ'

ဝင်းနိုင် အသံညြညြကြီးက အစပိုင်းမှာတော့ ဘာကို





ရည်ညွှန်းနေမှန်း မင်းခန့် လုံးဝမသိချေ။ နောက်ဆုံးမှ သိမ့်

'ဟင် သိမ့်အမည်လေးပါလာသဖြင့် ဝမ်းသာသွားမိသည်။

ပုဏ္ဏားကွယ်မှထွက်လာသူလေးက ချစ်ရသော သိမ့်လေးပဲဖြစ်၏။

'ဟင် သိမ့်'

'မောင် မောင် သိမ့်ကို မမုန်းဘူးနော်'

'မုန်းဖော်ရက်ဘူးဆို သိမ့် ယုံမှာလား'

'အင်း ယုံမှာပေါ့ မောင်'

သိမ့် ခန္ဓာကိုယ်လေးအား ဖက်တွယ်လျှက်မမြင်မတွေ့ရတာ ကြာပြီဖြစ်တဲ့ သိမ့်ရဲ့မျက်နှာလေးပေါ်သို့ အနမ်းပွင့်လေးတွေ ခြွေမိခိုက် . . .။

'ဟော့ ဟော့ ငါတို့ရှိသေးတယ်လေကွာ'

'ရှိရှိကွာ မင်းတို့ကိုရှက်နေရင် သိမ့်က ငါ့ရင်ထဲက

ပြန်ပြေးထွက်သွားမှာကွ'

'ကဲ အမောင်တို့ကပဲ အလိုက်တသိရှောင်ပေးပါမယ် နော်၊ ဒါမှ ဖန်ခါးသီး အချစ်ချိုချို အရသာကို မင်းခံစားရ ရမှာ'

သောင်းအေးတို့ အပြင်ရောက်သွားမှ သိမ့် မောင့်ရဲ့ မျက်နှာကိုမော့ကြည့်ရင်း . . .။

'မောင် သူတို့ပြောသွားတဲ့ ဖန်ခါးသီးအချစ်ဆိုတာ ဘာလဲဟင်'

သိမ့်က ချစ်စဖွယ်လေးမေးနေရှာတော့ မင်းခန့် ရှင်းပြရတော့၏။

'အင်း စားဖူးတာပေါ့မောင်၊ ပထမစားပြီး ဖန်တန် တန်လေး၊ နောက် ခါးသက်သက်နဲ့ နောက်ဆုံးချိုချိုလေး ဖြစ်သွားတာလေ၊ ဟုတ်လားမောင်'

'ဟုတ်တယ် သိမ့်၊ မောင့်အချစ်ဟာလဲ ဒီလိုပဲဖြစ်ခဲ့





တာလေ၊ ပထမအချစ်ဖန်ဖန်နဲ့တွေ့တယ်၊ နောက် အချစ်ခါး သက်သက်ကြီးနဲ့ တွေ့ပြန်တယ်၊ ဟော ခုတော့ မောင့်ဇနီး ချော သိမ့်လေးနဲ့ပြန်တွေ့မှ အချစ်ချိုချိုအရသာလေး ခံစားရ တော့တာပေါ့ကွာ'

'ရှင် မောင် တကယ်ပြောတာလား'

'တကယ်ပေါ့ သိမ့် အချစ်ဆုံးရယ်'

သိမ့် တစ်ယောက် အချစ်ဆုံးသော မောင့်အနမ်းပွင့် များကို ခံယူရင်း အချစ်ချိုချိုအကြောင်း စဉ်းစားရင်း ရင်ဖိုနေ ပါတော့၏ . . .။

ကြည်နူးမှုများစွာဖြင့် အချစ်ချိုချို လေးများကို ခံစားနိုင်ပါစေလို့ ဆုတောင်းရင်းဖြင့် . . .။

ရင်ခုန်သံမရပ်သရွေ့ အမြဲကြိုးစားနေမယ့်

**ခင်ခင်မြတ်နိုး**

ပရိသတ်များရဲ့ ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် . . .။

ရှိုင်းစာပေ၊အမှတ်(၁၆)၊လမ္ဘတော်လမ်း၊ သန်လျင်မြို့၊

ဖုန်း။ ၀၉၅၀၄၀၆၄၆